SHALOM MAGAZINE

# ရှာလုံ မဂ္ဂဇင်း

# NOW IS THE ACCEPTABLE TIME.

( 2 CORINTHIANS 6:2 )



# ရင်ဖွင့်စကား

လူသားများ ဆာငတ်နေသည်မှာ "မေတ္တာတရား"၊ "မေတ္တာတရား" ၏အကျိုးဆက်မှာ "သာယာလှပငြိမ်းချမ်းသောကမ္ဘာကြီး" ဖြစ်၏။

ငြိမ်းချမ်းရေးအတွက် လူသားထုတစ်ရပ်လုံး အားကြိုးမာန်တက်လုပ်ဆောင်နေချိန် ရှာလုမ်မဂ္ဂဇင်းသည်လည်း တစ်ထောင့်တစ်နေရာမှ ကျေးဇူးတော်ကြောင့် ပါဝင်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါသည်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာပြန့်ပွားရန် ရှာလုမ် သည် စာပေအားဖြင့် အမှုတော်ဆောင်နေသည်ဟု ယုံကြည်ပါသည်။ ကျေးဇူးတော်ကြောင့်သာ ရှာလုမ်မဂ္ဂဇင်း အသက်ဝင်လာသကဲ့သို့ ကောင်းချီးမင်္ဂလာများကြောင့်သာလျှင် ထုတ်ဝေနိုင်ခဲ့ပါပြီ။ တစ်နည်း Shalom ငှက်ငယ်သည် ငြိမ်းချမ်းရေးမေတ္တာတရားကို ဖြန့်ဝေနိုင်ရန် သက်ဝင်လှုပ်ရှားခဲ့ပြီ။

မေတ္တာတရားအားဖြင့် လောကကမ္ဘာကြီးတည်ဆောက်ဖို့ရန် ယခုပင် စတင်ဆောင်ရွက်ကြပါစို့ . . . ။

ရှာလုမ်၏ငြိမ်းချမ်းမှုဖြင့်

**စာရစ်ချက်ဂရယ်ဂရီဝေမူး**

တ ၁ ဝ န် ခံ စ ၁ တ ည်း

# Shalom Magazine

| | |
|---|---|
| နာယက | - ဘုန်းတော်ကြီး မာကုစောမောင်ဒို |
| အကြံပေးနှင့်စာမူစိစစ်ရေး | - ဘုန်းတော်ကြီး ရယ်ဂျိနယ် ဘက်နက် |
| သဘာပတိ | - နန့်စခိုင်းနှင်းနှင်းအေး (စတုတ္ထနှစ်) |
| တာဝန်ခံစာတည်း | - စောရစ်ချက်ဂရယ်ဂရီဝေမူး (စတုတ္ထနှစ်) |
| တွဲဖက်စာတည်းမှူးများ | - နော်မြတ်ဆုမွန် (စတုတ္ထနှစ်)<br>ယောနနော်ဂျာ (ဒုတိယနှစ်)<br>နော်လွင်သီတာမြင့် (ဒုတိယနှစ်) |
| စာတည်းအဖွဲ့ဝင်များ | - ပေါလ်ကညောထူး (ကဗျာ)<br>ပေါလ်ဆင်ဝါးနော် (ဆောင်းပါး)<br>မ စီ ဂျာဆန် (ဝတ္ထု)<br>စောပန်းရွှေ (ဟာသ၊ ကာတွန်း)<br>နန့်မြတ်ဆုလင်း (အင်တာဗျူး) |
| ဖြန့်ချိရေးအဖွဲ့ | - ဒေးဗစ်လော့ဒ်အောင် (မြစ်ကြီးနား)<br>မိုးဇက်ကစိုထော (တောင်ငူ)<br>ဗယ်ာမိန် (စစ်တွေ)<br>စောခရစ်စတိုဖာကျော်ဒိုမူး (ဘားအံ)<br>စရဲထွဋ်အောင် (ရန်ကုန်)<br>ဂျိမ်းစ်ဟိန်းလတ်ရာဇာ (မန္တလေး)<br>- စောဒေါ်နေထူး (ဖြန့်ချိရေးမှူး) |
| ရှာလုမ်ဘဏ္ဍာထိန်း | - ဆိုင်းနုပန် (ပထမနှစ်) |



# ကျေးဇူးတင်သည်

- "ရှာလုမ်" အား နှစ်စဉ် ကောင်းချီးချပေးသွန်းလောင်းနေသော အဖဘုရားသခင်ကို ကျေးဇူးတင်သည်။
- အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ညီအစ်ကို၊ မောင်နှမ၊ ဆရာသမားများအားလည်း ကျေးဇူးတင်ပါ၏။
- နှစ်စဉ် မပျက်မကွက် အားပေးဖတ်ရှုကြသော စာဖတ်ပရိသတ်များကိုလည်း ကျေးဇူးတင်သည်။
- စေတနာအပြည့်အဝဖြင့် ကူညီသော အလင်းအိမ်စာပေ မှ ညီအစ်ကို၊ မောင်နှမများကိုလည်း ကျေးဇူးတင်သည်။

အရာလုံးစုံအတွက် ကျေးဇူးတော်ချီးမွမ်းလျက်
ရှာလုမ်စာပေဝိုင်း

# SHALOM
magazine

CONTENTS


၁ ရင်ဖွင့်စကား
၂ Shalom Magazine ကော်မတီ
၃ ကျေးဇူးတင်သည်
၆ ကျမ်းအနက်ဖွင့်
၇ စာစောင်မှမဂ္ဂဇင်းအဆင့်သို့ (ရှာလုမ်ကော်မတီ)

၉ ဓါတ်ပုံကဏ္ဍ

အင်တာဗျူး
၂၄ အချစ်မျက်ဝန်းပိုင်ရှင်လေးနှင့်တွေ့ဆုံခြင်း
၂၁ ချစ်စမ်းမောင်နှင့်တွေ့ဆုံခြင်း
၉၂ မိခင်အသင်း . . .

ကဗျာ
၂၅ ပျော်စရာနေ့ — မောင်ပေါက်စည် (မန်းတက္ကသိုလ်)
၂၆ နှစ်သက်မြတ်နိုးဖွယ်ဤအချိန် — ဒေါက်တာထီလာစစ်သူ
၂၇ သေချာခြင်း — စောခိုင်မြဲအောင် (လှိုင်ကော်)
၂၈ ဖော်မွန်စစ် — ပစ်တိုင်းထောင် (သံတောင်သား)
၂၉ လူ့အဖြစ်အပျက် — ကောင်းထက်လူ (INYA)
၃၀ အတွေးသစ် — အမ်စစ်စော(မ်) (ဟိုပင်)
၃၁ ဘယ်လိုလဲ — ကိုထူး (ပသိမ်မြေ)
၃၂ ကောင်းကင်ယံကအချစ်ကဗျာ — J နငယ်တူ

၃၃ ကာတွန်း

၄၀ ဝမ်းနည်းကြေကွဲခြင်း (ဆရာကြီး Gabriel စောဖိုးစိန်)

၄၅ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် H.C.T.C ကျောင်းသူကျောင်းသားများ

၄၆ H.C.T.C ကျောင်းသူကျောင်းသားများ၏ရင်တွင်းစကား


မျက်နှာဖုံးဒီဇိုင်း
စောဂျူနသန် (ERA)

အတွင်းသရုပ်ဖော်
စောဂျူနသန်
စောစတေးဖ
စအောင်သိန်း

ကွန်ပျူတာ
အလင်းအိမ်

အတွင်းဖလင်
ထင်လင်းအောင် (ERA)

(အသင်းတော်တွင်းကန့်သတ်)


ဆောင်းပါး
၅၆ ကွန်ပေါင်းပလက်ဖောင်းနှင့် . . . . . — ပါရဂူ
၅၉ ယခုပင် နှစ်သက်ဖွယ်သောအချိန်ရှိ၏ — အင်ဒရူးမန်းဇော်လွင်
၇၇ အသက်အရွယ်တိုင်းအတွက် . . . . . — ဦးအောင်လှထွန်း
၈၀ တပည့်တော်စစ်နှင့်သိုးထိန်းလုပ်ငန်း — ဆဂခေါ်န်တောင်
၈၂ ကိုယ့်ကိုယ်၌ဘုရားသခင်ကိုရှာပါ — ဆင်ကြီး
၈၃ မိသားစုများအတွက် — ဒေါ်မေမြတ်ထွန်း
၈၅ ပွဲတော်မင်္ဂလာဝတ်နှင့်စပ်လျဥ်း၍ — Rev. Dr. Simon Be Bin Htoo
၈၈ Global Village ဖြစ်ခြင်း၊ မဖြစ်ခြင်း — ကိုပီတိ
၉၀ ပထမဆုံးသောဘုရားသခင်၏ . . . . . — မြတ်ဆုလင်း (စတုတ္ထနှစ်)

သက်သေခံချက်
၆၆ ကမ္ဘာကြီးက . . . . . — J နငယ်တူ
၆၄ လိုအပ်ချက်ကိုဖြည့်ဆည်းပေးခဲ့သူများ — လုံးလုံး (H.C.T.C)

ဝတ္ထု
၆၁ အခါလင့်တဲ့နှုတ်ထွက်စကား — အမ်စစ်စောမ် (ဟိုပင်)
၉၅ အလင်းတစ်စက်ရဲ့ရင်ခုန်သံ — အမောပြေ
၉၈ နှလုံးသားထဲက သစ္စာစကား — ကဘော်မေ (လှိုင်)
၁၀၂ ပြန်ခဲ့တော့ကွယ် မြသွေးရယ် — မြသွေးညို (ပသိမ်မြေ)
၁၀၃ အနှိုင်းမဲ့ချစ်သူ — မစီဆန်ထွယ်အောင် (မိုးညှင်း)
၁၁၀ ဘာရယ်တော့မဟုတ် — Jonah


2004











ကျမ်းစာအနက်ဖွင့်ချက်

# ယခုပင်နှစ်သက်ဖွယ်သော အချိန်ရှိ၏

ကောရိန္သုဩဝါဒစာဒုတိယစောင် ၆း၂

တမန်တော်ရှင်ပေါလုရည်ညွှန်းသည့် ဗျာဒိတ်တော်သည် ဟေရှာယအနာဂတ္တိကျမ်း၊ အခန်းကြီး (၄၉)၊ အခန်းငယ် (၈) ၌ ပရောဖက်ဟေရှာယအားဖြင့် ဘုရားသခင်ဖွင့်ပြဗျာဒိတ်ပေးသည့် အချက်ပင်ဖြစ်ပါသည်။ ဟေရှာယအားဖြင့်ဖော်ပြသည့် ဗျာဒိတ်တော်၏ဆိုလိုရင်းမှာ ဘုရားသခင်၏ကွယ်ကာမစခြင်းအား တစ်ပါးအမျိုးသားများလည်းခံစားခွင့်ရှိမည့်အချိန်၌ ဘုရားသခင်သည် မိမိ၏အမှုတော်ဆောင်နေသူများအား ပေးမည့်အကူအညီ အမအစပင်ဖြစ်သည်။

ယင်းအချက်ပေါ်၌မူတည်ပြီး တမန်တော်ရှင်ပေါလုမှ ကောရိန္သုမြို့သူမြို့သားများသည် ထိုဗျာဒိတ်တော် ဆိုင်ရာကောင်းကြီးမင်္ဂလာအား သခင်ယေရှုခရစ်၏အသက်စွန့်ခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူခြင်းကြောင့် သိခွင့်၊ ခံယူခွင့်ရှိသောအချိန်ကောင်းဖြစ်ကြောင်း "ယခုပင် နှစ်သက်ဖွယ်သောအချိန်ရှိ၏" ဟု သွန်သင်နိုးဆော်ခြင်းဖြစ်ပေ သည်။ ကယ်တင်ခြင်းသတင်းကောင်းအား လက်ခံခြင်းအမှုသည် ရွှေ့ဆိုင်းထားရမည့်ကိစ္စမဟုတ်ဘဲ လက်ရှိအခြေ အနေနှင့်အချိန်၌ပင် ယုံကြည်ခံယူရမည့် အရေးပေါ်ကိစ္စတစ်ခုဖြစ်ကြောင်း တမန်တော်ရှင်ပေါလုမှ သတိပေး နှိုးဆော်နေခြင်းလည်း ဖြစ်ပါသည်။

သခင်ခရစ်တော်ကိုယ်တော်တိုင်လည်း ၎င်းအချက်နှင့်ပတ်သက်၍ ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး (၁၂)၊ အခန်းငယ် ၃၅ နှင့် ၃၆၌ "အလင်းရှိစဉ်အခါ သွားလာကြလော့။ သို့မဟုတ်လျှင် မှောင်မိုက်သည် သင်တို့ကို မိုလိမ့်မည် . . . အလင်းကိုယုံကြည်ကြလော့" ဟု မိန့်မှာခဲ့ပါသည်။

သို့ဖြစ်၍ ယုံကြည်သူခရစ်ယာန်များသာမက သခင်ယေရှု၏ကယ်တင်ခြင်းအမှုအား လက်မခံ၊ မယုံကြည် နိုင်သေးသူများအတွက် "ယနေ့" (ယခု အသက်ရှင်နေသောနေ့ရက်) သည် သတင်းကောင်းဝေငှရန် (သို့) သတင်း ကောင်းအား ယုံကြည်လက်ခံရန်နှင့် ကယ်တင်ခြင်းကောင်းကြီးခံယူရန် အကောင်းဆုံးနှင့်အမှန်ကန်ဆုံးသော "အချိန်အခါ" ဖြစ်ကြောင်း သိမြင်သဘောပေါက်ရန် တမန်တော်ရှင်ပေါလုမှ အရေးတကြီးသတိပေးနေသည့် အချက်ပင်ဖြစ်ပါသည်။❑

သခင်ဘုရား၏ချစ်မေတ္တာများစွာဖြင့် . . .

**ဘုန်းတော်ကြီးရယ်ဂျီနယ်ဘာက်နက်**

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်



# စာစောင်မှ မဂ္ဂဇင်းအဆင့်သို့

## ရှာ လု မ် ကော် မ တီ

"သမိုင်းကြောင်းကို အမှတ်ရနေခြင်းသည် ဘဝကိုသတိရနေခြင်းပင်ဖြစ်၏။" ဟူသော ဆိုရိုးစကားတစ်ခု ရှိပါသည်။ ရှေ့ဦးစွာ ဤရှာလုမ်အား စာစောင်အဆင့်မှ မဂ္ဂဇင်းအဆင့်သို့ရောက်ရှိလာအောင် ပို့ဆောင်ပေးသည့် ကိုယ်တော်ဘုရား၏ ကျေးဇူးတော်ကိုချီးမွမ်းပါသည်။ ဤမဂ္ဂဇင်းပေါ်ထွက်လာစေရန် အကြံဉာဏ်ထုတ်ကာ ကြိုးစားမျိုးစေ့ချစိုက်ပျိုးပေးခဲ့ကြသည့် ကျွန်ုပ်တို့၏နောင်တော်ကြီးများ၊ အစ်မတော်များအားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ယခုအခါ၌ ယခင်က ရှာလုမ်စာစောင်ငယ်သည် "ရှာလုမ်မဂ္ဂဇင်း" ဟူ၍ မားမားမတ်မတ် ရပ်တည်လျက်ရှိနေပါပြီ။ ဤကဲ့သို့ မားမားမတ်မတ်ရှိကြောင်းကိုလည်း ပို၍ခိုင်မာစေရန် သမိုင်းမှတ်တမ်းမှတ်ရာများရှိနေဖို့ လိုအပ်လှပါသည်။ မည်သူမျှ မှတ်တမ်းမှတ်ရာမရှိသည့် လွန်ခဲ့သောအဖြစ်အပျက်တစ်ခုအား စိတ်ဝင်စားကြမည်မဟုတ်ပေ။ ဤသို့သော အခြေအနေမျိုးကြောင့် ကျွန်ုပ်တို့ (၂၀၀၄ ခုနှစ်) ရှာလုမ်မဂ္ဂဇင်းကော်မတီအနေဖြင့် ဤရှာလုမ်မဂ္ဂဇင်းသည် သမိုင်းအထောက်အထား၊ ရည်ရွယ်ချက်အပြည့်နှင့် ထုတ်ဝေလျက်ရှိသည့်မဂ္ဂဇင်း ဖြစ်ကြောင်း ဖြစ်ပေါ်လာပုံအကျဉ်းလေးဖြင့် ဖော်ပြပေးခြင်းဖြစ်ပါသည်။

ဤရှာလုမ်မဂ္ဂဇင်းအား ၁၉၈၁ ခုနှစ်၊ ကျောင်းအုပ်ဘုန်းတော်ကြီး ရှမွေလမန်းစံစီဌေး (လက်ရှိသာသနာပိုင်ချုပ်) မှ "ရှာလုမ်" ဟု အမည်ပေးပြီး အဓိပ္ပာယ်မှာ "ငြိမ်းချမ်းခြင်း" ဟူ၍ဖြစ်သည်။

ပထမဦးဆုံးအယ်ဒီတာအနေဖြင့် ဆရာယောရှု၊ လက်ထောက်အယ်ဒီတာ ဆရာအောင်သွင်ဦး (လက်ရှိသန့်လျှင်ရှင်ပြန်ထမြောက်ခြင်းအသင်းတော်ကျောင်းထိုင်ဘုန်းကြီး) တို့မှဦးစီးပြီး စတင်ထုတ်ဝေခဲ့ပါသည်။ ထုတ်ဝေရခြင်း၏ရည်ရွယ်ချက်မှာ အဓိကအားဖြင့် သတင်းထုတ်ပြန်ခြင်းမျိုးဖြစ်ပြီး၊ ၎င်းအပြင် ကျောင်းသူ၊ ကျောင်းသားများ၏စွမ်းရည်များအား ဖော်ထုတ်ရန်၊ ကျောင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ အင်္ဂလီကန်အသင်းတော်ဆိုင်ရာ ပြည်တွင်းပြည်ပ သတင်းအချက်အလက်များအား သိရှိစေရန် ရည်ရွယ်၍ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဤမဂ္ဂဇင်းအား စတင်ထုတ်ဝေစဉ်က စာစောင်ငယ်လေး၊ လက်ကမ်းစာစောင်အနေဖြင့်သာ စတင်ခဲ့ပြီး သတင်းအတိုအစများ၊ ကဗျာ၊ ဆောင်းပါး၊ သက်သေခံဝေမျှချက်များအား လက်ရေးစာမူများအနေဖြင့်သာ ဖြန့်ဝေခဲ့ပါသည်။ ယင်းစာစောင်အား ကျောင်းသားခေါင်းဆောင်မှ ဦးစီးပြီး စတင်ထုတ်ဝေခဲ့စဉ်က ကျောင်း၏အသုံးစရိတ်ဖြင့် စတင်ထုတ်ဝေခဲ့သည်။ နောက်ပိုင်းတွင် မတည်ငွေထားရှိကာ ထုတ်ဝေလာခဲ့ကြရာ ဤအစဉ်အလာသည်

ယနေ့တိုင်ပင်ဖြစ်ပါသည်။ ထိုအချိန်က သာသနာပိုင်ချုပ်နယ်တစ်ခုလုံးအတွက် ရည်ရွယ်ထုတ်ဝေခဲ့ခြင်းမဟုတ်ဘဲ၊ ရန်ကုန်မြို့ပေါ်ရှိ အသင်းတော်များအတွင်း၌သာ ဖြန့်ဝေခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ဖြန့်ဝေရာ၌ ကျောင်းသားတစ်ဦးလျှင် (၂၀) စောင် မရောင်းမနေစနစ်ဖြင့် ဖြန့်ဝေခဲ့ကြသည်။ ၁၉၈၁ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ စာစောင်ငယ်လေးပုံစံဖြင့်သာ ထုတ်ဝေနိုင်ခဲ့သော်လည်း ၁၉၉၃ ခုနှစ်၊ ကျောင်းအုပ်ဘုန်းတော်ကြီး ဂျွန်ဝီးလ်မီလက်ထက်မှ စတင်ပြီး လက်ရှိမဂ္ဂဇင်းပုံစံဖြင့် သာသနာပိုင်ချုပ်နယ်တစ်ခုလုံးအတိုင်းအတာဖြင့် မြှင့်တင်ထုတ်ဝေနိုင်ခဲ့ပါသည်။ ယခုအခါ၌ ရှာလုမ်မဂ္ဂဇင်းအား ခေတ်ကာလနှင့်လျော်ညီစွာ အရည်အသွေးပြည့်မှီသည့် မဂ္ဂဇင်းတစ်အုပ်အနေဖြင့် စီမံထုတ်ဝေလျက်ရှိပါသည်။ ခေတ်ကာလများ အလီလီပြောင်းလဲသွားခဲ့ပါသော်လည်း မူလထုတ်ဝေခဲ့သည့်စာစောင်၏ရည်ရွယ်ချက်အတိုင်းပင် ဆက်လက်၍ ကြိုးစားထုတ်ဝေလျက်ရှိပါသည်။ ဤမဂ္ဂဇင်းသည် အင်္ဂလီကန်အသင်း (မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်) ၏ တစ်ခုတည်းသောမဂ္ဂဇင်း ဖြစ်သည့်အားလျော်စွာ စဉ်ဆက်မပြတ်ထုတ်ဝေနိုင်ရန်ဆုတောင်းပေးခြင်း၊ အလှူငွေများအားဖြင့် အဖက်ဖက်မှ ကူညီခဲ့ကြသူများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ထားအပ်ပါသည်။ ထို့အတူ နောင်ဆက်လက်ထုတ်ဝေရာ၌လည်း မိမိတို့တတ်အားသရွေ့ ဆက်ပြီးပံ့ပိုးကူညီပေးကြပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။ စာမူများဖြင့် ပါဝင်ရေးသားပေးပို့ကြကုန်သော ဆရာသမားများအားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ဤမဂ္ဂဇင်းသည် ပြင်ပမဂ္ဂဇင်းများကဲ့သို့ ဈေးကွက်တင်ထုတ်ဝေခြင်းမျိုးမဟုတ်ဘဲ၊ အသင်းသူ၊ အသင်းသားများအား သိမြင်ခံစားစေလိုသည့်အရာများ၊ သိသင့်သိထိုက်သည့်အကြောင်းအရာများ၊ သတင်းအချက်အလက်များ၊ ဗဟုသုတများ အစရှိသည်များအား သတင်းပေးခြင်းမျှသာဖြစ်ကြောင်း သိမြင်နားလည်စေလိုပါသည်။ ၁၉၈၁ ခုနှစ်မှ စတင်၍ထုတ်ဝေလာသော ဤမဂ္ဂဇင်းသည် ယခုအခါ၌ (၂၃) နှစ်တိုင်တိုင်ပြည့်ပြီး "ငွေရတုသဘင်" ပင်ရောက်ရှိလာပါတော့မည်ဖြစ်သည်။ ၎င်းငွေရတုသဘင်အားလည်း တစ်မူထူးခြားစွာ စီစဉ်ကျင်းပနိုင်ရန်အတွက် ရှာလုမ်ပရိသတ်၊ အသင်းသူ၊ အသင်းသားများအနေဖြင့်လည်း ပါဝင်ကူညီ အကြံဉာဏ်များပေးကြပါရန် နှိုးဆော်ဖော်ပြလိုပါသည်။

ခေတ်ကာလများ
အလီလီပြောင်းလဲသွားခဲ့ပါသော်လည်း
မူလထုတ်ဝေခဲ့သည့် စာစောင်၏
ရည်ရွယ်ချက်အတိုင်းပင်
ဆက်လက်၍
ကြိုးစားထုတ်ဝေလျက်ရှိပါသည်။


အားလုံးအပေါ် ဘုရားသခင်ကောင်းကြီးပေးပါစေ။

မှတ်ချက်။ ။ သတင်းအချက်အလက်များအား ပြောကြားပေးသည့် ဘုန်းတော်ကြီးရှိမုန်ဘီဘင်ထူးနှင့် ဘုန်းတော်ကြီးအောင်သွင်ဦးတို့အား အထူးကျေးဇူးတင်ရှိပါသည်။❑

# PHOTO ALBUM



သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှဆရာ၊ဆရာမများ



Rev. Mark Saw Maung Doe
Principal



Rev. Dr. Simon Be Bin Htoo
Vice-principal



Rev. Andrew Zaw Lwin
Principal (acting)



Decon. Dr. San Myat Shwe
Dean of Studies




Rev. Reginald Bennett
Dean of Student



PHOTO ALBUM



ရှာလုမ်သဘာပတိ
နန့်စိုးနှင်းနှင်းအေး (စတုတ္ထနှစ်)



ရှာလုမ်တာဝန်ခံစာတည်း
စောရစ်ချက်ဂရယ်ဂရီဝေမှူး (စတုတ္ထနှစ်)



၂၀၀၇ ၂၀၀၈ ရှာလုမ်သဘာပတိနှင့်တာဝန်ခံစာတည်း
နော်လွင်သီတာမြင့် (သဘာပတိ)
ယောနနော်ဂျာ (တာဝန်ခံစာတည်း)

PHOTO ALBUM



ရှာလုမ်စာပေမိသားစု
ဝဲမှယာ စာပေါကညောထူး ယောနနော်ဂျာ ဟိန်းလတ်ရာဇာ ဆင်ဝါးနော် ဆလိုင်းဘင်ယာမိန် စာဒေါနေထူး
စောကစောထော ဒေးဗစ်လော့ဒ်အောင်



ရှာလုမ်စာတည်းအဖွဲ့



PHOTO ALBUM



ပထမနှစ်ကျောင်းသူ ကျောင်းသားများ



ဒုတိယနှစ်ကျောင်းသူ ကျောင်းသားများ

PHOTO ALBUM




တတိယနှစ် [illegible] ကျောင်းသားများ




စတုတ္ထနှစ်ကျောင်းသူ ကျောင်းသားများ



PHOTO ALBUM




ရှာလုမ်ဖြန့်ချိရေးမှူးများ (သာသနာပိုင်နယ်အလိုက်)



၂၀၀၃ ၂၀၀၄ ဘွဲ့နှင်းသဘင်

PHOTO ALBUM



A.Y.P.A Day ၌လည်း ဤသို့တက်ကြွစွာ



တိုင်းရင်းသားကျေးရွာသို့တစ်ခေါက်

PHOTO ALBUM



နန်းမျှော်စင်ရှေ့အမှတ်တရ




မော်လမြိုင်အထူးအရေပြားကုဆေးရုံကြီး၌ တတိယနှစ်ကျောင်းသူ ကျောင်းသားများ တစ်လတာ Internship



ဒီလိုပုံနဲ့လည်း စာသင်ရသေးသဗျ



သီချင်းများဆို ရေတွက် တစ် နှစ် သုံး





ဒုတိယနှစ်ကျောင်းသူကျောင်းသားများ၏ နွေရာသီခရီးစဉ် (တောမ)




အလုပ်ကြမ်းလည်းမရှောင်ဘူးဗျာ

# PHOTO ALBUM




သုံးပွင့်ဆိုင်မိတ်သဟာယ (MIT, Holy Cross, Major Seminary)



designjonathan2004

# HOLY CROSS FC



# interview

# chitsanmaung

ကိုချစ်စမ်းမောင်အနေနဲ့ ဂီတလောကထဲကို ဘယ်လိုရောက်လာခဲ့ပါသလဲ

Myanmar Young Crusaders (M.Y.C) အားဖြင့် ဆရာဘွဲ့မှူးနဲ့သီကျွမ်းရင်းဆရာ့ရဲ့သင်ကြား လက်တွဲခေါ်မှုတွေ Dr. DavidYone Mo ရဲ့ပံ့ပိုးမှုတွေကြောင့် ဂီတလောကထဲရောက်လာတာပါ။

ဘယ်အရွယ်မှာ ပထမဆုံးစီးရီး စတီးခဲ့ပါသလဲ

ကျွန်တော့်အသက် (၁၅)နှစ်လောက်မှာ စတီးခဲ့ပါတယ်။

ကိုချစ်စမ်းမောင်ရဲ့ တစ်နေ့တာဂစ်တာလေ့ကျင့်ပုံနဲ့ လေ့ကျင့်ချိန် ဘယ်လောက်များထားရှိပါသလဲ.

အရင်တုန်းကတော့ Recording တွေ၊ Studio နဲ့ ပတ်သက်တဲ့အလုပ်တွေလေ့လာရင်း Guitar လေ့ကျင့်ခဲ့ရသလို အခုနောက်ပိုင်းမှာလည်း အဲဒီအထဲမှာပဲ လုပ်နေရင်းလေ့ကျင့်နေရတယ်။ နာရီအတိအကျတော့ မရှိပါဘူး။ ဥပမာ Recording လုပ်နေတဲ့အချိန်မှာ အသစ်အဆန်းတွေပေါ်လာရင် ခဏအချိန်ပေးပြီး ကျင့်လိုက်တယ်။ ဒါမှမဟုတ် ကက်ဆက်ထဲအကြမ်းတီးထည့်ပြီး သိမ်းထားတယ်။ ပြီးမှအချောသတ်လေ့ကျင့်တယ်။ ဂစ်တာကိုတော့ နေတိုင်းလိုလိုတီးနေရတယ်။



**Gospel Song နဲ့ Love Song တီးတဲ့အခါ Mood ဘယ်လိုကွာခြားချက်ရှိလဲ**

ကျွန်တော်ကတော့ ဘာသီချင်းပဲဖြစ်ဖြစ် စာသားအဓိပ္ပာယ်နဲ့ သီချင်းMelody, Chord Frameပေါ်ခံစားပြီးတီးတာများပါတယ်။ စာသားအရမ်းကောင်းပြီး Melody, Chord ဖွဲ့စည်းပုံမကောင်းရင်လည်း ပြည့်ဝ အပြည့်မရပါဘူး။

**Live Show တစ်ခုရဲ့ပွဲမစခင်မှာ ကိုချစ်စမ်းမောင်ဦးဆောင်ပြီး ဆုတောင်းတာတွေ့လိုက်ရတယ်။ဒီအလေ့အထကိုဘယ်အချိန်လောက်ကတည်းက စတင်လုပ်ဆောင်ခဲ့ပါသလဲဘာသာခြားညီအစ်ကိုတွေလည်းပါတဲ့အတွက်သူတို့ရဲ့ခံစားချက်ရောဘယ်လိုလဲ**

ကျွန်တော့်တို့ရဲ့ ဝိညာဉ်ဖခင်ကြီး Dr. David Yone Mo ကဆရာစောဘွဲ့မှူးကို ပွဲမစခင်ဆုတောင်းဖို့ အမြဲပြောခဲ့တယ်။ အဲဒါကြောင့် ကျွန်တော်နဲ့ဆရာစောဘွဲ့မှူးလက်တွဲကတည်းကဘုရားသခင်ထံဆုတောင်းပြီးမှ ပွဲစခဲ့တာ။ IC မဖြစ်ခင်ကတည်းကဆိုပါတော့။ ဘာသာခြားတွေမှာလည်းဒီလိုဆုတောင်းပြီးစတာကိုပွဲမှာအဆင်ပြေတယ်ဆိုတာ ယုံကြည်ကြပါတယ်။

**ကိုချစ်စမ်းမောင် ဂီတအတွက်အချိန်ပေးသလို ဘုရားအတွက်အချိန်ပေးဆက်ကပ်တာမျိုးရှိလား**

ကျွန်တော်ကဘုရားအတွက်ပိုပြီး အချိန်ပေးချင်တယ်။ အမှုတော်မြတ်မှာ ဒီထက်မကပါဝင်ချင်တယ်။ အရင်က အလုပ်အမြဲလုပ်ရဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းခဲ့တယ်။ အခုနောက်ပိုင်းမှာ အလုပ်ကိုမနိုင်မနင်းလုပ်ရတဲ့နှစ်တွေ တော်တော်များနေပြီ။ ဘုရားသခင်ကို အလုပ်တွေမြန်မြန်ပြီးဖို့ပဲ ဆုတောင်းနေရတယ်။

**ကိုချစ်စမ်းမောင်အနေနဲ့ ဂီတလောကမှာလေးစားလောက်တဲ့ ပြည်တွင်းနဲ့ပြည်ပက ဂီတသမားရှိရင်ပြောပြပေးပါလား**

ပထမဆုံးပြောရရင်တော့ ကျွန်တော့်ဆရာစောဘွဲ့မှူးပါပဲ။ ကျွန်တာကတော့ကျွန်တော့်ထက်အရင်တီးခတ်လမ်းဖောက်ခဲ့တဲ့ ဂီတပညာရှင်တွေအားလုံးကိုလေးစားပါတယ်။ ပြည်ပကတော့(အမည်မပြောတော့ပါဘူး)အများကြီးရှိပါတယ်။





**ဘယ်လို Music မျိုးကို ပိုပြီးအားသန်ပါသလဲ**

Rock, Country Rock နဲ့ Real Country Music တွေကြိုက်တယ်။

**လက်ရှိ မြန်မာပြည်ရဲ့ ဂီတလောကအပေါ် ကိုချစ်စမ်းမောင်ရဲ့အမြင်ကိုသိပါရစေ**

ဂီတလောကမှာ စက်ပိုင်းဆိုင်ရာတွေတိုးတက်လာသလိုပဲ အဖွဲ့တွေလည်း တော်တော်များများပေါ်ပေါက်လာပါတယ်။ Music ဟာတကယ်လေးနက်ပြီး အရမ်းနက်ရှိုင်းတဲ့အတွက် အားလုံးကိုလက်လှမ်းမှီသလောက် လေ့လာဖို့လိုပါတယ်။ ကျွန်တော့်အတွက်လည်း မပြည့်စုံသေးတဲ့အရာတစ်ခုပါ။ ကျွန်တော်တို့မြန်မာပြည်ရဲ့ Music အနေအထားကတော့ကိုယ်အားသန်တဲ့ Music အလိုက် အရမ်းကောင်းတဲ့ သင်တန်းကျောင်းတွေ အရမ်းလိုအပ်နေတယ်လို့ ထင်ပါတယ်။

**ဂီတအားဖြင့် နိုင်ငံတော်ကျယ်ပြန့်ဖို့ တစ်ဖက်တစ်လမ်းကနေပြီး ကိုချစ်စမ်းမောင် ပါဝင်နေတဲ့အခါမှာ ထားရှိတဲ့ ရည်ရွယ်ချက်ပန်းတိုင်ကိုလည်း သိပါရစေ**

ကျွန်တော်စင်ပေါ်တက်ခါနီးတိုင်း ဤအစီအစဉ်ဟာ ကျွန်တော့်ရဲ့ကျော်ကြားမှုအတွက်မဟုတ်ဘဲ ကိုယ်တော်ရှင်ရဲ့ဘုန်းတော်ထင်ရှားဖို့သာ အဓိကဖြစ်ပါစေလို့ စိတ်ထဲမှာဆုတောင်းတယ်။ ဂီတအားဖြင့်လူငယ်တွေရဲ့ နှလုံးသားကိုထိုးဖောက်ပြီး ခရစ်တော်ကိုသိစေချင်တယ်။

**ဂီတလောကမှာအောင်မြင်ကျော်ကြားနေတဲ့ ကိုချစ်စမ်းမောင်အတွက် အထူးဂုဏ်ယူပါတယ်။ ကိုချစ်စမ်းမောင် သွားရောက်တီးခတ်ခဲ့တဲ့ နိုင်ငံရပ်ခြားက အတွေ့အကြုံကိုလည်းသိပါရစေ။ ဘယ်နှစ်နိုင်ငံလောက် သွားရောက်တီးခတ်ပြီးပြီလဲ ဟိုမှာနဲ့ မြန်မာပြည်ကတီးခတ်မှုအပိုင်းနဲ့ပတ်သက်ပြီး ဘယ်လိုကွာခြားမှုရှိပါသလဲ**

နိုင်ငံခြားခရီးစဉ်အတွေ့အကြုံတွေကတော့ အများကြီးရှိပါတယ်။ သွားခဲ့တဲ့နိုင်ငံတွေကတော့ အမေရိကန် (၂)ကြိမ်၊ ဂျပန် (၂)ကြိမ်၊ စင်ကာပူ (၃)ကြိမ်၊ မလေးရှား (၁)ကြိမ်၊ ကိုးရီးယား (၁)ကြိမ်နဲ့ နှစ်ဆန်းမှာ စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျကိုသွားဖို့ ပြင်ဆင်နေပါတယ်။ နိုင်ငံခြားမှာတီးရတာကတော့ကျွန်တော်တို့ပိုပြီး ပြင်ဆင်ရပါတယ်။ တီးရတဲ့ Mood ကတော့ တစ်ပွဲနဲ့တစ်ပွဲ မတူဘူး။ အဆင်ပြေတဲ့ပွဲများပါတယ်။

**Shalom ပရိသတ်အတွက် ကိုချစ်စမ်းမောင်အနေနဲ့ ဘာတွေများ အားပေးတိုက်တွန်းချင်ပါသလဲ**

ဘုရားကိုအားကိုးပါ။ ကိုယ်မျှော်လင့်ထားတဲ့ပန်းတိုင်ကိုဆုတောင်းခြင်းနဲ့လျှောက်လှမ်းပါ။ ခရီးတစ်ဝက်မှာ စိတ်ဓာတ်မကျပါနဲ့။ ဘုရားသခင်ဟာ လူတိုင်းအတွက် ဆုကျေးဇူးတစ်ခုစီပေးထားပြီးဖြစ်ပါတယ်။ အလိုတော် ကိုဝန်ခံပါ။ ကျမ်းပိုဒ်အနေနဲ့ကတော့ (မဿဲ ၆း၃၃) နဲ့ခွန်အားပေးချင်ပါတယ်။ အယောက်စီတိုင်းကို ဘုရားသခင်ကောင်း ကြီးပေးပါစေ။

မအားလပ်တဲ့ကြားက အချိန်ပေးပြီးဖြေကြားသွားတဲ့ ကိုချစ်စမ်းမောင်ကိုအထူးကျေးဇူးတင်ရှိပါတယ်။

➡ အယ်လွန်းဝါ ဆိုတာ နာမည်အရင်းပဲလား။ ဘာလူမျိုးလဲသိပါရစေ။
လင်္ဂနီလွန်းဝါ၊ L လွန်းဝါ။ ကချင်'ဗမာ'ရှမ်း ကပြား
➡ ဘယ်အရွယ်ကတည်းက သီချင်းစဆိုခဲ့တာလဲ။
Sunday School စတက်ကတည်းက။
➡ စီးရီးဘယ်နှစ်ခွေထွက်ပြီးပြီလဲ။ ထွက်ပြီးတဲ့အခွေတွေအပေါ် မှာ အားရကျေနပ်မှုရှိရဲ့လား။
တစ်ကိုယ်တော် (၁)ခွေ၊ လူစုံနဲ့ (၂)ခွေ၊ ကျေနပ်မှုရှိခဲ့တာတွေရှိသလို မပြီးပြည့်စုံသေးဘူးလို့လည်း သိရှိခဲ့ရပါတယ်။
➡ အယ်လွန်းဝါ ဆိုတဲ့ အဆိုတော်တစ်ယောက်ဖြစ်ဖို့ မိသားစုတွေက ဘယ်အတိုင်းအတာအထိ ကူညီပံ့ပိုးမှု ရှိခဲ့လဲ။
အဖေက ပထမဆုံး Piano ...တီးသင်ဖို့ တိုက်တွန်းခဲ့ပြီး သီချင်းအခွေ (တစ်ကိုယ်တော်) လုပ်ချိန်ကစပြီး ယခုအချိန်အထိ အမြဲ အစဉ်အားပေးခဲ့ပါတယ်။
➡ ဘယ်အသင်းတော်မှာ ပါဝင်ဆက်ကပ်လဲ။
သန့်ရှင်းသောတြိနတီကသိဒြယ်အသင်းတော်။
➡ တစ်နေ့တာအတွက် ဘုရားသခင်ကို ဘယ်လောက်အချိန်ပေးလဲ။
အမှန်အတိုင်းပြောရရင် ညအိပ်ရာဝင်ချိန်နဲ့ ထမင်းစားချိန်လောက်ပဲ ဆုတောင်းဖြစ်ပါတယ်။
➡ ယခုလက်ရှိ ဘာလုပ်နေလဲ။ ဘာအခွေထွက်ဖို့ရှိသေးလဲ။
ပညာရေး - 3rd M.B.B.S, Diploma in SAE
အနုပညာ - 2nd Series လုပ်နေပြီ၊ ထွက်ဖို့က လူအစုံနဲ့ အခွေတွေ ၃၊၄ ခွေလောက် ရှိပါတယ်။
➡ ဘုရားသီချင်း ဆိုတဲ့အခါ ဘယ်လိုကွာခြားမှုရှိလဲ။ ဘယ်လိုခံစားမှုမျိုးရရှိလဲ။
လုံးဝ (လုံးဝ) မတူပါဘူး။ မှတ်မှတ်ရရ Logos Studio မှာဘုရားသီချင်း...
ရင်း သီချင်းကိုကောင်းအောင်မဆိုတတ်တော့ပါဘူး။ ဆုတောင်းပြီးတော့မှ...
မပြေပါတော့တယ်။ ပြီးပြီးရောလုပ်လို့မရပါဘူး။ တကယ့်အတွေ့အကြုံတစ်ခု...
➡ သီချင်းမဆိုခင်ဘယ်လိုပြင်ဆင်လဲ။ အခက်အခဲနဲ့ကြုံလာတဲ့အခါ...
ဘယ်လိုဖြေရှင်းတတ်လဲ။
အစားအသောက်၊ အအိပ်အနေဆင်ခြင်ပါတယ်။ သီချင်း...
ခါနီးတိုင်း ဘုရားရှိခိုးပါတယ်။
➡ အရင်တုန်းကနဲ့ အခုအဆိုတော်တစ်ယောက်ဖြစ်လာ...
အယ်လွန်းဝါရဲ့ခံစားချက်ကိုသိပါရစေ။
အရင်တုန်းကထက် ပိုပြီးကြိုးစားဖို့ စိတ်မှာဖြစ်ပေါ် လာပါတယ်...
➡ ယနေ့အသင်းတော်မှာ ပါဝင်နေကြတဲ့လူငယ်များအပေါ်...
ဘယ်လိုမြင်လဲ။
အမြင်လောကနဲ့အတူ လှုပ်ရှားကြဖို့တိုက်တွန်းလိုပါတယ်...
➡ ရှာလုမ်ပရိသတ်အတွက် အယ်လွန်းဝါရဲ့ပြောချင်...
စကားလက်ဆောင် ...








# ပျော်စရာနေ့

## မောင်ပေါက်စည် (မန်းတက္ကသိုလ်)




ပျော်စရာနေ့
ဆိုဝလေ့
ဟုတ်ဟော့၊ ဟုတ်ဟော့လို့ ထင်သလား . . . ။

ပျော်စရာနေ့
တွေ့ဝလေ့
ဟုတ်ဟော့၊ ဟုတ်ဟော့လို့ ထင်သလား . . . ။

ပျော်စရာနေ့
မြင်ဝလေ့
ဟုတ်ဟော့၊ ဟုတ်ဟော့လို့ ထင်သလား . . . ။

ပျော်စရာနေ့
ဆိုတွေ့မြင်သာ
ထိုအခါဝယ်
ချမ်းသာကိုယ်စိတ်မြဲစေသား . . . ။
"ကယ်တင်ရာနေ့" ဖြစ်စေသား . . . ။



# နှစ်သက်မြတ်နိုးဖွယ်ဤအချိန်

**ဒေါက်တာထီလာစစ်သူ**

(၁)
လောကတစ်ခွင် မေတ္တာဆင်၍
ယဉ်ကျေးစိတ်ဓာတ် ပျံ့လွှမ်းပတ်ခြုံ
မြင့်မြတ်ပြုမူ ချစ်ဖွယ်လူတည်း
သူလည်းငါပင် တူမျှထင်လျက်
ကြင်နာပွားရင်း သက်ပုံနှင်း၍
ကိုယ်ချင်းလည်းစာ တရားပါလျက်
လူ့ရွာငြိမ်းချမ်း ချစ်ခြင်းလွှမ်းသော်
ကြမ်းတမ်းပြီးဆုံး စစ်နိဂုံးလျှင်
လုံးဝငြိမ်းပါစေတော့။

(၂)
ချိုမြသံသာ တေးတံတျာကို
မြေမှာတီးမြည် မိုးရပ်ဆီတိုင်
ညီညာတေးချင်း ဆိုသီချင်းနှင့်
တောမှင့်ကျက်များ လွန်များပြားစွာ
တေးများသံပြိုင် ဆိုကြနိုင်ဘိ
နိုင်ငံတိုင်းတွင် မိုးကောင်းကင်ပြည့်
တေးယဉ်ကျူးကြ ပျော်ရွှင်ကြပြီ
လောကငြိမ်းချမ်း မိုးမြေလွှမ်းအောင်
ဆိုစမ်းတေးတွေ မဆုံးစေနှင့်
သီနေဆိုမြဲ တေးသံဝဲစေ။

(၃)
ရောင်စုံဖူးပွင့် လှပန်းပွင့်တွေ
တောနှင့်တောင်လုံး ရွာအားလုံးပင်
မြို့လုံးဖုံးမျှ ပွင့်ကုန်ကြပြီ
မွှေးမြမြမွှေး သင်းထုံအေးဘိ
လေသွေးရောနှဲ့ အလှဖွဲ့ဆင်
ချစ်ဖွဲ့ပန်းခို ပန်းဝေစည်ခဲ့
သည်မှာပန်းရုံ ဟို . . . ပန်းရုံတွေ
စုပုံပွင့်လာ ပန်းဟေမာတည်း
မေတ္တာပန်းတွေ မွှေးပျံ့နေ။




# သေချာခြင်း

**စောခိုင်မြဲအောင် (လှိုင်ကော်)**

သံချေးတက်တက်နေတဲ့
လူ့ဘဝရဲ့ယာယီများထဲမှာ
ဒုက္ခဝေဒနာကအနိုင်ယူလို့
အချိန်တန်အိမ်ပြန်ရမယ့် သားသမီးတွေကို
ဇဝေဇဝါတွေကစိုးမိုးထားတတ်လေရဲ့ . . . ။

နိယာမတရားကိုကျော်လွန်တဲ့
သခင့်ရဲ့ထာဝရများထဲမှာ
ပျော်ရွှင်ဝမ်းမြောက်ခြင်းကနေရာယူလို့
ပြန်ရမယ့်လမ်းထဲက သားသမီးတွေကို
ကျမ်းစကားတွေနဲ့ တံဆိပ်ခတ်ထားလေရဲ့ . . . ။

အိုနာသေခြင်းကင်းတဲ့
ကောင်းကင်ရွှေပြည်ရဲ့ရှင်သန်ခြင်းထဲမှာ
အသက်ရှင်မှုတွေက ကြည်နူးနေလို့
အလိုတော်လမ်းထဲက သားသမီးတွေကို
ကားတိုင်သက်သေနဲ့ ချည်နှောင်ထားလေရဲ့ . . . ။





# ဖော်မွန်စစ်

## ပစ်တိုင်းထောင် (သံတောင်သား)

အို . . ချစ်မိတ်ဆွေ
အဆင်မပြေမှုများနဲ့
သင်တစ်ယောက်ထဲ
အဖော်မဲ့နေလို့
စိတ်ပျက်အားလျော့နေပြီလား ?

သူသာလျှင်
သင့်ရဲ့အဖော်မွန်စစ်ပါ
မဖြုတ်တမ်းလက်တွဲ
လျှောက်လှမ်းခဲ့ရင်
ဖွံ့ဖြိုးသက်တာ ပိုင်ဆိုင်မည်မှာမုချ . . . ။



# လူ့ အဖြစ် အပျက်


## ကောင်းထက်လူ (INYA)

ဟိုတစ်မျိုး ဒီတစ်ဖုံ
ဘယ်အကျိုးဆောင်နှင်း
အလယ်လူ အူတူတူမို့
ဖမ်းရမယ့်ငါး အကြီးလား အသေးလား . . .

လောကကဇာတ်ခုံ အဖုံဖုံတွေ့ရ
ဒဿနလား၊ အတွေးအခေါ်လား
စိတ်ပညာပါလား၊ ဓမ္မတရားလား
စကားတွေများ ခါးတားတားမို့
သကြားလည်းမလောက်၊ အခါးလည်းမပျောက်

ဩော် . . . ,
လောကဥ္စလူ
စရိုက်မတူ
မေတ္တာမပွား
သစ္စာတရား
ရှားပါးတကား
အရှင့်သား . . . ။







# အတွေးသစ်

**အမ်စစ်စောမ် (ဟိုပင်)**

လူ့ရဲ့အတ္တ
မလှမပ
တယုတယ
မထွေးပိုက်လိုတော့ပါ သခင်။

တရားကိုရှာ
ခြေလှမ်းကိုဆန့်
မေတ္တာသာဖြန့်
သခင့်နိုင်ငံ
လှပစေမှန်း။






# ဘယ်လိုလဲ

**ကိုထူး (ပသိမြေ)**

လောကသံသရာ၊ ဝဲဩဃထဲ
အနာဂတ်ဆီ လမ်းလျှောက်ထွက်ဖို့
လူ့ရဲ့ဘဝ၊ ရှင်သန်မှုကို
ကိုယ်နဲ့စိတ်နဲ့ ဝိညာဉ်သုံးပါး
ပေါင်းစည်းဆက်စပ်ထားလေရဲ့။

ကိုယ်၊ စိတ်၊ ဝိညာဉ်၊ သမမျှတ
လောကအကျိုး၊ အားမာန်မလျော့
ကျန်းမာသယ်ပိုး၊ ပေးဆပ်မှုဆောင်
လုံ့လထုတ်ရင်း၊ ကြိုးစားကြဖို့
နှစ်သက်ဖွယ်ချိန်၊ ခုပင်ရောက်ရှိ
တွေဝေငေးမော၊ ဖင့်နွဲ့လူသား
သင် . . . ဘယ်လိုလဲ။




# ကောင်းကင်ယံကအချစ်ကဗျာ

ဂျ နှင်းယ်တူ


ညစ်ထေးထေးလောကထဲ
ကောင်းကင်ယံကကြယ်တစ်ပွင့်
ဆင်းသက်ခဲ့တာ အချစ်ကဗျာ . . . ။

ဒုစရိုက်သားကောင် လူရှုးကြောင်တွက်
လက်ယာပဲလွှင်က သိုးသူငယ်
သေခံခဲ့တာ အချစ်ကဗျာ . . . ။

ဿဲ ကြီး နှစ်နှစ် ငယ် သုံးခွန်မှသုံးကိုးဝယ်
ရင်တွင်းစကား ပညတ်တရား
သူပေးခဲ့တာ အချစ်ကဗျာ . . . ။









SHALOM CARTOON




SHALOM CARTOON





SHALOM CARTOON




SHALOM CARTOON





SHALOM CARTOON


CARTOON 2004
IDEA
ART
SHALOM CARTOON




Pastoral C.E Theology Mission Feminist Philosophy
Idea
SHALOM CARTOON



# ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး Gabriel စောဖိုးစိန်
**အသက် (၆၉) နှစ်**

ကျွန်တော်၊ ကျွန်မတို့ ချစ်ခင်လေးစားရသော ဆရာကြီး Gabriel စောဖိုးစိန်သည် (၁၉. ၈. ၂၀၀၄) ရက်နေ့တွင် မမျှော်လင့်ဘဲ ကျွန်တော်၊ ကျွန်မတို့အား ခွဲခွာသွားသည့်အတွက် ကျွန်တော်၊ ကျွန်မတို့၏ရင်ထဲတွင် အတိုင်းမသိသော ကြေကွဲဝမ်းနည်းဆုံးရှုံးခြင်းများ ခံစားခဲ့ရပါသည်။ ဆရာကြီး ကျွန်တော်၊ ကျွန်မတို့နှင့် မရှိတော့သော်လည်း ကျွန်တော်၊ ကျွန်မတို့၏ရင်ထဲတွင် အမြဲရှင်သန်နေမည်ဖြစ်ပါသည်။

ဆရာကြီး၏နာမ်ဝိညာဉ်သည် အဘဘုရားသခင်ထံပါးတွင် ငြိမ်းချမ်းစွာ နားနေခွင့်ရပါစေသော် . . .။

ဆရာကြီးအား အစဉ်အမြဲကျေးဇူးတင်လျက် . . .
H.C.T.C မှသားသမီးများ

## ဆရာကြီး Gabriel ဦးစောဖိုးစိန်၏ ကိုယ်ရေးအကျဉ်းပုံတွင်အကျဉ်း

ဆရာကြီးဂေဘရယ်စောဖိုးစိန်ကို ၁၉၃၅ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် သံတောင်မြို့နယ်၊ နန်းချိန်ခွင်ကျေးရွာ၌ အဖ ဦးမေးရှား၊ အမိ နော်ရာယေးလာ တို့မှမွေးဖွားခဲ့ပါသည်။ မွေးချင်း (၇)ဦးအနက် တတိယမြောက်ဖြစ်ပြီး အစ်မနော်သာမော်နှင့် နော်စာရာတို့ဖြစ်ပြီး ဦးစောရှာဒရာ၊ ဦးစောကီးဒို၊ ဦးစောဒီမသီနှင့် နော်စိန်ဂျူးဗလီမူးမူတို့မှာ ညီ၊ ညီမများဖြစ်ပါသည်။



မူလတန်းမှအလယ်တန်းအထိ သံတောင်မြို့နယ်၊ တောပြာကြီးကျေးရွာတွင်လည်းကောင်း အထက်တန်းကို ရှင်လုကာဒိုင်အိုစီဇင်၊ တောင်ငူမြို့တွင်လည်းကောင်း ပညာသင်ကြားခဲ့ပြီး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပါသည်။ ပြီးနောက် ၁၉၅၆တွင် ထီးတန်းကောလိပ်၌တက္ကသိုလ်ကို စတင်တက်ရောက်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် ဘီအေဘွဲ့ရရှိသည်အထိ အဆင့်မြင့်ပညာကို ဆည်းပူးတတ်မြောက်ခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ရရှိပြီးနောက် စိန့်ဂျွန်းဒိုင်အိုစီဒ် ယောကျ်ားလေးများကျောင်း (ယခုလမ်းမတော် အထက-၁) တွင် မူလတန်းပြဆရာအဖြစ် ၁၉၅၉ခုနှစ်မှ ၁၉၆၂ထိလည်းကောင်း၊ အလယ်တန်းပြဆရာအဖြစ် ၁၉၆၂ မှ ၁၉၆၂ ထိလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် အထက (၂) ဗဟန်းတွင် အထက်တန်းပြဆရာအဖြစ်ခန့်ထားခံရပြီး၊ အငြိမ်းစားယူသည့် (၁၉၉၉) ခုနှစ်အထိ၊ ကျေပွန်စွာတာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကျောင်းဆရာအဖြစ် တာဝန်ယူဆောင်စဉ်တွင် ထူးချွန်သော ကျောင်းသူ၊ ကျောင်းသား မြောက်များစွာ မွေးထုတ်နိုင်ခဲ့ပါသည်။ ကျောင်းတွင်းပေါင်းသင်းဆက်ဆံရေးတွင်လည်း သူမတူအောင်ပြေပြစ်ချောမောစွာ ပြုမူနေထိုင်ကျင့်ကြံနိုင်ခဲ့ပါသည်။

ဆရာကြီးသည် ကျောင်းသားလူငယ်ဘဝကပင် အသင်းတော်လုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ခဲ့သူလည်း ဖြစ်ပါသည်။ အင်္ဂလီကန်လူငယ်များအသင်း (ဗဟိုချုပ်) တွင် အမှုဆောင်အဖြစ် ပါဝင်ထမ်းဆောင်ခဲ့ပါသည်။ သန့်ရှင်းသောကားတိုင်အသင်းတော်တွင် ကော်မတီအဖွဲ့ဝင်နှင့် ဘဏ္ဍာထိန်းအဖြစ် နှစ်ရှည်လများ သစ္စာရှိစွာ ထမ်းဆောင်ခဲ့သည်သာမက အသင်းတော်၏လိုအပ်ချက်အဝဝအား ကိုယ်ဖိရင်ဖိတက်တက်ကြွကြွ ဦးဆောင်လမ်းညွှန်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်မကြီးတစ်ခုလုံးအနေနှင့် သာသနာပိုင်ချုပ်နယ်လွှတ်တော်နှင့် ရန်ကုန်သာသနာပိုင်နယ်၊ သာသနာ့လွှတ်တော်များတွင် ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ရန်ကုန်သာသနာပိုင်နယ်၊ ဗဟိုအမှုဆောင်ကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရွေးကောင်းခန့်အပ်တာဝန်ပေးခြင်း ခံထားရသည့်အတိုင်း တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။

ထို့ပြင် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့နှင့် စီမံအုပ်ချုပ်ရေးကော်မတီအဖွဲ့၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အကျိုးဆောင်အချိန်ပြည့်စာချပုဂ္ဂိုလ်အဖြစ်လည်းကောင် နောက်ဆုံးအချိန်ထိ အဖဘုရားသခင်၏အလိုတော်အတိုင်း တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့သည်။


ဆရာကြီးသည် အိမ်ထောင်မပြုဘဲ တစ်ကိုယ်ရေနေထိုင်လျက် အသင်းတော်အကျိုးရေးကို ထူးခြားပြောင်မြောက်စွာ သယ်ပိုးခဲ့သူဖြစ်ပါသည်။ ဆရာကြီးသည် အသင်းတော်၏ယုံကြည်ကျင့်သုံးမှုကို ကျိုးနွံခိုင်မာစွာ နာခံစောင့်ရှောက်တတ်သူဖြစ်ပါသည်။ မိမိ၏တပည့်သားမြေးတို့အပေါ် စေတနာမေတ္တာကြီးမားသူ၊ တပည့်သားမြေးတို့ကလည်း ဆရာကြီးအပေါ် ချစ်ကြောက်ရိုသေခံရသူ ဖြစ်ပါသည်။

ဆရာကြီးသည် အပြင်းအထန်မကျန်းမမာဖြစ်ခြင်းမျိုး သူ၏အသက်တာတစ်လျှောက်တွင် မရှိသလောက်အလွန် နည်းပါးပါသည်။ သို့ပါသော်လည်း မကွယ်လွန်မီနှစ်ပတ်ခန့်မှစ၍ ရုတ်တရက်မကျန်းမမာ ဖြစ်လာသောကြောင့် ရန်ကုန်မြို့၊ အနောက်ပိုင်းဆေးရုံကြီးတွင် တက်ရောက်ကုသံယူလျက်ရှိစဉ် ၁၉. ၈. ၂၀၀၄ (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်ခဲ့ပါသည်။

ဆရာကြီး၏နာမ်ဝိညာဉ်သည် အဖဘုရားသခင်၏ရင်ခွင်တော်၌ ငြိမ်သက်စွာနေခွင့်ရရှိပါစေသော်။ ❑

# ဆရာစိန်

မောင်ပေါက်စည် (မန်းတက္ကသိုလ်)



ဆရာစိန်
အိမ်မှာမနေ
ကျောင်းဆောင်နေ၍
ပေးဝေမေတ္တာ
စာပေသာလျှင်
ကျူရှင်မင်းကြီးတစ်ယောက်ပေါ့။

လူ့လောကတွင်
'သင်' ဆရာစိန်
နရသိန်နန်းချိန်ခွင်ကိုမေ့နေရော့။
ဝတိန်သိမ့်ဝင်ရာကိုတွေ့လေပေါ့။

အာမင်သုံးကြိမ်
ဆရာစိန်အတွက်
တစ်ကြိမ်သည်ပညာရေး
နှစ်ကြိမ်သည်ပညာရေး
သုံးကြိမ်သည်ပညာရေး
အဝေးရွာအနီးသွေးသောက်တို့
မိုးဖေါက်စည်ကြီးတီးလို့ကြို။

ဆရာစိန် . . . ရေ့
အိမ်ထက်သာယာ
ကျောင်းထက်သာယာ
ကောင်းကင်ရွာတွင်
နေပါချမ်းသမင်းဘဝ။



# H.C.T.C in 2004-2005 Academic Year

**I. In this in academic year, the college enrolls with (8) Faculty and (4) Adjunct Lecturers.**

**A. Faculty**

1. Revd. Mark Saw Maung Doe - Principal
2. Revd. Dr. Simon Be Bin Htu - Vice-Principal
3. Revd. Andrew Zaw Lwin - Principal (Acting)
4. Revd. Reginald Bennett - Dean of Students
5. Deacon Dr. S' San Myat Shwe - Dean of Studies
6. Thra Saw Po Sein - Lecturer
7. Sayama Saga Hkawn Tawng - Lecturer
8. Sayama Khin Swe Oo - Lecturer

**B. Adjunct Lecturers**

1. Sayargyi Saw Aung Hla Htun
2. Sayama Grace Mee
3. Sayama May Mya Tun
4. Sayama Kareng Tawng

**C. Faculty who are pursuing Further Study**

Revd. Stephen Than Myint Oo. ( D.Th )

**II. There are (56) students (27) females and (29) males.**

**A. Enrollment by Class.**

| Year | Female | male | Total |
|---|---|---|---|
| Special Course | - | 2 | 2 |
| First Year | 10 | 6 | 16 |
| Second Year | 8 | 9 | 17 |
| Third Year | - | 2 | 2 |
| Final Year | 9 | 10 | 19 |
| | **27** | **29** | **56** |

**B. Enrollment by Diocese**

Myitkyina = 7
Mandalay = 4
Taungoo = 12
Sittway = 6
Yangon = 20
Hpa-an = 5

**C. 2003-2004 Graduates**

B.Th -10
L.Th - 1

**III. Staff**

**A. Office**

1. Tharamu Naw Mar Tha
2. Nant Thandar Win

**B. Library**

1. Thra Saw John Thet Lwin (Librarian)
2. Sayama Daw Wai Wai Myint (Assistant Librarian)
3. Naw Mercy

**C. Others**

1. Saw Mya Thinn (Driver)
2. S' Aung Thein (Gardener/Driver)
3. Nant Yee Yee Win (Cook)



| ပထမနှစ် | သာသနာပိုင်နယ် | | |
|---|---|---|---|
| ၁။ ဆိုင်းနုပန် | မြစ်ကြီးနား | ၉။ စိုင်းနေအောင် | ရန်ကုန် |
| ၂။ နော်ဂျူးနာ | မန္တလေး | ၁၀။ စိုင်းသူအောင် | ရန်ကုန် |
| ၃။ ဆလိုင်းဗယ်မိန် | စစ်တွေ | ၁၁။ စောမြတိုး | ရန်ကုန် |
| ၄။ ဆလိုင်းဘူထန်ပိုင် | စစ်တွေ | ၁၂။ မေရီစုစုမြိုင် | ရန်ကုန် |
| ၅။ လုဒီယာ | စစ်တွေ | ၁၃။ စာရာဝင်းဝင်းမော် | ရန်ကုန် |
| ၆။ စောဘွယ်ဟီထူး | တောင်ငူ | ၁၄။ နော်ရှိုင်းနင်းမွန်း | ရန်ကုန် |
| ၇။ နော်လဲ့လဲ့ရွှေ | တောင်ငူ | ၁၅။ မိုင်အေးအေးသင်း | ရန်ကုန် |
| ၈။ နော်ဆဲဂေဝါးဖော | တောင်ငူ | ၁၆။ ကက်သရင်းနှင်းနုထွေး | ရန်ကုန် |

| ဒုတိယနှစ် | သာသနာပိုင်နယ် | စတုတ္ထနှစ် | သာသနာပိုင်နယ် |
|---|---|---|---|
| ၁။ ဒေးဗစ်လော့ဒ်အောင် | မြစ်ကြီးနား | ၁။ ပေါလ်ဆင်ဝါးနော် | မြစ်ကြီးနား |
| ၂။ ယောနနော်ဂျာ | မြစ်ကြီးနား, | ၂။ မိုက်ကယ်ဘုန်းဇင်အောင် | မြစ်ကြီးနား |
| ၃။ အက်စနာလွမ်ရာ | မြစ်ကြီးနား | ၃။ မစီဂျာဆန် | မြစ်ကြီးနား |
| ၄။ ဂျိမ်းစ်ဟိန်းလတ်ရာဇာ | မန္တလေး | ၄။ နော်မေဖော | မန္တလေး |
| ၅။ ရေချယ်တင်နီလှိုင် | မန္တလေး | ၅။ စောပေါလ်ကညောထူး | တောင်ငူ |
| ၆။ စောဘာမူ | တောင်ငူ | ၆။ နော်ဘွယ်စေး | တောင်ငူ |
| ၇။ မိုးဇက်ကစိုထော | တောင်ငူ | ၇။ နန့်မြတ်ဆုလင်း | တောင်ငူ |
| ၈။ စောပန်းရွှေ | တောင်ငူ | ၈။ ဆလိုင်းအိုက်တီမောသေ | စစ်တွေ |
| ၉။ ခရစ္စတီးနာတကူဖော | တောင်ငူ | ၉။ ဆလိုင်းအိုင်ဘူးကွိ | စစ်တွေ |
| ၁၀။ နော်လွင်သီတာမြင့် | တောင်ငူ | ၁၀။ မောင်အန္တြူးထွန်း | စစ်တွေ |
| ၁၁။ စောခရစ္စတိုဖာကျော်ဒိုမူး | ဘားအံ | ၁၁။ နော်ဟဲဖေဗယ်လင်း | ဘားအံ |
| ၁၂။ စောဒေါ်နေထူး | ဘားအံ | ၁၂။ စောရစ်ချက်ဂရယ်ဂရီဝေမူး | ရန်ကုန် |
| ၁၃။ နော်ယွာဟော | ဘားအံ | ၁၃။ စဂျော့စံမင်းဦး | ရန်ကုန် |
| ၁၄။ စရဲထွန်းအောင် | ရန်ကုန် | ၁၄။ စမင်းဇော်ဦး | ရန်ကုန် |
| ၁၅။ နန့်ခက်ခိုင်ဦး | ရန်ကုန် | ၁၅။ ဆလိုင်းမြင့်ဇော် | ရန်ကုန် |
| ၁၆။ မိုင်မေရီညွန့် | ရန်ကုန် | ၁၆။ နန့်စနိုးနှင်းနှင်းအေး | ရန်ကုန် |
| ၁၇။ မိုင်တင်မိုးလွင် | ရန်ကုန် | ၁၇။ နန့်မော်လီအောင် | ရန်ကုန် |
| | | ၁၈။ နော်မြတ်ဆုမွန် | ရန်ကုန် |
| | | ၁၉။ မိုင်သန္တာမြင့် | ရန်ကုန် |

| တတိယနှစ် | သာသနာပိုင်နယ် | အားသစ်လောင်းသင်တန်းသားများ | |
|---|---|---|---|
| ၁။ စောစိုးပိုင်အေး | တောင်ငူ | ၁။ ဘုန်းတော်ကြီးစောရီးဘတ် | တောင်ငူ |
| ၂။ စောဆိုဂေမူး | ဘားအံ | ၂။ ဘုန်းတော်ကြီးစောရွှေမင်း | တောင်ငူ |

# ရင်ပွင့်စကား



ချစ်သောအမေ၏ အလိုလားဆုံးသောဆန္ဒကိုဖြည့်ဆည်းခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဒီကျောင်းတော်ကြီးကို ဝမ်းနည်းခြင်း၊ ကြည်နူးခြင်း၊ ကြေကွဲခြင်းများကိုခံစားပြီး ရောက်လာတဲ့အတွက် ဒီကျမ်းစာကျောင်းတော်ကြီးက ကျွန်မဘဝရဲ့ တစ်စိတ်တစ်ဒေသပါပဲလို့ ခံစားရပါတယ်။ ပျော်ရွှင်ထာဝရဘုရားသခင်ကို ဦးထိပ်ထား၍ ကြိုးစားပြင်ဆင်လျက် . . .
နော်ရှိုင်းနင်းမွန်း



ဘုရားအမှုတော်ဆောင်ဖို့ စတင်ဆုံးဖြတ်လိုက်ကတည်းက စာတန်မာရ်နတ်ရဲ့တိုက်ခိုက်မှုအောက်မှာ အကြိမ်ကြိမ်လဲကျခဲ့ပါတယ်။ ဘုရားသခင်ရဲ့ မေတ္တာတော်ကြောင့် ပြန်လည်ဦးမော့လာနိုင်ခဲ့ပါတယ်။ ရင့်ကျက်မှုတွေကိုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဘုရားသခင် . . .
မိုင်းအေးအေးသင်း



အမှုတော်ဆောင်ရန်ပြင်ဆင်နေသော ကျွန်မအတွက် အသက်တာရင့်ကျက်မှုရှိစေရန် ဤကျောင်းတော်ကြီးက လေ့ကျင့်ပေးနေသလိုပါပဲ။
မေရီစုစုမြိုင်



နှိမ့်ချ၊ သည်းခံတတ်သော နှလုံးသားဖြင့် အစေခံနိုင်ရန် ဘုရားရှင်၏ခွန်အားပေးမှုဖြင့် ကြိုးစားပြင်ဆင်လျက် . . .
ကက်သရင်းနှင်းနုထွေး



ငါ့ဝိညာဉ်ကိုအားဖြည့်၍၊ နာမတော်အဖို့အလို့ငှာ တရားလမ်းထဲ၌သွေးဆောင်တော်မူ၏။ (ဆာလံ ၂၃း၃) လက်တွေ့ကျကျအဖြေပေးတတ်သော ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်ချီးမွမ်းလျက် . . .
စာရာဝင်းဝင်းမော်





ပြုံးပြခြင်းဟာ အားပေးမှုတစ်မျိုးပဲ။ အပြုံးလေးတစ်ပွင့် ပွင့်လန်းနိုင်ဖို့ဆိုတာ ကိုယ်ရောစိတ်ပါ ကျန်းမာဖို့လိုပါတယ်။ တန်ဖိုးရှိလှတဲ့ အပြုံးလေးပွင့်လန်းနိုင်ဖို့ ကြိုးစားကြရင်း အမှုတော်အတွက် ပြင်ဆင်ကြပါစို့ . . . ။
ဆဲဂေဝါးဖော



ဘုရားသခင်ဟာ ကျွန်မရဲ့ ရဲတိုက်ဖြစ်တဲ့အတွက် ဘုရားသခင်နဲ့ဝေးဝေးနေရမှာ အကြောက်ဆုံးပဲ။ ကျွန်မ လောကကြီးဆီမှ အရရှိချင်ဆုံးအရာဟာ မေတ္တာဖြစ်သလို လောကကြီးကို အပေးချင်ဆုံးအရာကတော့ မေတ္တာပါပဲ။
အမှုတော်မြတ်၌ . . .
နော်လှဲ့လှဲ့ရွှေ



ပညာ၏နို့ရည်စစ်ကို သောက်သုံးရတာ ဤကျောင်းတော်ပါရှင်။
နော်ဂျူးနာ



အမှုတော်ဆောင်နေတဲ့ဘဝမှာ အရာရာကိုအောင်မြင်ချင်တယ်။ ဘယ်လောက်ခက်ခဲနေပါစေ။ ဘယ်အရာကိုမဆို ဘုရားသခင်မတတ်နိုင်တာမရှိဘူးလို့ ယုံကြည်ခြင်းနဲ့လျှောက်လှမ်းကြပါစို့။
အမှုတော်မြတ်၌ . . .
ဆိုင်းနုပန်



မထိုက်တန်သော်လည်း ဤကျောင်းတော်သို့တက်ခွင့်ရခဲ့ပါပြီ။ ယခုသင်ကြားသောအချိန်ကာလတွင် ကျွန်မအပေါ်၌ လိုအပ်သော ဉာဏ်ပညာ၊ ခွန်အားများကို ပေးသနားတော်မူပါဘုရား . . . ။
လုဒီယာ



အစွမ်းအစမရှိဘဲနဲ့ ဘုရားရှင်ရဲ့အမှုတော်မှာ ပါဝင်ထမ်းဆောင်ခွင့်ရခဲ့ပါတယ်။ ဘုရားရှင်ကို တကယ်ပဲ ကျေးဇူးတင်မိပါတယ်။ ပျော်ရွှင်စွာနဲ့ပဲ ဘုရားရဲ့အမှုတော်ကို ဆောင်ရွက်ဖို့ ပြင်ဆင်နေပါပြီ။
စိုင်းနေအောင်



ခရစ်တော်၏အမှုတော်ဆောင်ခြင်း၌ သန့်ရှင်းခြင်း၊ သစ္စာရှိခြင်းနှင့် ဖြောင့်မတ်ခြင်းတို့နှင့် အသက်ဆုံး ပါဝင်ဆက်ကပ်နိုင်ရန် ကြိုးစားပြင်ဆင်နေပါသည်။
စိုင်းသူအောင်



အသက်ရှင်စဉ်ခဏလေးမှာ အဓိပ္ပာယ်ရှိသောလူသားတစ်ယောက်ဖြစ်ဖို့ လိုပါတယ်။ Who am I?
စောမြတိုး



အဓိကအချက်ဟာ သစ္စာ၊ သမာဓိနဲ့ပြည့်စုံတဲ့ ငယ်သားကောင်းတစ်ယောက်ဖြစ်ဖို့ပါပဲ။ အပြစ်သားကျွန်တော် ကိုယ်တော်နဲ့အတူ ထာဝစဉ်လက်တွဲခိုင်ဖို့ရန် အစဉ်ခွန်အားပေးတော်မူပါ။ အရာခပ်သိမ်းအတွက် ကျေးဇူးပဲဘုရား . . . ။
စောဘွယ်ဟီထူး



လက်တွေ့ရင်ဆိုင်နေတဲ့ဘဝမှာ လက်တွေ့တည်ဆောက်မှုအသက်တာ ဖြစ်ဖို့ အရေးကြီးပါတယ်။
ဆလိုင်းဗင်ယာမိန်



ဆင်းရဲ ချမ်းသာမရွေး သူတစ်ပါးအတွက်ပေးနိုင်တဲ့ အကောင်းဆုံးလက်ဆောင်ကတော့ ချစ်ခြင်းမေတ္တာအားဖြင့် "ခွင့်လွှတ်ခြင်း" ဖြစ်သည်။ သူတစ်ပါးကိုခွင့်လွှတ်တတ်သူဖြစ်အောင် ကြိုးစားကြပါစို့။
ဆလိုင်းဘူထန်ပိုင်



ရှင်မြူး ပြုံးပျော် ဒီကျောင်းတော်မှာ အမြဲတမ်းပျော်ရွှင်နေဆဲပါ။
မိုင်တင်မိုးလွင်





အနာဂတ်အတွက် ကြိုးစား၊ လေ့လာသင်ယူရင်းနဲ့ ကျောင်းတော်ကြီးကို တက်ရောက်ရတာ တကယ်ပျော်ရွှင်စရာပါ။
မိုင်မေရီညွှန့်



အမှုတော်ဆောင်ရန် ရွေးချယ်ခံရတဲ့ကျွန်မ၊ ဘုရားသခင်ရဲ့အမှုတော်ကို အကောင်းဆုံး အချိန်ပြည့်ဆက်ကပ်နိုင်ရန် ကြိုးစားနေလျက်ပါ။
နန့်ခက်ခိုင်ဦး



တစ်နှစ်ပြီးခဲ့ပါပြီ။ ဒီတစ်နှစ်ရောက်တော့ အနာဂတ်အတွက် ဘုရားရှင်ရဲ့ရွေးကောက်မှုအပေါ် ကြည်နူး၊ ဝမ်းမြောက်မဆုံးပါ။ ဒါပေမယ့် ဘုရားရဲ့အပစ်ထားခံရမှာကို ကြောက်တယ်။
ရေချယ်တင်နီလှိုင်



သမ္မာကျမ်းစာအလွန်နက်နဲတယ်။ ဦးနှောက်နဲ့မတွေးခေါ်နိုင်ဘူး။ ဘုရားဖော်ပြမှ သိနိုင်မယ်။
နော်ယွာဟေ



မထိုက်တန်ပဲ အမှုတော်မြတ်မှာ ပါဝင်ပတ်သက်ခွင့်ရတာဟာ ကျေးဇူးတော်ပါပဲ။
အက်စတာလွှမ်ရာ



ဤကျောင်းတော်တွင် Background အမျိုးမျိုးမှ လာရောက်တွေ့ဆုံကြသော်လည်း ညီအစ်ကိုမောင်နှမရင်းသဖွယ် တစ်ဦးပေါ်တစ်ဦး နားလည်ခွင့်လွှတ်ခံရခြင်းသည် ကျွန်ုပ်၏အမှုတော်ဆောင်ခြင်း၊ ပြင်ဆင်ခြင်းအတွက် ခွန်အားတစ်ခုပါပဲ။
နော်ခရစ္စတီးနာတကူဖော



လောကီလူသားတွေနေထိုင်တဲ့ ကောင်းကင်နိုင်ငံကိုရောက်နေသလိုခံစားရတယ်၊ ဘုရားရှင်ရဲ့ လူတွေအပေါ်ထားတဲ့တန်ဖိုးနဲ့ ကိုယ်ရဲ့အားနည်းချက်တွေကို ပိုပြီးသိမြင်ခွင့် ရလာခဲ့လို့ ကျေးဇူးတင်ပါတယ်။
နော်လွင်သီတာမြင့်



ခရစ်တော်ဟာ ကျွန်တော့်အတွက် ကြီးမားတဲ့မေတ္တာကြောင့် နာကျင်စိတ်နဲ့ ဖော်မပြနိုင်တဲ့ဝေဒနာတွေကို ခံစားခဲ့ရပြီး ပြန်လည်ပေးဆပ်နိုင်အောင် ဤကျောင်းတော် ကြီးကပြင်ဆင်ပေးတဲ့အတွက် ကြီးမားတဲ့အခွင့်အရေးတစ်ရပ်လို့ ကျေနပ်ခံစားမိပါတယ်။
စရဲထွန်းအောင်



ပညာတတ်အမှုတော်ဆောင်ကောင်းတစ်ယောက်ဖြစ်ချင်တယ်။ ဒါပေမယ့် . . . ပညာတတ်ကြီးဖြစ်လာမှာ ကျွန်တော်ကြောက်တယ်။
ဂျိမ်း (စ်) ဟိန်းလတ်ရာဇာ



ကျမ်းစာကျောင်းရောက်ခါစမှ အခုချိန်ထိ ဝိညာဉ်ပိုင်းမှာသော်လည်းကောင်း၊ ကျောင်းစာမှာသော်လည်းကောင်း ရေငတ်နေသောသူတစ်ဦးကို ရေတွင်းထဲသို့ကျနေသလို ခံစားရသည်။ သို့သော် မိမိကိုယ်ကို အစွမ်းသတ္တိမဟုတ်၊ ဘုရားသခင်ကွယ်ကာမှုနှင့် အသင်းတော်ကူညီမစမှုကြောင့် အရာအားလုံးကို ပူပူနွေးနွေးခံစားရသည်။
စောခရစ္စတိုဖာကျော်ဒိုမူး



အသင်းတော်တိုးတက်မှုနှင့်ကျဆင်းမှုသည် ကျမ်းစာကျောင်းပေါ်မူတည်တယ်။ ထို့ကြောင့် ကျွန်တော် ကျမ်းစာကျောင်းတက်တာ ပျော်တယ်။
စောဒေါ်နေထူး



အမှုတော်ဆောင်ခြင်းရဲ့အဓိပ္ပာယ်ကို ကျွန်တော် ဂဃနဏမသိသေးပါ။ ဒါပေမယ့် အမှုတော်ဆောင်ခြင်းဆိုတဲ့ ဘဝသို့ ခြေလှမ်းစတင်နေပြီဗျာ . . . ။
ဒေးဗစ်လော့ဒ်အောင်





အမှုတော်ဆောင်ခြင်းသည် လွယ်ကူသည့်အလုပ်တော့မဟုတ်ပါ။ ဒါပေမယ့် ပျော်ရွှင်မှုရဲ့ ဇာစ်မြစ်က ရင်မှာ ကိန်းအောင်းနေပါတယ်။ ဘုရားရှင်ကလည်း အမြဲပြုံးပြ နေပါသည်။ ဘောင်တစ်ခုတွင် အခြေအနေနဲ့အချိန်အခါကြား အမောလွယ်အိတ်နဲ့ပေ့ါ။
ယောနနော်ဂျာ

မျှော်လင့်ချက်ဆိုတဲ့အရာတစ်ခုဟာ လူတွေရဲ့စိတ်ဝိညာဉ်ကို နိုးကြားအားတက် စေသကဲ့သို့ ကျွန်တော်လည်းပဲ မျှော်လင့်ချက်နဲ့အမှုဆောင်သွားမှာပါ။
စောဘာမူ



နာခံတတ်သောနှလုံးသား၊ ရွှင်လန်းသောအသက်တာဖြင့် အမှုတော်မြတ်ကို ထမ်း ဆောင်နိုင်ဖို့ ဆုတောင်းလျက် ပြင်ဆင်ပါ၏။ ရွေးချယ်ခေါ်ယူသော ဘုရားရှင်ကို ကျေးဇူး တင်လျက် . . . ။
စောမိုးဇက်ကစိုထော



ပစ္စုပ္ပန်ဘဝဟာ အရသာအရှိဆုံးဘဝပါပဲ။
စောပန်းရွှေ



Never Sorry, Ever Jolly.
ပစ်တိုင်းထောင်လို ပျော်ပျော်ရွှင်ရွှင်ပါပဲဗျာ။
(အမှုတော်မြတ်အတွက်ပြင်ဆင်နေလျက်ပါ။)
စောစိုးပိုင်အေး



ပျော်ရွှင်မှု၊ ဝမ်းနည်းမှု၊ အောင်မြင်မှု၊ ကျဆုံးမှုတွေနဲ့ ဒွန်တွဲနေတဲ့လောကမှာ ဘုရားအတွက် အသက်ရှင်ရတာမလွယ်ပေမယ့် ဆက်လက်ကြိုးစားအသက်ရှင်နေဆဲပါ။
စောဆိုဂေမူး



ကိုယ့်အတွက် အတွေ့အကြုံပေါင်းစုံကိုပေးတဲ့ ကျောင်းတော်ကြီး၊ ဒီလိုအတွေ့အကြုံတွေကြားထဲမှာ ကောင်းတာတွေယူပြီး၊ မကောင်းတာတွေပယ်လျက် ပြုလဲခြင်းမရှိဘဲ ခံနိုင်ရည်ရှိတဲ့ အမှုတော်ဆောင်နိုင်ရန် ဘုရားသခင်ထံ မိမိအသက်တာကို ဆက်ကပ်အပ်နှံလျက် ပြင်ဆင်ကြပါစို့။

နော်မေဖော



ဟင်းအမျိုးပေါင်း (၁၀၀) ရှိတဲ့ စားသောက်စားပွဲကြီးမှာ အရသာအမျိုးစုံကို စားရသလိုပဲ၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီးမှာလည်း ရသမျိုးစုံကိုခံစားရတယ်။

နန့်နှင်းနှင်းအေး



အရင်ကမသိခဲ့တဲ့၊ မရရှိခဲ့တဲ့အသိပညာဗဟုသုတတွေ၊ အတွေ့အကြုံအသစ်တွေ သင်ခန်းစာတွေ အများကြီးရလိုက်တယ်။ အထူးသဖြင့် "မတူညီခြင်းသည် လှပခြင်းဖြစ်သည်" ဆိုတဲ့ အနှစ်သာရကိုလည်း ရရှိလိုက်တယ်။ ရှေ့ဆက်ရမယ့်အသက်တာမှာ အကောင်းဆုံး ရင်ဆိုင်ကျော်ဖြတ်နိုင်ဖို့ ခွန်အားသစ်တွေကို ရရှိလာခဲ့ပါပြီ။ ကျွန်မ အသက်ရှင်နေထိုင်ခြင်းသည် ဘုရားသခင်ရဲ့ ဘုန်းတော်ထင်ရှားဖို့အတွက်သာဖြစ်ပြီး လူတွေအတွက် အကျိုးရှိစေဖို့ လုပ်ဆောင်ရမယ်ဆိုတာ သိရှိလာခဲ့ရပြီ။

နန့်မြတ်ဆုလင်း



လေးနှစ်တာကာလအတွင်း အကြိမ်ကြိမ်လဲကျခဲ့ဘူးသလို ကျေးဇူးတော်ကိုလည်း မရေမတွက်နိုင်အောင် ချီးမွမ်းတတ်ခဲ့ပါပြီ။ လူတွေရဲ့သဘောကိုလည်း ဖတ်တတ်ခဲ့ပြီး လူတွေကို နားလည်ပေးတတ်လာပါပြီ။

"ငါလဲသော်လည်းထဦးမည်။ မှောင်မိုက်ထဲ၌ထိုင်ရသော်လည်း ထာဝရဘုရားသည် ငါ၏အလင်းဖြစ်တော်မူလိမ့်မည်။" (မိက္ခာ ၇း၈)

မထိုက်တန်ပဲနဲ့ ကျေးဇူးတော်ကြောင့် ရရှိထားတဲ့အမှုတော်ဆောင်တစ်ယောက်ရဲ့ ဘဝကိုတန်ဖိုးထားဂုဏ်ယူရင်း . . . ။

နော်မြတ်ဆုမွန်



သင်ထံမှ အသိပညာနှင့် အတတ်ပညာများမပြည့်ဝသေးဟုခံယူပါက ဘုရားနှင့် လူတိုင်းအား နာခံတတ်ဦးမည်။ ဤကျောင်းတော်ကိုတက်ရောက်လာပြီးနောက် ဘုရားရှင်ဆီမှ ရလိုက်တဲ့ချစ်ခြင်းမေတ္တာဟာ သူ့အမှုတော်မှာ လူတွေကို ချစ်တတ်လာအောင် ပြင်ဆင်ပေးနေတယ်။

နန့်မော်လီအောင်





စိတ်ပိုင်းဆိုင်ရာအတွေ့အကြုံများကို ဤကျောင်းတော်ကြီးမှာ တွေ့ကြုံရတဲ့အတွက် ကျွန်မဟာ စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုကိုရရှိခဲ့ပါတယ်။ အသိအမြင်ကျယ်လာသောသူဖြစ်လာအောင် အမြင်ဖွင့်ပေးတဲ့ ကျောင်းတော်ကြီးကို အထူးကျေးဇူးဆင်သလို ကျောင်းတော်ကိုအုပ်စိုးတဲ့ ဘုရားရှင်ကို ကျေးဇူးထာဝရတင်လျက် . . . ။

နော်ဘွယ်စေး



မထိုက်တန်လှပေမယ့် သူ့ရဲ့အမှုတော်မြတ်မှာ အသုံးပြုဖို့ရွေးချယ်ခံခဲ့ရတယ်။ ထိုက်တန်တဲ့သူတစ်ယောက်ဖြစ်ဖို့ နည်းအမျိုးမျိုးနဲ့ပြုပြင်လာခဲ့တာ (၄)နှစ်ထဲ ရောက်လာခဲ့ပြီ။ ဘုရားသခင်အတွက် ထိုက်တန်တဲ့သူတစ်ယောက်အဖြစ် အသက်ရှင်သွားမယ်။ ထိုက်တန်သူဖြစ်ချင်တဲ့ . . .

မိုင်သန္တာမြင့်



ငွေနဲ့ဝယ်လို့မရတဲ့ ဘဝရင့်ကျက်စေမယ့် အတွေ့အကြုံတွေပေးခဲ့တဲ့ ကျောင်းတော်ကြီးကို ကျေးဇူးကမ္ဘာ။

မစီဂျာဆန်



ဘဝရဲ့အဓိပ္ပာယ်အချို့ကို သိရှိလာရတယ်။ ဘုရားသခင်ရဲ့မေတ္တာတော်ကိုလည်း အတိုင်းထက်လွန်စွာ မြင်တွေ့ခံစားခဲ့ရတယ်။ နားလည်ခဲ့ရတယ်။ သစ္စာရှိသော အစေခံကောင်းဖြစ်အောင် ကြိုးစားဖို့လည်း လိုသေးကြောင်း . . . ။

နော်ဟဲဖေဗာလင်း



လေးနှစ်တာဝယ်၊ လေးနက်တွေ့ရှိ၊ ကိုယ်အာဆွေဖို့၊ ကိုယ့်သက်စွန့်ခြင်း၊ မြတ်မေတ္တာထက်၊ အဘယ်မေတ္တာ ကြီးမြတ်သနည်း။ ငါ့ရဲ့ဘဝ၊ ခန္ဓာသွေးသား၊ မခမ်းသရွေ့၊ ထိုမြတ်မေတ္တာ (ဖန်ဆင်းခံဝိညာဉ်အားလုံးအပေါ်) ထားရှိနိုင်ဖို့ ငါကြိုးစားနေမည်။

စောကညောထူး



ကျောင်းတော်ကြီးကပေးလိုက်တဲ့ပညာ၊ အသိတရားနဲ့ ဘုရားအတွက်၊ အများအတွက် ဝန်ထမ်းချင်တယ်။ လူတွေထဲမှာ ဘုရားကိုမြင်ချင်ပါရဲ့ . . . ။

စောရစ်ချက်ဂရယ်ဂရီဝေမူး

ဘုရားသခင်က ကျွန်တော့်ကို ဂျော့စ်မင်းဦးဟူ၍ နာမည်နဲ့လောကထဲမှာအသက် ရှင်ခွင့်ပေးခဲ့တယ်။ အဲဒီ လူမှာ ဘုရားသခင်ရဲ့ပုံသဏ္ဍာန်ရှိနေတယ်။ အဲဒီပုံသဏ္ဍာန် ပိုပြီးလှပအောင် ကျောင်းတော်ကြီးက အလှဆင်ပေးပါတယ်။
စဂျော့စ်မင်းဦး



လူတစ်ဦးဖြစ်လာတဲ့အချိန်မှစ၍ လူတွေလုပ်သလို လူတွေစဉ်းစားသလို၊ လူတွေ ခံစားသလို စသည့် လူနှင့်တော်လျော်သော ခံစားချက်ရှိမှသာ လူပီသမည်။ လူဖြစ်လျှင် လူပီသရန်လိုသကဲ့သို့၊ အမှုတော်ဆောင်ရန်ပြင်ဆင်သည့် ကျွန်တော်သည်လည်း အမှု တော်ဆောင်တစ်ဦးပီပီဖြစ်ရန် အားထုတ်သင့်သည်ကို နားလည်ခံစားလာရသည်။
စမင်းဇော်ဦး

အမှုတော်ဆောင်ဆိုတာ မပြည့်စုံမှုအပေါ်တွင် အခွင့်ကောင်းမယူဖို့လိုတယ်။
အမှုတော်ဆောင်ဆိုတာ အနတ္တသဘောကို လျစ်လျူရှုနိုင်ရန်လိုအပ်သည်။
အမှုတော်ဆောင်ဆိုတာ ကျည်ဆံမပါတဲ့ သင်္ကြန်အမြောက် မဖြစ်ဖို့လိုတယ်။
အမှုတော်ဆောင်ဆိုတာ လောကီရေးရာတွင် ပါဝင်ပတ်သက်ရမယ်။ ဒါပေမယ့် မခုံမင်ရဘူး။ အများကြီး အများကြီး ကျန်သေးတယ်။
မိုက်ကယ်ဘုန်းဇင်အောင်

ဘုရားအလုပ်ကို ဘုရားပဲနားလည်တယ်။ ဘုရားပဲလုပ်တတ်တယ်။ ကျွန်တော် ဘုရားအလုပ်ကိုလုပ်ဖို့အတွက် ဘုရားကိုအရင်တွေ့အောင်ရှာပြီး လုပ်ဆောင်မယ်။
ဆလိုင်းပီတာမြင့်ဇော်



မျှော်လင့်ချက်မရှိတဲ့ဘဝကနေ မြင့်မြတ်တဲ့အမှုတော်အတွက် ရောက်ရှိခွင့်ရတာ ဘုရားသခင်၏အံ့ဩဖွယ်ရာတစ်ခုပါပဲ။ မသိ၊ မတတ်၊ နားမလည် မထိုက်တန်တဲ့ ကျွန်ုပ်အား ဘုရားသခင်မှရွေးချယ်၍ တာဝန်ပေးတာ တာဝန်ယူတဲ့ဘုရား ဖြစ်သော ကြောင့်ပါပဲ။ သူ့ရဲ့စေလိုရာကို အတတ်နိုင်ဆုံးအစွမ်းအစဖြင့် လိုက်လျှောက်အသက် ရှင်ဖို့ရန် ရသင့်ရထိုက်သောပညာကို ဤလေးနှစ်အတွင်းရခဲ့ပါပြီ။ အခုကတော့ အလို တော်ကိုဝန်ခံတတ်ဖို့ပါပဲ။
ဆလိုင်းဂျွန်အိုက်ဘူးကွီ



ပြောတော့ဘုရား၊ လုပ်တော့ကိုးနိုးကားရား။ အပြောသက်သက်မဟုတ်၊ အလုပ်နှင့် သက်သေပြကြစို့။
အန္တြေးထွန်း



ကျွန်တော် အမှုတော်ကိုထမ်းဆောင်တဲ့အခါ အသုံးချဖို့ လက်နက်သုံးခုကို ကျောင်းတော်ကြီးက လေးနှစ်တာအတွင်းမှာ တပ်ဆင်ပေးပါတယ်။ အဲဒီလက်နက်တွေ ကတော့ "နာခံခြင်း၊ ခြိုးခြံခြင်းနှင့်စင်ကြယ်ခြင်း" ပါပဲ။ ပြီးတော့ သင်ယူလေ့လာမှုဟာ အမှုတော်ဆောင်တစ်ဦးအတွက် အသက်ရှင်သရွေ့လိုအပ်တယ်လို့ ကျောင်းတော်ကြီးက သတိပေးလိုက်ပါသေးတယ်။
ဆလိုင်းတိမောသေ



မပြည့်စုံတဲ့အသက်တာနဲ့ ပြည့်စုံမှုမရှိတဲ့လူတွေကို ဘုရားသခင်ဆီခေါ်သွားဖို့ ပြင်ဆင်ခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ပြည့်စုံတဲ့လူ တစ်ဦးတော့မဖြစ်နိုင်ပေမယ့် သင့်တင့်လျောက်ပတ်တဲ့ လူတစ်ဦးဖြစ်အောင် ကြိုးစားနေ ပါတယ်။ အဲဒီအသက်တာနဲ့ပဲ ကြုံဆုံလာသမျှ အကောင်းအဆိုးတွေကို မယုတ်မလွန် ခံယူတတ်လာပါပြီ။
ပေါ (လ်) ဆင်ဝါးနော်



မဇ္ဈိမနိကာယ် အလဂဒ္ဒူပမသုတ် ၌ ဗုဒ္ဓ က "ကုလ္လူပမံခေါဘိက္ခဝေ ဓမ္မံဒေသေဿာမိ နိဿရကာတ္တာယ
နောဂဟဏတ္ထာယ ဓမ္မံပိပဟာတဗ္ဗာပဂေဝ အဓမ္မာ" ဟူ၍ ညွှန်ကြားထားတော်မူသည်။ အဓိပ္ပာယ်က "ဓမ္မသည်
ဖောင်နှင့်ဥပမာတူ၏။ တစ်ဖက်ကမ်းကူးသွားရန်အတွက် ဖြစ်သည်။ ဆုပ်ကိုင်ထားရန်အတွက် မဟုတ်ပေ။ ဓမ္မကို
ပယ်သင့်ကပယ်ရမည်။ အဓမ္မအတွက် ပြောစရာမလို" ဟု ဆိုလိုသည်။

သီဟနာဒခြင်္သေ့ဟိန်းဟောက်နှင့်တူသော မည်မျှရဲရင့်ပြတ်သားသည့်မိန့်ကြားချက်ဖြစ်သနည်း။ အယူ
အဆတစ်ခုကို ဆုပ်ကိုင်ထားခြင်းမပြုလုပ်ရပေ။ အသေချည်နှောင်ထားခြင်းမလုပ်ရပေ။ ဓမ္မဖြစ်စေကာမူ အသေ
ချည်နှောင်ထားခြင်းမပြုလုပ်ရပေ။ ဆုပ်ကိုင်ထားခြင်းမပြုလုပ်ရပေ။ ဓမ္မသည် ကျင့်သုံးရန်အတွက်သာဖြစ်သည်။
ဖောင်သည် တစ်ဖက်ကမ်းကူးဖို့အတွက်သာအသုံးကျသည်။ တစ်ဖက်ကမ်းရောက်သွားပြီးသည့်နောက်၌ကား ဖောင်
ကို မြစ်ထဲ ချောင်းထဲမှာသာ ထားခဲ့ရသည်။ ဦးခေါင်းပေါ်တွင်ရွက်ပြီး၊ ပုခုံးနှင့်ထမ်းပြီး ယူသွားစရာမလိုပေ။







# ကွန်ပေါင်းပလက်ဖောင်းနှင့် ကွန်းပေါင်းအိုင်ဒီယာ ပါဂူ

ဤနေရာ၌ "ဓမ္မ" သည် ဘာသာတရားအနက်အဓိပ္ပာယ်လည်းထွက်သည်။ ဓမ္မကို သို့မဟုတ် ဘာသာ
တရားကို ကျင့်သုံးလိုက်နာဆောင်ရွက်ခြင်းသည် ဓမ္မအတွက် သို့မဟုတ် ဘာသာတရားအတွက် ပြုလုပ်ရမည့်
တာဝန်ဝတ္တရားဖြစ်သည်။ ဓမ္မကို သို့မဟုတ် ဘာသာတရားကိုအသုံးချတတ်လျှင် အမြတ်ထွက်လာနိုင်ပြီး အသုံးမချ
တတ်လျှင် အရှုံးပေါ်လာနိုင်သည်။ ရေငတ်လျှင် ရေပုံးကို ကြိုးနှင့်ဆွဲပြီး ရေတွင်းထဲကရေကို ခပ်ယူသောက်နိုင်
သည်။ ရေတွင်းထဲကရေကို ခပ်ပေးသောကြိုးနှင့်ပင် ကြိုးဆွဲချ သေကြောင်းကြံ၍လည်းရသည်။ မီးသည် အကျိုး
နှစ်ခုဖြစ်ပေါ်စေနိုင်သည်။ မီးကိုအသုံးပြု၍ လူတို့အတွက် အသက်ရှည်ရာရှည်ကြောင်း အစာအာဟာရကိုလည်း
ဖန်တီးရသည်။ မီးကိုအသုံးပြုလျက် အိုးအိမ်ကိုလည်း ပြာကျသွားစေနိုင်သည်။ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်ကိုလည်း
လောင်ကျွမ်းသွားစေနိုင်သည်။ နယူးကလီးယားစွမ်းအင်သည် ကမ္ဘာပြုဖို့အတွက်လည်း ဖြစ်နိုင်သည်။ ကမ္ဘာဖျက်ဖို့
အတွက်လည်းဖြစ်နိုင်သည်။

ဘုရားတရားတစ်ခုခုကို အစွဲသန်နေလျှင် "ငါ့ဘာသာတရားကသာ အမှန်၊ သူ့ဘာသာတရားက အမှား"
ဟူသောအစွဲမျိုးရှိနေလျှင် မိမိဘာသာတရားအတွက်ရော၊ သူတစ်ပါးဘာသာတရားအတွက်ပါ ထိခိုက်မှုရှိသွား
သည်။ ဘာသာတရားတစ်ခုခုက ညွှန်ကြားထားသော လိုက်နာသင့်၊ လိုက်နာထိုက်သည်များကို ကျင့်သုံးအပ်သည်
များကို လိုက်နာကျင့်သုံးဖို့သာ အရေးကြီးသည်။ ယင်းသို့မဟုတ်ဘဲ ဘာသာတရားကို အသုံးချနည်း လွဲချော်နေလျှင်
အကျိုးရှိခြင်းထက် အကျိုးမဲ့ခြင်းကသာ ပိုပြီးဖြစ်ဖို့အလားအလာရှိသည်။

ယင်းသဘောအဓိပ္ပာယ်ကို ဗုဒ္ဓက မဇ္ဈိမနိကာယ် အလဂဒ္ဒူပမသုတ်၌ပင် မြွေဖမ်းသူနှင့်ဥပမာပေးပြီး
မိန့်ကြားထားတော်မူပြန်သည်။ မြွေကို အမြီးက ကိုင်ပြီးဖမ်းလျှင်သော်လည်းကောင်း ခွေနေသောမြွေကို ဖမ်းလျှင်
သော်လည်းကောင်း၊ ဖမ်းသူကို မကိုက်ဘဲနေမည်မဟုတ်ပေ။ အဖျားမှာ နှစ်ခွလုပ်ထားသောတုတ်ဖြင့် မြွေလည်ပင်း
ကိုထောက်ထားပြီး ဖမ်းသူကို ပြန်မကိုက်နိုင်အောင်လုပ်ပြီးမှ ဖမ်းရသည်။ ဖမ်းနည်းမမှန်လျှင် ဖမ်းသူကိုပြန်ကိုက်
လိမ့်မည်။

မြေဖြမ်းဥပမာသည် ဘာသာတရားယုံကြည်ကိုးကွယ်သူနှင့်ပတ်သက်ပြီး အလွန်တရာ သဘာဝကျသော၊ အလွန်တရာထိမိသော ဥပမာဖြစ်သည်။ ဘာသာတရားတစ်ခုခုကို အတ္တစွဲနှင့်အသေချည်နှောင်ထားလျှင်၊ ဆုပ်ကိုင်ထားလျှင် မိမိအတွက် အကျိုးမရှိသည့်အပြင် အကျိုးမဲ့ဖြစ်သွားနိုင်သည်။ မိမိအတွက်သာမက မိမိပတ်ဝန်းကျင်အတွက်လည်းကောင်း၊ မိမိတိုင်းပြည်အတွက်လည်းကောင်း၊ မိမိကမ္ဘာအတွက်လည်းကောင်း၊ မိမိဘာသာတရားအတွက်လည်းကောင်း အကျိုးဆုတ်ယုတ်မှုဖြစ်ပေါ်လာနိုင်သည်။

ကမ္ဘာကြီးပေါ်၌ ဘာသာတရားကြီး (၄)မျိုးရှိသည်။ ဘာသာတရား (၄)မျိုးထဲက ဘာသာတရားတစ်ခုခုသည် အခြားဘာသာတရားတစ်ခုခုနှင့်ပတ်သက်ပြီး ဝေဖန်နေစရာ၊ အပြစ်ပြောစရာမလိုပေ။ ဘာသာတရားသည် လိုက်နာသင့်လိုက်နာထိုက်သော အင်္ဂါလက္ခဏာများ အနည်းနှင့်အများရှိနေကြသည်သာဖြစ်သည်။ ဦးတည်ချက်မှာလည်း တစ်ခုတည်းလိုလို ဖြစ်နေကြသည်။ ယင်းအချက်များကိုထောက်ထားလျက် ဘာသာတရားများသည် တစ်ခုနှင့်တစ်ခု မခွဲခြားသင့်ပေ။ သွေးစည်းညီညွတ်ရေးအတွက်သာ ကြိုးပမ်းအားထုတ်သင့်ကြသည်။

မဟတ္တမဂန္ဒီ မကွယ်လွန်မီက အမေရိကန်နိုင်ငံမှ အမေရိကန်လူမျိုးတစ်ယောက် ဂန္ဒီဂျီကို အားကျပြီး ဟိန္ဒူဘာသာဝင်တစ်ဦးဖြစ်လိုကြောင်း ဂန္ဒီဂျီထံအကြောင်းကြားသောအခါ မဟတ္တမဂန္ဒီသည် သူ၏ပြန်ကြားစာ၌ ဘာသာတရားယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်ပြီး သူ့အယူအဆကိုတင်ပြထားသည်။

"ကျွန်ုပ် တစ်စုံတစ်ယောက်သောသူကို ဟိန္ဒူဘာသာထဲဝင်ပါလား၊ အစ္စလမ်ဘာသာထဲဝင်ပါလားလို့ မတိုက်တွန်းဘူး။ မိမိယုံကြည်ကိုးကွယ်တဲ့ဘာသာတရားကိုသာ ယုံကြည်ကိုးကွယ်ပြီး မိမိဘာသာတရားထဲမှာ ညွှန်ကြားပြောပြထားတာတွေကို လိုက်နာကျင့်သုံးပါလို့ပဲပြောချင်တယ်။ ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်တယ်ဆိုရင် ခရစ်ယာန်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားစေချင်တယ်။ ဟိန္ဒူဘာသာဝင်တစ်ယောက် ဖြစ်တယ်ဆိုရင်လည်း ဟိန္ဒူဘာသာဝင်တစ်ယောက်လို ကြိုးစားစေချင်တယ်။ အစ္စလမ်ဘာသာဝင်တစ်ယောက် ဖြစ်တယ်ဆိုရင်လည်း အစ္စလမ်ဘာသာဝင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားစေချင်တယ်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်တယ်ဆိုရင်လည်း ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားချင်တယ်။ ဘာသာတရားတစ်ခုခု၏ လိုက်နာသင့်လိုက်နာထိုက်တဲ့ ကျင့်ဝတ်များကို လိုက်နာခြင်းမပြုမီ ရှေးဦးစွာ လူသားကောင်းတစ်ယောက်ဖြစ်လာဖို့လည်း ကြိုးစားအားထုတ်ရမယ်။ လူသားတစ်ယောက်အနေနှင့် ကျင့်ကြံလိုက်နာရမယ့် ကျင့်ဝတ်သိက္ခာဟာ ကျွန်ုပ်တို့၏ ကနဦးဘာသာတရားဖြစ်တယ်။ နောက်တစ်ခုပြောပြချင်တာရှိသေးတယ်။ ဘာသာတရားတစ်ခုခုကို မှန်ကန်တဲ့နည်းလမ်းနဲ့ လိုက်နာကျင့်သုံးတဲ့ ပုဂ္ဂိုလ်ဟာ မိမိဘာသာတရားနဲ့ သူတစ်ပါးဘာသာတရားကြားထဲမှာ ခွဲခြားတဲ့အလုပ်ကိုမလုပ်ဘူး။ မန္ဒိရ်၊ ချာ့ချ်၊ ဗလီ၊ တန်ဆောင်းများရဲ့ကြားထဲမှာလည်း ကွာဟချက်မဖန်တီးဘူး . . ."

မဟတ္တမဂန္ဒီ၏ပြန်ကြားချက်ကိုကြားသိသွားသော ထိုအမေရိကန်လူမျိုးတစ်ယောက်သည် အိန္ဒိယနိုင်ငံ၌ မတူကွဲပြားခြားနားသော ဘာသာတရားအားလုံး အဘယ့်ကြောင့် တညီတညွတ်တည်း မဟတ္တမဂန္ဒီကို လေးစားကြည်ညိုကြသည်ကို သဘောပေါက်သွားသည်။

ကမ္ဘာကြီးသည် ယခုအချိန်၌ ဘာသာတရားများ၏သွေးစည်းညီညွတ်ရေးကို လိုလားတောင့်တနေသည်။ ဘာသာတရားများ၏သွေးစည်းညီညွတ်ရေးကို မည်သို့ဆောင်ရွက်မည်နည်း။ ဘာသာတရားများ၏သွေးစည်းညီညွတ်ရေးအတွက် ဘာသာတရားတိုင်း ညီတူညာတူစွဲကိုင်ထားသော ကွန်ပေါင်းယုံကြည်ချက်၊ ကွန်ပေါင်းအကြံကို ရင်ဝယ်ပိုက်ပြီး ကွန်ပေါင်းပလက်ဖောင်းမှာရပ်ကြရလိမ့်မည်။ ဘာသာတရားအားလုံး၏ ကွန်ပေါင်းယုံကြည်ချက်၊ ကွန်ပေါင်းအကြံမှာ "ဆားဗိစ်" ဖြစ်သည်။ "ဆေ့ဝါး" ဖြစ်သည်။ "ပရဟိတ" အလုပ်ဖြစ်သည်။ ကွန်ပေါင်းပလက်ဖောင်းပေါ်မှာရပ်လျက် ကွန်ပေါင်းယုံကြည်ချက်ကို လက်တွဲပြီးဖော်ကြမည်ဆိုလျှင် ကမ္ဘာငြိမ်းချမ်းရေးသည် လက်တစ်ကမ်းရောက်ရှိလာမှာ မြေကြီးလက်ခတ်မလွဲပေ။□





# ယခုပင်နှစ်သက်ဖွယ်သောအချိန်ရှိ၏။

ဘုန်းတော်ကြီး အင်ဒရူးမန်းဇော်လွင်
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

အကျွန်ုပ်သည် ကြောက်မက်ဖွယ်သောလက္ခဏာ၊ ထူးဆန်းသောလက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍ ကိုယ်တော်ကိုချီးမွမ်းပါမည်။ ပြုပြင်တော်မူသောအမှုတို့သည် အံ့ဩဖွယ်ဖြစ်ကြောင်းကို အကျွန်ုပ်၏စိတ်ဝိညာဉ် အမှန်သိပါ၏။ (ဆာလံ ၁၃၉း၁၄)ဘုရားသခင်၏ထူးဆန်းအံ့ဩဖွယ်ရာလူသားတို့အား ဖန်ဆင်းထားတော်မူခြင်းအတွက် ဆာလံဆရာက ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်ပါသည်။ လူဖြစ်ရခြင်းနှင့် လူ၏တန်ဖိုးကို ပြန်လည်ဆင်ခြင်ရခြင်းသည်ပင် နှစ်သက်ဖွယ်အချိန်ဖြစ်ပါသည်။ လူသားများသည် မိမိနှင့်လက်လှမ်းမမီနိုင်သောအရာများကို မကြာခဏစဉ်းစားတွေးခေါ်တတ်သည်။ သို့ရာတွင် မိမိ၏အတွင်း မိမိ၏ရပ်တည်မှု အဖြစ်မှန်၊ အခြေအနေမှန်ကို လေးလေးနက်နက်ဆင်ခြင်တွေးတောခြင်းမပြုတတ်ကြပေ။ ရှင်ဩဂတ်စတင်းက လူသည်အခြားလောကသဘာဝအံ့ဖွယ်ရာများကို စဉ်းစားဆင်ခြင်သော်လည်း၊ မိမိအဖြစ်အနေသည် မည်မျှနက်နဲအံ့ဩဖွယ်ကောင်းကြောင်း ဆင်ခြင်ရန် မေ့လျော့တတ်သည်ဟု ဖော်ပြထားပါသည်။

...Men go forth to wonder at the height of mountains, at huge waves of the sea, the broad flow of rivers, the extent of the ocean, the courses

of the stars...and forget to wonder at themselves. (St. Augustion, *Confessions* X, 15.)

ဘုရားသခင်သည် လူကိုမိမိပုံနှင့်အညီ ဖန်ဆင်းထားသည်။ (ကမ္ဘာဦး ၁း၂၇) ကောင်းကင်တမန်အောက် အနည်းငယ်သာနိမ့်၍ ဖန်ဆင်းထားသည်။ (ဆာလံ၈း၅) ဟူ၍ လူ၏တန်ဖိုးနှင့်ဆိုင်သော ကျမ်းချက်များစွာ သမ္မာကျမ်းတွင် ဖော်ပြထားပါသည်။

လူတစ်ဦးသည် ဘုရားသခင်ရှေ့တွင် ထူးခြားစွာဖန်ဆင်းထားသည်။ လောကတွင် လူတစ်ဦးတည်း နှစ်ယောက်မရှိနိုင်ပေ (identical)။ လူတစ်ဦးစီသည် ဘုရားသခင့်အကြံအစည်တော်တွင် ထူးခြားစွာပါဝင်နေသည်။ (everybody has a unique role in God's plan) အသုံးမကျသောသူ၊ တန်ဖိုးမရှိသောသူ လောကမှာမည်သူတစ်ဦးတစ်ယောက်မျှမရှိပေ။ လူကိုလူလိုဆက်ဆံရန်လိုသကဲ့သို့ လူလိုတန်ဖိုးထားတတ်ရန်လည်း လိုအပ်ပါသည်။ လူတိုင်းတွင် ဤသို့အမြင်မျိုးရှိ၍၊ မိမိကိုယ်ကိုသော်လည်းကောင်း၊ တစ်ပါးသူများကိုသော်လည်းကောင်း တန်ဖိုးထားတတ်ပါက ကမ္ဘာလောကကြီးသည် ပို၍ငြိမ်းချမ်းသာယာပြီး နှစ်သက်ဖွယ်အချိန်ကာလရောက်ရှိ၍ ကျေးဇူးတော်ချီးမွမ်းဖွယ်ဖြစ်ပေမည်။ အသင်းတော်ဖခင်ကြီး အိုင်းရီးနီးယပ်စ်က လူသည် လူ့အဖြစ်အနေ အပြည့်အဝအသက်ရှင်နေခြင်းသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ (The ology of God is a person fully alive).



နှစ်သက်ဖွယ်သောအချိန်ရှိရန် လူသည် ကိုယ်၊ စိတ်၊ ဝိညာဉ်သုံးပါး မျှတကျန်းမာစွာ အသက်ရှင်ရန်လိုသည်။ လူသည် လောကကို မှန်ကန်စွာအုပ်စိုးရန် ဘုရားသခင်တာဝန်ပေးခဲ့သည်။ လောကကမ္ဘာနှင့် လူသားများ သဟဇာတဖြစ်မှသာလျှင် ပျော်ရွှင်ငြိမ်းချမ်းကြပေမည်။ ကိုယ်တစ်ဦးတည်းငြိမ်းချမ်းနေ၍မရပေ။ ပတ်ဝန်းကျင်ရှိ လူသားများနှင့် ဖန်ဆင်းခံသဘာဝငြိမ်းချမ်းရမည်။ ထိုအရာအားလုံးသည် ဆက်စပ်နေသည်။ သို့အတွက်ကြောင့် လူသည် အတ္တကြီး၍တစ်ကိုယ်ကောင်းဆန်ခြင်းများကိုချိုးနှိမ်ပြီး လောကကမ္ဘာကြီးတွင် အဓိပ္ပာယ်ရှိရှိ၊ တန်ဖိုးရှိရှိဘုရားသခင့်အကြံအစည်တော်အတိုင်း အသက်ရှင်ကြဖို့ရန် အထူးလိုအပ်ပါသည်။ ❑

ယခုပင်နှစ်သက်ဖွယ်သောအချိန်ရှိ၏။

(၂ကော ၆း၂)



# အခါလင့်တဲ့နှုတ်ထွက်စကား



(၁)

"ဆရာမ . . . ဆရာမ"

သည်းသည်းမည်းမည်းရွာနေသောမိုးသံများကြား ခေါ်သံတစ်သံက ထိုးဖောက်လာသည်။

"ကျွတ်" ဘယ်သူခေါ်ပါလိမ့်။ ဒီနားတစ်ဝိုက်မှာ "ဆရာမ" လို့ခေါ်ကြတာ ကျွန်မတစ်ယောက်တည်းရှိတယ်လေ။ တစ်စစ်စစ်ထိုးကိုက်နေသောခေါင်းကိုအသာနှိပ်ရင်း စုပ်သပ်မိသည်။ တစ်မနက်လုံး မိုးရေထဲ တစ်စွပ်စွပ်သွားကာ လူနာအိမ်များထံဆုတောင်းပေးခဲ့ရသည်။ အခုမှအဝတ်လဲကာ ကွေးမည်ကြံဆဲ။ ဟာကွာ . . . အိပ်တော့မယ်။ အခုမှအဝတ်လဲကာ ကွေးမည်ကြံဆဲ။ ... ဗွတ်မိုတ်ထွက်လာချိန်မှာတော့ လူက မူးနောက်နောက်နှင့် ခပ်အနွေးထည်ကိုခပ်တင်းတင်းဆွဲစေ့ရင်း အခန်းထဲဗွတ်မိုတ်ထွက်လာချိန်မှာတော့ လူက မူးနောက်နောက်နှင့် ခပ်ယိုင်ယိုင် ဖြစ်နေသည်။

"ဆရာမ . . . ဆရာမ"

"ဟော" ခေါ်ပြန်ပြီ။ အသည်းအသန်နေမကောင်းဖြစ်နေသော လူနာက ရှိသေးသမို့ အားတင်းရင်းထီးယူကာခြံတံခါးဆီသို့ ထွက်ခဲ့ရသည်။ ဘုန်းကြီးကလည်း ဟိုအရှေ့ဘက်ရွာကို ဘုရားကျောင်းဆောက်ဖို့ကိစ္စနဲ့သွားရတယ်ဆိုတော့ အသင်းတော်၏ကိစ္စမှန်သမျှ သူမ၏ပုခုံးပေါ်ရောက်နေသည်။ အမှုတော်ဆောင်ဘဝများ ဘယ်လောက် ဇိမ်မရှိလိုက်သလဲနော်။ ညကြီးမင်းကြီး "ဆရာမ" ဆိုလည်း ချက်ခြင်းလိုက်ရတာပဲ။ ထမင်းတစ်လုပ်တောင်မသွင်းရသေးဘူး။ "ဆရာမ" ဆိုလည်း ထလိုက်သွားရတာပဲ။

"ဆရာမ အိပ်နေတာလား"

'တူးတူးမာ' ပါလား။ သူမ၏ဆန်းဒေးစကူးအကြီးတန်းက ကလေးမလေးပါ။

"ကဲ . . . ပြော ဘာကိစ္စ"

ခြံတံခါးဆွဲဖွင့်ရင်း ခပ်ဆတ်ဆတ်ပြောမိသည်။ အိမ်နှင့်ခြံတံခါးကြားက မိုးရေတွေက ခြေမျက်စိအထက်၊ မိုးရေမစိုချင်သော သူမ စိတ် သိပ်မကြည်လင်၊ စိတ်တိုချင်သလိုပင် ဖြစ်နေရသည်။

"ဆရာမအတွက် ကန်စွန်းရွက်တွေလာပို့တာပါ"

ပုလိုင်းမှကန်စွန်းရွက်တစ်ပွဲကြီးကို ထုတ်ယူနေသောတူးတူးမာကို ကျေးဇူးတင်ဖို့ဝေးစွ ခေါင်းခေါက်လိုက်ချင်သည်။ ဘာများအရေးကြီးလဲလို့ မိုးထဲလေထဲ။

"ဪ . . ပေး ပေး၊ နောက်တစ်ခါ ဒီလို မိုးထဲလေထဲ လာပေးမနေနဲ့ . . ဖျားနေမယ်"

စေတနာလိုလိုနှင့်ပြောသော်လည်း တကယ့်စေတနာမဟုတ်ကြောင်း သူမဘာသာ သိနေသည်။ ဟန်ဆောင်ခြင်းတွေဟာ မကောင်းဘူးရယ်လို့ ဘယ်သူပဲ ဘယ်လိုကြွေးကြော်ပါစေ၊ သူမကတော့ ဟန်ဆောင်တတ်ခဲ့ပြီ။ ဟုတ်တယ်လေ၊ စိတ်ထဲကအတိုင်းသာပြောလိုက်ရမယ်ဆိုရင်တော့ တူးတူးတော့ . . .

မာနစ်သက်မယ့်၊ ပျော်ရွှင်စေမယ့် စကားထွက်လာမှာမှမဟုတ်တာ။ အခု

"ဪ . . . ဆရာမ သိပ်စိုးရိမ်တတ်တယ်နော်။ သမီးက အခုမှ လယ်ကပြန်လာတာ ဆရာမ လတ်လတ်ဆတ်ဆတ်စားရအောင်လို့ ချက်ချင်း လာပို့တာပါ။"

တက်ကြွရွှင်လန်းစွာပြောနေသော တူးတူးမာကိုကြည့်ရင်း ခေါင်းကပိုကိုက်လာရသည်။

"ကဲ ကဲ ပေး . . . မင်းလည်း မြန်မြန်ပြန်တော့"

ကန်စွန်းရွက်ကိုလှမ်းယူရင်း ပြောပြောဆိုဆိုနှင့်ပင် တံခါးကို ဆွဲပိတ်လိုက်သည်။ ဟင် . . . တူးတူးမာခြေထောက်မှ မိုးရေနှင့်ရောထွေးစီးကျနေသော သွေးစကိုတွေ့လိုက်သဖြင့် ထိတ်ခနဲဖြစ်သွားကာ မေးမည်အပြု ခေါင်းက တစ်ရိပ်ရိပ်မူးလာသည်။ ထို့ကြောင့် မမေးတော့ပဲ တံခါးကိုသာ ဆွဲပိတ်ရင်း အိမ်ပေါ်သို့တက်လာရသည်။ သွေးကြောင့် ရုတ်တရက် တူးတူးမာကို လှမ်းကြည့်မိန်္ဒ တစ်ခုခုကို အံ့ဩကာ ငုံလင့်နေသောမျက်ဝန်း တောက်တောက်လေးကို သူမအဖြေရှာမရဖြစ်နေသည်။ ဘာများမျှော်လင့်နေတာလဲ ကလေးမရယ်။ အမြဲတမ်းချိုချိုသာသာဆက်ဆံနေသော ဆရာမက ဒီနေ့မရွှင်မပျလို့ အံ့ဩနေတာလား။ ဟင့်အင်း မဟုတ်ပါဘူး။ ဟာ . . . မတွေးတော့ပါဘူး။ အာခေါင်တွေပူခြစ်နေသည်။ အဖြေရှာမရသောအတွေးနှင့် မျက်ခွံက လေးလံပိကျလာသည်။

□ □ □ □

(၂)

"ရှင်"

သူမ အံ့ဩမင်သက်သွားရသည်။ တူးတူးမာ ဆုံးပြီတဲ့။ ရှင်က တစ်ဒိတ်ဒိတ်ခုန်လျက် အဖျားပျောက်ခါစ သူမ၏ခန္ဓာကိုယ်က ပျော့ခွေမတတ်။ ငုံလင့်နေသောမျက်ဝန်းတောက်တောက်။ နောက်ဆုံးဆုံခဲ့ရခြင်းပေါ့ တူးတူးမာရေ။

"ဟုတ်တယ် ဆရာမ . . ဆရာမနေမကောင်းလို့ အိမ်ပြန်သွားပြီးနောက်(၃)ရက်ဆို တူးတူးမာလည်း အသည်းအသန်ပဲ။ မေးခိုင်ပိုးဝင်သွားတာလေ"

"မေးခိုင်ပိုး"

သူမ သံယောင်လိုက်မိသည်။ တူးတူးမာ၏ခြေထောက်မှ မိုးရေနှင့်ရောထွေးနေသော သွေးရေကျဲကျဲလေးများ။ အဲဒီနေ့ကနေ သူမ့အပြင်းအထန်ဖျားကာ အမေကိုယ်တိုင်အိမ်ပြန်ခေါ်ယူခဲ့ရသည်မဟုတ်လား။

"ဆရာ . . . မေးခိုင်ပိုးက ဘယ်လိုဝင်တာလဲဟင်"

ကလေးဆန်သလိုဖြစ်သွားသော သူ့မေးခွန်းကြောင့် ဘုန်းကြီးက သူမကို ခပ်ပြုံးပြုံးကြည့်သည်။

"အနာကနေ ဝင်တာပေါ့။ ကောင်မလေးက ကန်စွန်းရွက်ခူးရင်း ငုပ်စူးတယ် ဆိုပဲ။ တောသူတောင်သားတွေဆိုတော့ သိတဲ့အတိုင်းပေါ့ ဆရာမရယ်။ နနွင်းလေး ထည့်လိုက်၊ ဟိုဆေးဒီဆေးထည့်နဲ့ ရောဂါပိုးဝင်တော့တာပေါ့"

သူမမျက်ဝန်းမှ မျက်ရည်ကတောက်ခနဲလွင့်စင်ကျလာသည်။

သူမ ပြုပြင်ခဲ့သော ကန်စွန်းရွက်ကြောင့် တူးတူးမာ သေရတာပေါ့။

"ဆရာမ လတ်လတ်ဆတ်ဆတ်စားရဖို့ ချက်ချင်း လာပို့တာ" တဲ့။

"ဆရာမ စိတ်မကောင်းဖြစ်နေပြီလား၊ သဒ္ဓါရပေါ့ ဆရာမရေ . . . ကဲ ကျွန်တော်လည်းပြန်ဦးမယ်နော် . . . ဒီည တူးတူးမာအိမ်မှာ ဆုတောင်းကြမယ်။ ဆရာမ သွားနိုင်တယ်မဟုတ်လား . . . ။"

ခေါင်းညိတ်လိုက်စဉ် ရှိုက်သံတစ်ချက်က အင့်ခနဲ ထွက်သွားရသည်။ အဲဒီနေ့က သူမသာ တူးတူးမာအနာကို ဂရုစိုက်ကြည့်ရှုဆေးညွှန်းပေးခဲ့ရင် တူးတူးမာ အခုလိုသေမှာလား။ ဆရာမကိုခွင့်လွှတ်ပါကလေးရယ်။ ကိုယ်ခံစားနေတဲ့ ဝေဒနာကြောင့် တစ်ပါးသူရဲ့ခံစားချက်၊ လုပ်ဆောင်မှုတွေကိုဥပေက္ခာပြုခဲ့တဲ့ ဆရာမကို ခွင့်လွှတ်ပါကလေးရယ်။ ဆရာမဟာ အမှုတော်ဆောင်ကောင်း မပီသလိုက်တာနော်။ ဆရာမ ဘယ်လိုဖြေရပါ့မလဲ ကလေးရယ်။ အဲဒီနေ့က ကန်စွန်းရွက်ကို မစားခဲ့ရပါ။ အခုလောက်ဆို တူးတူးမာလို ညှိုးကြွေလောက်ရောပေါ့။

(၃)

"ဪ . . . ဆရာမပါလာတာကိုး။ ဆရာမရယ် . . ."

ညှိုးငယ်နေသော တူးတူးမာ၏အမေအသံသည် စကားမဆက်နိုင်ပဲ အသံတိမ်ဝင်သွားသည်။ သူမသည် မလုံမလဲနှင့်မျက်လွှာချကာ



တူးတူးမာ၏အမေလက်ကိုဆွဲကိုင်ကာ တိတ်တဆိတ်ငိုကြွေးမိသည်။

"မနေ့က မြုပ်တာလား"

သူမအမေးကို ခေါင်းညိတ်ဖြေရင်း တသိမ့်သိမ့်ငိုကြွေးနေသော တူးတူးမာ့အမေ ဒေါ်ခင်ဥကို သူမ မနှစ်သိမ့်ပေးတတ်တော့ပါ။ သူမကိုယ်တိုင် ဖြေဆည်လို့မရ ဖြစ်နေသည်။ အတန်ကြာမှ . . .

"တူးတူးမာဆုံးခါနီး ဆရာမအကြောင်းပြောသွားသေးတယ်။"

"ဟင် . . . ဟုတ်လား"

သူမရင်ထဲ အရမ်းသိချင်သွားသည်။

"ဘာ . . . ဘာပြောသွားလဲဟင်"

"ဆရာမ ကန်စွန်းရွက်မကြိုက်ဘူးထင်တယ်နော်တဲ့။ ကျေးဇူးတင်တယ်လို့မပြောဘူးတဲ့၊ ကယောင်ကတမ်းနဲ့ပြောသွားတာလေ"

အို . . . တစ်ခုခုကိုငုံလင့်နေသော မျက်ဝန်းတောက်တောက်ရဲ့ အဓိပ္ပာယ် အခုမှနားလည်တော့သည်။ သူတို့ကလေးတွေ သူမအတွက် တစ်ခုခုလုပ်ပေးတိုင်း 'ကျေးဇူးတင်တယ်' 'လိမ္မာလိုက်တာ' လို့ပြောရင် အရမ်းသဘောကျကြသည်။

"ဆရာမ အဲလိုပြောရင် သမီး အရမ်းပျော်တာပဲ"

လို့ တစ်ခါက တူးတူးမာ သူမကိုပြောဖူးသည်။ ကြည့်စမ်း . . . အဲဒီနေ့က သူမကိုကျေးဇူးတင်တယ်လို့ မပြောခဲ့ဘူးပေါ့။ လည်ချောင်းတစ်ခုလုံး ဆို့နင့်သွားရသည်။ စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အမြဲတမ်း တဖွဖွ ရွတ်ဆိုခဲ့ရတဲ့ "ကျေးဇူးတင်ပါတယ်" ဆိုတဲ့ စကားစုလေးကို အမှန်တကယ် လိုအပ်တဲ့အချိန်၊ လိုလားနေခဲ့တဲ့ကလေးကိုပြောဖို့ ဘာကြောင့် သူမမေ့ခဲ့ပါလိမ့်နော်။ အခုချိန်မှာတော့ ဒီစကားဟာ သိပ်နှောင်းခဲ့ပြီပေါ့ ကလေးရယ်။

"ကဲ . . . ကျွန်တော်တို့ တူးတူးမာရဲ့သတိရအောက်မေ့ခြင်းဝတ်ကို စတင်ကြပါစို့"

ဘုန်းကြီး၏အသံကြောင့် သူမ ဆတ်ခနဲဖြစ်သွားသည်။ ပြီးမှ-

"ဒေါ်ဒေါ် မနက်ဖြန် ကျွန်မကို တူးတူးမာရဲ့သင်္ချိုင်းလိုက်ပြပါလား"

ဟု ခပ်တိုးတိုးပြောမိသည်။

"ဘာဖြစ်လို့လဲ ဆရာမ . . . ဆရာမသွားနိုင်မှာလား။ အခုမှ အဖျားပျောက်ခါစ"

"ရောက်အောင်သွားရမယ် ဒေါ်ဒေါ်ရယ်။ ပြီးတော့ ကျေးဇူးတင်တယ်လို့သွားပြောမယ်"

ဟုတုန်ရီစွာပြောမိသည်။ ဒေါ်ခင်ဥက သူမကိုနားမလည်စွာ ကြည့်သည်။ ဘုန်းကြီး၏စတင်ဆုတောင်းသံကြောင့် နှစ်ဦးသား ငြိမ်သက်သွားကြသည်။ သူမ၏ပါးပြင်မှာ ပူနွေးတဲ့မျက်ရည်က တစ်လိမ့်ချင်းစီးကျ နေသည်။ ဆရာမရဲ့ အခါလင့်အချိန်နှောင်းသွားပြီဖြစ်တဲ့ နှုတ်ထွက်စကားကို မနက်ဖြန် တူးတူးမာမှကြားနိုင်ပါမလား ကလေးရယ် . . . ။□

# လိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့သူများ

လုံးလုံး

( H.C.T.C)

ရှေးဦးစွာ ဘုရားသခင်ကိုကျေးဇူးတင်ပါတယ်။ မထိုက်တန်ဘဲ အမှုတော်ဆောင်ဖို့ ရွေးချယ်ခံရပြီး (၄)နှစ်
တာ အမှုတော်ပြင်ဆင်ခွင့်ရခဲ့လို့ ဘုရားသခင်ကို အထူးကျေးဇူးတင်ပါတယ်။
- မထိုက်တန်ဘဲ ရွေးချယ်ခံခဲ့ရပြီး မပြည့်စုံတဲ့ကျွန်မအသက်တာကို စိတ်ရှည်စွာပြုပြင်ပေးခဲ့တဲ့ အံ့သြဖွယ်
ဘုရားသခင်ရဲ့ ကျေးဇူးတော်ချီးမွမ်းပါတယ်။ ကျွန်မတို့ (တတိယနှစ်)၊ မနှစ်ကသွားခဲ့တဲ့ ခရီးစဉ်လေးအကြောင်းကို
ဝေမျှချင်ပါတယ်။ ဒီခရီးစဉ်လေးဟာ ကျွန်မရဲ့အသက်တာမှာ လိုအပ်နေသေးတဲ့အစိတ်အပိုင်းကို ဘုရားသခင်
အထူးဖြည့်ဆည်းပေးခဲ့ပါတယ်။

တတိယနှစ်ရောက်မှာ အရမ်းကြောက်မိတယ်။ ဘာဖြစ်လို့လဲဆိုရင်တော့ တတိယနှစ်ရောက်ရင် အဲဒီ
မော်လမြိုင် ကို ခရီးထွက်ရလို့လေ။ မော်လမြိုင်ဆေးရုံမှာ နူနာသည်တွေနဲ့တွေ့ရမှာမို့လို့လေ။ သူတို့ကို ကျွန်မ
သနားပေမယ့် သူတို့ကို ကျွန်မကြောက်တယ်။

ဒီလိုနဲ့ တတိယနှစ်ရောက်လာတာ တကယ်ပဲ မော်လမြိုင်ခရစ်ယာန်ကိုယ်ရေပြားရောဂါကုဆေးရုံကို သွားခဲ့
ရပါတယ်။ မော်လမြိုင်ကိုရောက်ပြီဆိုတာနဲ့ လူတိုင်းကို ခြေဆုံးခေါင်းဆုံးလိုက်ကြည့်နေမိတယ်။ ဆေးရုံက.
တာဝန်ရှိတဲ့ဆရာဝန်၊ ဆရာမတွေ ရောဂါနဲ့ပတ်သက်ပြီး အသေအချာရှင်းပြကြပါတယ်။

သင်တန်းမှာ အဲဒီ အရေပြားရောဂါ (Leprosy) အကြောင်းသင်ယူရင်းနဲ့ ဒီရောဂါဟာ ကြောက်စရာ
မဟုတ်ဘဲ လူနာတွေဟာ တကယ်ပဲ ဖေးမမှုလိုနေတဲ့သူတွေဆိုတာ သိလာရတယ်။ နေ့ဘက်ဆိုရင် လူနာတွေကို
လက်တွေ့သွားလေ့လာရတယ်။ ညပိုင်းဆိုရင် လူနာဆောင်တွေ တစ်ဆောင်ဝင်တစ်ဆောင်ထွက် ကျွန်မတို့အဖွဲ့
တွေသွားပြီး သီချင်းတွေဆိုပေးတယ်။ ဆုတောင်းပေးတယ်။ အစပိုင်း မရင်းနှီးသေးတော့ ဒါတွေဟာ သူတို့အတွက်
တစ်မျိုးဖြစ်နေတယ်။ နောက်ပိုင်းမှာ ရင်းနှီးလာတော့ သူတို့ပျော်လာကြတယ်။

ညနေပိုင်း Home Visiting သွားရင်လည်း ခွန်အားပေးနှုတ်ဆက်တယ်။
လက်ဆွဲနှုတ်ဆက်တယ်။ ရင်းရင်းနှီးနှီး စကားသွားပြောကြတယ်။ ဆုတောင်းပေးတယ်။ သူတို့ကို
ဆေးရုံက လူနာတချို့ဆိုရင် ဆေးရုံကိုရောက်တာ အနှစ် (၃၀)ကျော်လောက်ရှိပြီ။ နောက်ပိုင်း သူတို့နှင့် အရမ်းခင်သွားတယ်။
ရောဂါဖြစ်လို့ရောက်လာပြီး ရောဂါပျောက်သွားပေမယ့် သူ့မိသားစု၊ ပတ်ဝန်းကျင်ကလက်မခံတော့ဘူး။ ဒါကြောင့်
အဲဒီဆေးရုံမှာပဲ သူတို့ရဲ့အိမ်လုပ်ပြီး နေလာခဲ့ကြတယ်။ တချို့ဆို အပျိုဘဝကတည်းက
လာတာ အခု အသက် (၆၀)အရွယ်လောက်ရှိနေကြပြီ။ တချို့ဆိုရင် အသက် (၁၈)နှစ် အရွယ်ကတည်းက

သူတို့တွေကိုကြည့်ပြီး ကျွန်မ သိပ်သနားလာမိတယ်။ ဒါပေမယ့် သူတို့ကတော့ ဒီဆေးရုံမှာ သူတို့ဘဝနဲ့
သူတို့ ပျော်လို့ပါပဲ။ ဒီဆေးရုံဝင်းဟာ သူတို့ဘဝ၊ သူတို့မိသားစု၊ သူတို့ရဲ့လုံခြုံရာ၊ အေးချမ်းတဲ့နေရာလေးပါပဲ။

သူတို့မှာ ရောဂါမရှိကြတော့ပါဘူး။ တချို့ကျတော့ ရောဂါသိတာနောက်ကျလို့ ကိုယ်လက်အင်္ဂါအချို့
ပြတ်တောက်သွားတာတွေရှိတယ်။ ဒါပေမယ့် သူတို့အချင်းချင်းတွေက ရောဂါသည်တွေလို့ သဘောမထားကြပါ



ဘူး။ ချစ်ချစ်ခင်ခင်နဲ့၊ ပျော်ပျော်ရွှင်ရွှင်နဲ့ နေကြတာကိုတွေ့ရတယ်။ သူတို့ဟာ ဘဝကိုအရှုံးမပေးဘဲ ရှိနေတဲ့အချိန်
လေးမှာ တစ်ဦးနဲ့တစ်ဦး အားပေးကြတယ်။ ဖေးမကူညီကြတယ်။ ဘုရားပေးထားတဲ့အသက်ကို ဘုရားပေးထားတဲ့
အချိန်ထဲမှာ မှန်မှန်ကန်ကန်အသုံးပြုသူတွေ ဖြစ်ပါတယ်။ ဝမ်းမြောက်မှုကို ဒုက္ခတွေထဲက ရအောင်ရှာဖွေခဲ့ကြ
တယ်။

ဒီခရီးစဉ်လေးဟာ မပြည့်စုံတဲ့ ကျွန်မရဲ့အသက်တာကို ဘုရားသခင်က ပြင်ဆင်ပေးခဲ့တယ်။ လမ်းပြပေး
ခဲ့တယ်။ ဒီလူနာတွေဟာ ကျွန်မလိုပဲ မြင့်မြတ်တဲ့ဘုရားသခင်ရဲ့လက်တော်နဲ့ဖန်ဆင်းခံရတဲ့ လူသားတွေပါ။ တန်ဖိုး
ရှိကြပါတယ်။ အများနဲ့ယှဉ်ဖို့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ မပြည့်စုံကြတော့ပေမယ့် သူတို့ဘဝကို ကျေနပ်ရောင့်ရဲ
စွာနဲ့ အသက်ရှင်နေကြတယ်။ *ဘဝကို အခက်အခဲတွေကြားမှ ဝမ်းမြောက်မှုကိုရအောင်ရှာပြီး အသက်တာကို*
*ကုန်ဆုံးစေတယ်။* သူတို့ကိုကြည့်ပြီး ကျွန်မ ကိုယ့်ကိုယ်ကို ရှက်လာမိတယ်။ ကျွန်မမှာ ကိုယ်ခန္ဓာပြည့်စုံနေပေမယ့်
ဘဝကို ပျော်ပျော်မနေတတ်ခဲ့ဘူး။ ကိုယ့်ကိုယ်ကို တင်းတိမ်မရောင့်ရဲတတ်ခဲ့ဘူး။ လူတိုင်းကိုလည်း ချစ်မေတ္တာ
မပေးနိုင်ခဲ့ဘူး။

အခုဆိုရင် ဒီလူနာတွေက ကျွန်မကို အထူးသတိပေးနေတယ်။ ကျွန်မစိတ်တွေကို ပြုပြင်လာနိုင်တယ်။
ဘုရားပေးထားတဲ့အသက်တာ၊ အချိန်နာရီတွေကို မှန်မှန်ကန်ကန်နဲ့အသုံးပြုသွားမယ်။ ဘုရားပေးထားတဲ့ ခန္ဓာ
ကိုယ်ကိုလည်း တင်းတိမ်ရောင့်ရဲတတ်လာတယ်။ အခက်အခဲ၊ ဒုက္ခ၊ အနှောင့်အယှက်တွေကြားမှ ဝမ်းမြောက်မှုကို
ရှာဖွေတတ်လာတယ်။ လူအားလုံးကိုလည်း အပေါ်ယံသဘောမျိုး၊ ခွဲခြားမှုမရှိပဲ ချစ်လာနိုင်ခဲ့တယ်။ လူတွေကို
အတွင်းနှလုံးသားထဲက ချစ်နိုင်အောင်ကြိုးစားလာနိုင်တယ်။

ဒီအတွေ့အကြုံလေးအားဖြင့် စာဖတ်သူတွေ တစ်ဦးစီတိုင်းဟာလည်း ဘုရားပေးတဲ့ခန္ဓာကိုယ်၊ အသက်တာ၊
အချိန်တွေကို ကျေနပ်ရောင့်ရဲတတ်ဖို့၊ အခက်အခဲတွေထဲမှ ဝမ်းမြောက်မှုကိုရှာဖွေတတ်ဖို့၊ အပေါ်ယံသဘောထက်
အတွင်းနှလုံးသားအပြည့်အဝနဲ့ လူသားအားလုံးကို ချစ်မေတ္တာပေးဝေနိုင်သူတွေဖြစ်နိုင်အောင် ကြိုးစားအသက်ရှင်
သွားကြပါစို့လို့ ခွန်အားပေးလိုက်ပါတယ်။ အထက်ဖော်ပြပါအချက်တွေရှိပြီလားလို့ မိမိကိုယ်ကို ပြန်မေးကြည့်ပါ။
လူသားအားလုံးကို ဘုရားသခင်ရဲ့ကောင်းချီးမင်္ဂလာ သက်ရောက်ပါစေ။❑

"တစ်ချိန်တစ်ခါက ရွှေအမှုတော်ဆောင်များနှင့် သစ်သားတရားဟောစင်များ ကျွန်ုပ်တို့၌ရှိခဲ့သည်။ ယခု
တွင်မူ သစ်သားအမှုတော်ဆောင်များနှင့် ရွှေတရားဟောစင်များရှိနေပြီ"

(John Trapp)

"အကျွန်ုပ်တရားဟောပါက နောက်တစ်ဖန်ဟောခွင့်ရတော့မည်မဟုတ် ဟူသောခံစားချက်ဖြင့် သေခါနီးလူ
တစ်ယောက်မှ သေခါနီးလူအများအား ဟောသကဲ့သို့ ဟောသည်။"

(Samuel Rutherford)

"သင်သည် နှုတ်ကပတ်တော်အားဟောကြားသည့် တရားဟောဆရာတစ်ဦးဖြစ်သည်။ ထို့ကြောင့် မိမိ
အလုပ်ကို မိမိနားလည်ပါ။"

(Old Puritan)

ဘုန်းတော်ကြီး ရယ်ဂျီနယ်ဘက်နက်

မှတ်ချက်။ ။ Warren Wiersbe and David Wiersbe, တို့၏ "The Elemets of Preaching"
စာအုပ်မှ ကောက်နှုတ်တင်ပြသည်။



# သက်သေခံချက်

## J. နှင်းယံတူ

ကမ္ဘာကြီးက တာဝန်ကျေပွန်စွာ နေဝန်းကို တစ်ပတ်ပတ်ခဲ့လေပြီ။ ထို့အတူ ကျွန်တော်လည်း တာဝန်ကျေ
ရဲ့လားဟု ပြန်လည်ဆန်းစစ်မိခဲ့သည်။ ဘုရားသခင်လည်း သူ့ကတိတော်အတိုင်း တစ်နှစ်အတွက် လုံလောက်သော
ကောင်းကြီးများချပေးခဲ့ပြီဟု ကျွန်တော်ယုံကြည်ပါသည်။ ထို့အတွက် ဘုရားသခင်၏ကျေးဇူးတော်ကို လှိုက်လှဲစွာ
ချီးမွမ်းပါသည်။

၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွင်း ဖြတ်သန်းခဲ့ပြီးတဲ့ကျွန်တော့်မှာ အောင်မြင်မှုတွေ၊ ဆုံးရှုံးမှုတွေ၊ စိုးရိမ်
ထိတ်လန့်မှုတွေ၊ ပျော်ရွှင်မှုတွေ စသဖြင့်များစွာရှိနေပါတယ်။ ကျောင်းတော်ကြီး၌ ပထမဦးဆုံးရင်ဆိုင်ရတဲ့ပြဿနာ
ကတော့ အင်္ဂလိပ်စာပါပဲ။ ''ဘယ်သူမပြု မိမိမှု'' ဆိုသည့်ဆိုရိုးအတိုင်း ဘယ်သူ့ကိုမှအပြစ်တင်၍မရပေ။ ကျွန်
တော့်ကိုယ်ကျွန်တော်သာ အပြစ်တင်ရမည်ပေါ့။ ကျွန်တော့်ရဲ့ပညာရေးနောက်ခံကြည့်လိုက်မယ်ဆိုလျှင် ကျေနပ်
ဖွယ်ရာ၊ အတုယူစရာစိုးစဉ်းမျှမရှိခဲ့ပေ။ အင်္ဂလိပ်စာဆိုတာ ဘယ်လိုမျိုးလဲလို့မေးရမည့်အခြေအနေရှိနေသည်။
ယခုတော့ တွေ့ပေပြီ။ နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရပေပြီ။ အစိုးရကျောင်းသားဘဝမှာ အင်္ဂလိပ်စာကြောက်ပြီး ရှောင်
လွှဲခဲ့သောကျွန်တော်သည် ကျားရှေ့မှာမှောက်ရက်လဲခဲ့ပေပြီ။ "ကိုယ်တော်သာလျှင် ကျွန်တော့်ရဲ့ခိုလှုံရာ၊ အားကိုး
ရာ" ဟူသောဆုတောင်းသံကို ငါဟဲ့ ယောက်ျား ဟူသောစိတ်ဓာတ်ပေါင်းကာ ကြိုးစားဖို့ခြေလှမ်းများစတင်လှမ်းခဲ့ပါ
သည်။ မကြာပါ။ ဤခြေလှမ်းများကို ကျွန်တော့်ရဲ့လွဲမှားသောမာနများကတားဆီးကာ ရိုက်ချိုးပစ်ခဲ့ပေသည်။
ဤသို့ဖြင့် အင်္ဂလိပ်စာကဏ္ဍမှာ "ဖွတ်ချက်၊ ဖွတ်ချက်" ဖြင့် တစ်နှစ်ကုန်သွားခဲ့ပါသည်။



အထက်ပါအတိုင်း စိတ်ဓာတ်ကျစရာအကြောင်းအရာများရှိသလို အားတက်စရာအကြောင်းအရာများ
လည်း ရှိပေသည်။ H.C.T.C ၏ကျောင်းအုပ်ကြီး "Rev. မောင်ဒို" တစ်လတစ်ခါ ညဝတ်အပြီး၌ ကျောင်းသား
များကို တွေ့ဆုံစကားပြောကြားသည့်အခါ အမှန်တကယ်ခွန်အားရစေသောသက်သေခံချက်များ၊ မိန်းမော
တွေဝေစေသည့် ကြိုးစားခဲ့ပုံများ၊ စံနမူနာယူထိုက်သည့်စိတ်ဓာတ်ရေးရာများနှင့်တကွ စည်းကမ်းများလည်း
ပါဝင်ပါသည်။ တစ်လတာအတွင်း ပင်ပန်းနွမ်းနယ်နေသောခန္ဓာနဲ့စိတ်ဓာတ်တို့ကို ပြန်လည်အားပြည့်စေခဲ့သည်မှာ
ထိုအကြောင်းအရာများဖြစ်သည်။ ထိုမျှကမသေး။ တိကျတဲ့ရည်မှန်းချက်ကို ဖြစ်ပေါ်စေခဲ့သည်။ ကျမ်းစာကျောင်း
မတက်မီ ရိုးရှင်းသောရည်မှန်းချက်မှာ အမှုတော်ဆောင်ရန်ဖြစ်သည်။ မည့်သည့်ကဏ္ဍ၌ အမှုတော်ဆောင်လိုသလဲ
ဆိုသည့်မေးခွန်းကို ယနေ့ကျွန်တော်ဖြေနိုင်ခဲ့ပါပြီ။ ကျွန်တော့်ရည်မှန်းချက်မှာ ကျွန်တော့်အတွက် မြင့်မားနေ
သည်မှန်သော်လည်းနောက်မဆုတ်ပါ။ ဘုရားသခင်သာအမှန်တကယ်ပါခဲ့မည်ဆိုလျှင် လုံလောက်ပါသည်။ အလို
တော်ကိုဝန်ခံရင်းနဲ့ပေါ့။ ဘာသာရပ်ဆရာ၊ ဆရာမတိုင်းလည်း အားပေးကြသည်။ ကူညီကြသည်။ စေတနာထား
ကြသည်။ လေးစားထိုက်ပေသည်။

ဤကျောင်းတော်ကြီးသည် ပြည့်စုံလှပေသည်။ ကျွန်တော်တို့ ကြိုးစားဖို့အခွင့်အရေးတွေ များစွာရှိနေ
ပေသည်။ အဖိုးတန်စာအုပ်များစွာရှိနေသည့်စာကြည့်တိုက်။ စစ်မှန်သောအမှုတော်ဆောင်များအတွက် လုံလောက်
သောကျောင်းစည်းကမ်း၊ ပြည့်ဝသည့်ဝိညာဉ်ရေးအတွက် ဖူလုံသောဝတ်ပြုရေးအချိန်၊ B.Th ဘွဲ့အတွက် လုံ
လောက်သောစာသင်ချိန်နှင့် ကျွမ်းကျင်သောဆရာ၊ ဆရာမများ၊ ခန္ဓာကိုယ်အတွက် အဆင့်မြင့်သောစားဖိုဆောင်၊
ကျန်းမာရေးအတွက်ဆေးဝါး၊ အားကစားပစ္စည်းများ စသဖြင့်ထောင့်စေ့ပါသည်။ ကျွန်တော်ပြောလိုသည်မှာ ဤကဲ့
သို့ ပြည့်စုံသောကျောင်းတော်ကြီး၌တက်ရသည်မှာ အခွင့်ထူးကျေးဇူးတော်သက်သက်။ လိုအပ်သည်မှာ ကျွန်တော်
တို့၏ကြိုးစားမှု။ ကျွန်တော်လည်း တာဝန်လစ်ဟင်းမှုတွေများစွာရှိခဲ့သည်။ နောက်ဆံတင်းစရာ၊ ပင်ပန်းစရာမရှိ
သောအချိန်မှာ ကျွန်တော်အစွမ်းကုန်ကြိုးစားသင့်သည်။ ယခုတော့ ထိုသို့မဟုတ်ခဲ့ပါ။ ကြိုးစားမှု၌ တစ်ခါတစ်ရံ
သဲထဲရေသွန်ဖြစ်ရသည်။ နည်းမှန်လမ်းမှန်မကြိုးစားခဲ့ပေ။ အချိန်ကိုစီမံခန့်ခွဲဖို့ မစွမ်းနိုင်ခဲ့ပါ။ ထို့ကြောင့် ကျွန်တော်
တာဝန်မကျေခဲ့ပေ။ ကမ္ဘာကြီးက တာဝန်ကျေခဲ့သည်။ ဘုရားသခင်လည်း တာဝန်ကျေခဲ့သည်။ ဆရာ၊ ဆရာမ
များလည်း တာဝန်ကျေခဲ့သည်။ နှောင်းခဲ့သောအချိန်များကို ပြန်လည်လိုချင်တမ်းတမိတာအမှန်ပါ။ ဖြစ်နိုင်လျှင်
လေးနှစ်မက ခြောက်နှစ်အထိ တက်လိုက်ချင်သည်။ သို့သော် ကျွန်တော့်ကိုယ်ကျွန်တော်မပိုင်ပါ။

အားလုံးသည် ပြီးဆုံးသွားပြီ။ နွေရာသီကျောင်းပိတ်ရက်သို့ရောက်လာသည့်အချိန်မှာ အိမ်မပြန်ဖြစ်ခဲ့ပေ။
ရန်ကုန်ကျမ်းစာကျောင်းအဖွဲ့နှင့်အတူ ကျွန်းချောင်းဘုန်းကြီးပိုင်နယ်တစ်ခုဖြစ်သော ခနိုပုပ်သို့ Mission အဖွဲ့
ဝင်အဖြစ် လိုက်ပါခဲ့သည်။ စိတ်ဓါတ်ရေးရာပျက်ပြားစေသည့် စုံစမ်းနှောင့်ယှက်မှုများစွာကြုံတွေ့ရသည်။ ပူပြင်း

**ကျွန်တော်တာဝန်မကျေခဲ့ပေ။**
**ကမ္ဘာကြီးက တာဝန်ကျေခဲ့သည်။**
**ဘုရားသခင်လည်း တာဝန်ကျေခဲ့သည်။**

ခြောက်ကပ်သည့် နေရောင်အောက်မှာ ဥဩမတွန်သော်လည်း အိမ်ကိုလွမ်းမိသည်။ ခက်ခဲပင်ပန်းမှုများကြားထဲမှာ
အဖွဲ့အစည်းနှင့်အတူ အလုပ်လုပ်ရသည်မှာ ခွကျလှသည်။ ကြည်နူးစရာအဖြစ်အပျက်များလည်းရှိခဲ့သည်။ ဘယ်
လိုပဲဖြစ်ဖြစ် ဘုရားသခင်၏လမ်းပြမှုကြောင့် ကျွန်တော်တို့အဖွဲ့ အောင်မြင်မှုများရရှိခဲ့ကြသည်။ ဗိမာန်တော်တစ်
ဆောင် ဆောက်လုပ်နိုင်ခဲ့သည်။ ရွာပိုင်ရေကန်ကို တချို့တစ်ဝက်တူးပေးခဲ့သည်။ ဓမ္မပညာသင်တန်း ကရင်ဘာသာ
စာပေသင်တန်းတို့ကို အောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့ကြသည်။ သက်သေခံချက်များကြောင့် ပြောင်းလဲလာသောသူ
များလည်းရှိပေသည်။ ပင်ပန်းနွမ်းနယ်မှုကြားထဲမှာ ဤကဲ့သို့သော အသီးအပွင့်များကိုစားသုံးရသည့်အတွက် ဖော်ပြ
မစွမ်းသာသောပီတိကိုစားသုံးကြရသည်။ အောင်လံလွှင့်ကာ ပြန်လာသောအဖွဲ့ကို ကြိုဆိုမည့်သူရှားပါးသော်လည်း
ဘုရားသခင်၏ကောင်းကင်တမန်များ ကြိုဆိုနေခဲ့ကြောင်း ယုံကြည်မိသည်။

ခနိပုပ်မှအပြန် ရန်ကုန်သို့ တိုက်ရိုက်မပြန်ဖြစ်ခဲ့ပါ။ ကျွန်းချောင်းမှာသောင်တင်ခဲ့သူမှာ ကျွန်တော်တစ်ဦး
တည်းဖြစ်သည်။ ကျွန်းချောင်းသည်ခေါင်သော်လည်း နေချင်စရာနေရာတစ်ခုပါ။ အသင်းသူ၊ အသင်းသားတွေများ
ကြသည်။ သူတို့မှာ အစွမ်းအစရှိသည်။ အင်အားတောင့်ကြသည်။ သူတို့ထံမှ ပညာများစွာ ကျွန်တော်သင်ယူခဲ့ပါ
သည်။ ကျွန်းချောင်းသို့မသွားလိုကြောင်း ပြောကြသည့်အချို့သော့သူများကြောင့် သူတို့တွေ စိတ်အားငယ်နေကြ
သည်။ ဤနှစ်တွင်တော့ ကျမ်းစာကျောင်းသားအချို့ရောက်သွားသည့်အတွက် ပျော်နေပေလိမ့်မည်။ မည်သို့ပင်ဖြစ်
စေကာမူ ကျွန်းချောင်းရွာသည် ချစ်စရာကောင်းသည်။ ကျွန်တော်အတတ်နိုင်ဆုံး လုပ်စရာများကို ပါဝင်ကူညီခဲ့
သည်။ လူငယ်များကိုဦးဆောင်ရသည်မှာ ကမောက်ကမ နိုင်လှသည်။ နောက်ဆုံးအဆင်ပြေခဲ့သည်။ ဂရန်း၌
စိန်ရတုပွဲတွင်သွားရောက်ခွင့်ရသည်။ တူးချောင်ဓမ္မပညာသင်တန်း၌ ပါဝင်ခွင့်ရသည်။

ဤသို့ဖြင့် ရန်ကုန်သို့ပြန်ရောက်ခဲ့သည်။ စာကြည့်တိုက်၌လုပ်အားပေးလုပ်ရန် ကျောင်းမပိတ်ခင်ကတည်း
က အချိန်အချက်ပြုလုပ်ထားသဖြင့် ပြန်လာခဲ့ခြင်းဖြစ်ပါသည်။ စာကြည့်တိုက်တွင်လည်း ဗဟုသုတများစွာရရှိ
ပါသည်။ စာအုပ်မဖတ်နိုင်သော်လည်း စာအုပ်အမျိုးအစားများကိုသိရှိခြင်း။ စာအုပ်စီပုံစီနည်း၊ စာကြည့်တိုက်၏
လိုအပ်သောအနေအထားစသည့်တို့ကို သိရှိရသည့်အတွက်ပင်ဖြစ်သည်။ H.C.C ၌ မဟာရန်ကုန်ဓမ္မပညာ
ကလေးများသင်တန်း၌လည်း ပါဝင်ခွင့်ရသည်။ ဓမ္မပညာ (Sunday School) နှင့်ပတ်သက်လျှင် ရှောင်လွှဲခဲ့
ဖူးသော ကျွန်တော်သည် ကလေးများကိုချစ်တတ်လာသည်။ ကလေးများထဲ၌ စစ်မှန်သောပျော်ရွှင်မှုကို ကျွန်တော်
ရှာဖွေတွေ့ရှိခဲ့သည်။

နွေရာသီကျောင်းပိတ်ရက်ကာလတစ်လျှောက်လုံးသည် ကျေနပ်စရာကောင်းပါသည်။ ဘုရားသခင်၏အမှု
တော်၌ ကျွန်တော်လုပ်နိုင်သလောက်လုပ်ခဲ့ရသည်။ ပါဝင်ခွင့်ရခဲ့သည်။ ထိုအစီအစဉ်များထဲမှ အတွေ့အကြုံ
ဗဟုသုတများကို သင်ယူခဲ့သည်။ ဘုရားသခင်သည် သူ့ရဲ့ကတိအတိုင်း၊ တာဝန်အတိုင်း တစ်နှစ်ပတ်လုံး ကျွန်တော့်
ကိုကြည့်ရှုခဲ့သကဲ့သို့ နွေရာသီ၌လည်း ကြည့်ရှုခဲ့ပေသည်။ ကျွန်တော်မလုပ်နိုင်ခဲ့သောအလုပ်များကို ဘုရား သခင်
ကူညီခဲ့သည်။ ဥပမာ - ခနိပုပ်ဓမ္မပညာကလေးများသင်ခန်းအတွက် ပန်းချီဆွဲပေးခြင်းမျိုးဖြစ်သည်။ ပန်းချီ
နှင့်ပတ်သက်လျှင် မျဉ်းတစ်ကြောင်းမျှ မဆွဲတတ်သော ကျွန်တော့်ကို ဘုရားသခင်အမှန်တကယ်လမ်းပြခဲ့ပါသည်။
ဘုရားသခင်သည် ကျွန်တော့်ကိုတာဝန်ပေးပြီး ကျွန်တော်လုပ်သည့်အခါ ဖြစ်လာသည့်အကျိုးဆက်အားလုံးကို
တာဝန်ယူခဲ့ပါသည်။ ကျောင်းဖွင့်စဉ်တစ်နှစ်ပတ်လုံး တာဝန်မကျေခဲ့သောကျွန်တော်သည် နွေရာသီအစီအစဉ်
များ၌ ပါဝင်ရာမှရရှိလာသောပျော်ရွှင်မှုဖြင့် အစားထိုးရပေလိမ့်မည်။ ထိုကျောင်းတက်စဉ်ကာလကို မေ့ပစ်လိုက်
ခြင်းမဟုတ်ပါ။ မိမိစိတ်ဓာတ်ကို မိမိပြန်အားပေးသည့်အနေဖြင့် အစားထိုးခြင်းဖြစ်သည်။

ဤ ၂၀၀၄-၂၀၀၅ပညာသင်နှစ်တွင် တာဝန်ကျေပွန်အောင်ကြိုးစားမည်ဟု ဘုရားသခင်ကို ကတိပေးမိ
ပါကြောင်း . . . ။❑

*"ငါ၏ခိုလှုံရာ၊ ငါ၏ခံတပ်၊ ငါကိုးစားရာဘုရားသခင်ပေတည်းဟု ထာဝရဘုရားအား ငါဝန်ခံမည်။" (ဆာလံ ၉၁း၂)*






Left - His Gra
Holiness of Et
Below - At St M
Photos: Richard

## အီရတ်နိုင်ငံသည် နိုင်ငံတကာ၏အကူအညီ လိုအပ်နေပြီဟု ပုပ်ရဟန်းမင်းကြီးပြောကြား

မုပ်ရဟန်းမင်းကြီးဂျွန်ပေါသည် အီရတ်နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် နိုင်ငံတကာမှ ဝိုင်းဝန်း
ကူညီကြရန် ပြောကြားသည်။ ပုပ်ရဟန်းမင်းကြီးက အထက်ပါမိန့်ခွန်းကို သံတမန်များတွေ့ဆုံပွဲတစ်ခု၌ မိန့်ကြား
ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပုပ်ရဟန်းမင်းကြီးက စစ်ဘေးစစ်ဒဏ်ခံစားနေရသော အီရတ်ပြည်သူလူထုကို ကူညီရန်မှာ
နိုင်ငံတကာအသိုင်းအဝိုင်းမှ ယနေ့ပြုလုပ်ရန် အရေးကြီးဆုံးလုပ်ဆောင်မှုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သို့မှသာ
စစ်ဘေးစစ်ဒဏ်ခံနေရသော အီရတ်နိုင်ငံကို ဒီမိုကရေစီစနစ်နှင့်အညီ ပြန်လည်ထူထောင်ကာ နိုင်ငံတကာ အသိုင်း
အဝိုင်း၌ ပြန်လည်ဝင်ဆန့်လာနိုင်မည်ဖြစ်သည်။ ထို့ပြင် မုန်းတီးမှုများ၊ ကြောက်ရွံ့မှုများ၊ လှည့်ဖျားမှုများကို
ပေါ်ပေါက်စေသည့် အကြမ်းဖက်မှုများပေါ်ပေါက်လာခြင်းသည် ကမ္ဘာပေါ်ရှိလူသားတိုင်း၏တာဝန်ဖြစ်ကြောင်း
ပြောကြားခဲ့သည်။

## ကင်တာဘာရီသာသနာပိုင်ချုပ်ကြီး သန့်ရှင်းရာနယ်မြေသို့ အလည်အပတ်သွားရောက်ခြင်း

ကင်တာဘာရီသာသနာပိုင်ချုပ်ကြီး ရိုဝမ်ဝီလျံသည် ဇန်နဝါရီ (၂၅-၃၀) ၌ ယေရုရှလင် အက်ပီစကိုပယ်
သာသနာပိုင်သို့ သွားရောက်လည်ပတ်ခဲ့သည်။ သူ၏ခရီးစဉ်အတွင်း၌ ဂျော်ဒန်နိုင်ငံအပြင် အသင်းတော်များ၊
အဖွဲ့အစည်းများ၊ အစိုးရနှင့် ပါလက်စတိုင်းရှိ တစ်လုံးတစ်ဝတည်းဖြစ်ရေးလုပ်ဆောင်ချက်ခေါင်းဆောင်များနှင့်
သွားရောက်လည်ပတ်တွေ့ဆုံခဲ့သည်။ သာသနာပိုင်ချုပ်ကြီးနှင့်အတူ Rev. Canon Herman Browne (အင်္ဂလိ
ကန်သဟာယအတွင်းရေးမှူး) နှင့် Rev. Jonathan Jenniys တို့ အတူပါဝင်လိုက်ပါခဲ့ကြသည်။ သာသနာပိုင်ကြီး

သည် ဒေသအတွင်း သာသနာပိုင်များ၊ ဘုန်းတော်ကြီးများနှင့် ယေရုရှလင်သာသနာပိုင်နယ်၏ အနာဂတ် ရည်မှန်းချက်များကို ဆွေးနွေးဖြေဆိုခြင်းဖြင့် အချိန်တော်တော်များများကို အသုံးပြုခဲ့သည်။ ဂျော်ဒန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်၌လည်း အဗ္ဗဒူလာ (၂) ဘင်ဟူစိန် (Abdullah II BinAl Hussein) က လှိုက်လှဲစွာ ဧည့်ခံကြိုဆိုပြီး၊ သာသနာပိုင်ကြီး (Raih) နှင့်အတူ ဘုရင်နှင့် ရင်းနှီးပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးခဲ့သည်။ ဂျော်ဒန်နိုင်ငံသို့ရောက်ရှိနေစဉ်ကာလအတွင်း ဗြိတိသျှသံအမတ်ကြီးနှင့်ဝန်ထမ်းများက သာသနာပိုင်ချုပ်ကြီးကို ကူညီခဲ့ကြသည်။ ဂျော်ဒန်နိုင်ငံရှိ သာသနာကျောင်းသို့ သွားရောက်ခဲ့သည့်အပြင် (Anglican Church of Redeemer) ၌ပြုလုပ်သော တစ်လုံးတစ်ဝတည်းဆိုင်ရာဆုတောင်းဝတ်ပြုခြင်း၌လည်း ပါဝင်ခဲ့သည်။ အလည်အပတ်ခရီးစဉ်၌ အစ္စရေးနှင့် ပါလက်စတိုင်းလူမျိုးများနှင့်လည်း တွေ့ဆုံခဲ့သည်။ ထို့ပြင် သာသနာပိုင်ကြီးသည် အစ္စရေးသမ္မတနှင့် (Moshe Katsay) ဝန်ကြီးချုပ် Ayrahem Poraz ထံ အလည်အပတ်သွားခဲ့သည်။ ထို့နောက် ပါလက်စတိုင်းရှိ Natan Sharansky ဦးဆောင်သည့် ငြိမ်းချမ်းရေးနှင့် ပြန်လည်ကျေအေးရေးဆောင်ရွက်ရသောအဖွဲ့ငယ်လေးနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ နောက်ပိုင်းရက်များ၌ အနောက်တံတိုင်း (Western wall)နှင့် အယ်လ်အဲက်စာ (AlAasa) ပလီများသို့လည်း ယေရုရှလင်ရှိ ရောမကာသိုလစ်ခေါင်းဆောင်၏ ဖိတ်ခေါ်မှုအရ သွားရောက်ခဲ့သည်။ ထို့နောက် ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ် (Yasser Arafat) နှင့် အခြားသောခေါင်းဆောင်များ၏ ဖိတ်ခေါ်မှုကြောင့် သာသနာပိုင်ချုပ်ကြီးနှင့်အဖွဲ့သည် ဗက်လင်မြို့ရှိအသင်းတော် (The church of Nativity) နှင့် နာဇရက်မြို့သို့ သွားရောက်ခဲ့ပြီး နာဇရက်မြို့ရှိ (Magaret's Guest house and Hostel) ၌ အနားယူခဲ့သည်။

သာသာနာပိုင်ချုပ်၏ခရီးစဉ်နောက်ဆုံးနေ့၌ ပါလက်စတိုင်းဒေသရှိ အကျော်ကြားဆုံးပညာရေးဌာနတစ်ခုဖြစ်သည့် (Bishop Riah) အထက်တန်းကျောင်းနှင့် ခရစ်တော်အသင်းတော်ဟုအမည်ရသည့် မူလတန်းကျောင်းများသို့ သွားရောက်ခဲ့သည်။ ထို့နောက် သန့်ရှင်းသောမိသားစုအသင်းတော် (The church of Holy Family) သို့သွားရောက်ကာ (The church of Beatitides) ၌ပွဲတော်ကိုစီရင်ခဲ့သည်။ ထို့ပြင် (St. George's college) သို့ သွားရောက်ကာ တွေ့ကြုံရသောအခက်အခဲများ၊ ပြန်လည်တည်ဆောက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားဖြည့်ဆည်းပေးခဲ့သည်။

## ဓမ္မအတွေးအခေါ်ဆိုင်ရာ ပညာရေးအတွက် အင်္ဂလိကန်သဟာယဝင်နိုင်ငံများ အနာဂတ်ဆီသို့ ပူးပေါင်းဆောင်ရွက်ခြင်း

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း၌ အင်္ဂလိကန်သဟာယရှိခေါင်းဆောင်ကြီးများက ဓမ္မအတွေးအခေါ်ဆိုင်ရာပညာရေး၏အရေးပါမှုကို သတိပြုမိခဲ့ကြသည့်အတိုင်း နှစ်ပတ်လည်သာသနာညီလာခံတိုင်း၌ ဓမ္မပညာတိုးတက်ဖွံ့ဖြိုးစေရန် မည်သို့ထောက်ပံ့ကူညီရမည်ကို အဖြေရှာဆွေးနွေးခဲ့ကြသည်။ သဟာယနယ်အတွင်းရှိ သာသနာပိုင်ချုပ်နယ်တိုင်း၌ ကြွယ်ဝသောအရင်းအမြစ်များရှိကြောင်း သတိပြုမိပြီး ထိုအရာများကို တိုးတက်ဖွံ့ဖြိုးစေရန်အတွက် အကူအညီများပေးရန် ဆုံးဖြတ်ခဲ့ကြသည်။ ကင်တာဘာရီသာသနာပိုင်ချုပ်ကြီး ရိုဝမ်ဝီလျံ (Rowon Willians) ကလည်း အတွေးအခေါ်ပညာရေးကဏ္ဍသည် သူ၏သာသနာ့လုပ်ငန်းများထဲ၌ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း ကြေငြာခဲ့သည်။ သို့ဖြစ်၍ (Rowon Willians) ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးဖြစ်လာခြင်းသည် ဓမ္မတွေးခေါ်ဆိုင်ရာကဏ္ဍ အရှိန်အဟုန်မြှင့်လုပ်ဆောင်ရေးအတွက် တွန်းအားတစ်ခုဖြစ်လာသည်။ (မေလ ၂၀၀၃ ခုနှစ်) ၌ ပြုလုပ်သော သာသနာ့ခေါင်းဆောင်ကြီးများ၏အစည်းအဝေး (Primate meeting) ၌ အင်္ဂလိကန် သဟာယအတွက် ဓမ္မအတွေးအခေါ်ပညာရေး (TEAC) ဟုအမည်ရသော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့သည် (၂၀၀၇)ခုနှစ်၌ လုပ်ငန်း၏အခြေအနေကို အသေးစိတ်ပြန်လည်တင်ပြရမည် ဖြစ်သည်။ (TEAC) ၏ ရည်မှန်းချက်ပန်းတိုင်များမှာ . . .



- သဟာယနယ်ရှိ လူတိုင်း (Bible) ဖတ်ရှုလေ့လာရာတွင် ကျွန်ုပ်တို့မည်သူဖြစ်ကြောင်း၊ မည်သည့်အချိန်၊ မည်သည့်နေရာသို့ရောက်နေကြောင်း၊ အပြည့်အဝသတိပြုမိစေရန်အတွက် စနစ်တကျတည်ဆောက်ထားသော စိန်ခေါ်မှုများပြုလုပ်ရန်။
- အင်္ဂလိကန်ဆိုသည့်အနှစ်သာရနှင့် မည်သို့သောအသင်းတော်ဖြစ်လာရန် ကျွန်ုပ်တို့အလိုရှိကြောင်း စသည့် အသိအမြင်များကို ပိုမိုခိုင်မာစွာတည်ဆောက်ပေးရန်။
- ဓမ္မတွေးခေါ်ဆိုင်ရာပညာရေးသည် သင့်တော်သည့် အသက်မွေးဝမ်းကြောင်းနှင့် တစ်လုံးတစ်ဝတည်းဆိုင်ရာ၊ သတိတရားဆိုင်ရာ မည်ကဲ့သို့ဖြန့်ဝေပေးနိုင်ကြောင်း ရှင်းလင်းသည့်အကြံဉာဏ်များပေးရန်။
- ယုံကြည်သူအဖွဲ့အစည်း၌ သင်ကြားခြင်းယဉ်ကျေးမှုကိုဖန်တီးရန် စသည်တို့ဖြစ်သည်။

(TEAC) ၏လုပ်ငန်းများ၌ သာသနာပိုင်များ၊ ဘုန်းတော်ကြီးများ၊ သင်းထောက်များ၊ အသင်းသားခေါင်းဆောင်များနှင့် အသင်းသူ၊ အသင်းသားများအားလုံး၏ ဓမ္မတွေးခေါ်ဆိုင်ရာ ပညာရေးမြှင့်တင်ပေးရန် အသိကျယ်ပြန့်စွာပါဝင်သည်။ အင်္ဂလိကန်များ အတွေးအခေါ်ပညာရေး၌ မည်ကဲ့သို့ ထိရောက်စွာပါဝင်နိုင်မည်နည်းဟူသည့် အချက်အပေါ် အာရုံစူးစိုက်၍ ဆောက်ရွက်လျက်ရှိသည်။

(Shalom) ပရိသတ်များခင်ဗျား . . . ဓမ္မတွေးခေါ်ဆိုင်ရာပညာရေးသည် အသက်အရွယ်တိုင်းအတွက်၊ အခြေအနေအဆင့်အတန်းတိုင်းအတွက်ဖြစ်သည်။ ဤအတွက်လည်း သက်ဆိုင်ရာများမှ ထိရောက်စွာဆောင်ရွက်လျက်ရှိပါ၍ ဓမ္မပညာရေး၌ (Shalom) ပရိသတ်များလည်း အားကြိုးမာန်တက်ပါဝင်ကြပါကုန် . . .။

## လိင်တူဆက်ဆံသူ သာသနာပိုင်၏ ဘိသိက်တင်ခြင်းအခမ်းအနား

နိုဝင်ဘာ (၂)ရက်၊ ၂၀၀၃ခုနှစ်၌ ပထမဆုံးအကြိမ်အဖြစ် လိင်တူဆက်ဆံသူ (gay) တစ်ဦးအား သာသနာပိုင်အဖြစ် ဘိသိက်ပေးခဲ့သည်။ ဤသို့ ဘိသိက်ပေး Whittemore Centerpost of the University ၌ သူ၏ဘိသိက်ခံခြင်းအခမ်းအနားကို ခံရသည့် သာသာနာပိုင်မှာ ဂျင်း (န်) ရော်ဘင်ဆင် (Gene Robinson) ဖြစ်ပြီး အငြင်းပွားဖွယ်ရာနှင့် မမေ့နိုင်ဖွယ်ရာ ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့သည်။ ထိုနေ့သည် အင်္ဂလိကန်သမိုင်း၌ ချီးမွမ်းထောပနာပြု ဩဘာပေး သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ခဲ့ရသည်။ Gene Robinson အား ဘိသိက်ပေးခြင်းကို စိတ်မချမ်းမြေ့သူများလည်းရှိသည်။ သို့ဖြစ်၍ ကြသောသူများ အများအပြားရှိသကဲ့သို့ ဤဖြစ်ရပ်နှင့်ပတ်သက်၍ အခြေအတင် အငြင်းပွားမှုများ ဖြစ်ခဲ့သည်။ သို့သော်လည်း ဘိသိက်ပေးခြင်းမတိုင်မီ သာသနာလွှတ်တော်များ၌ ဆုံးဖြတ်ခဲ့ကြသည်။ သမ္မာကျမ်းစာနှင့်မကိုက်ညီသော နောက်ဆုံး၌ Gene Robinson အား ဘိသိက်ပေးရန် ချစ်ခြင်းမေတ္တာအခြေခံ၍ စည်းလုံး ဘိသိက်ပေးမှုဖြစ်သောကြောင့် အပြင်းအထန်ကန့်ကွက်သူများရှိသကဲ့သို့ နှစ်ခြိုက်ကြသည့်သူများလည်း ရှိသည်။ Gene ညီညွတ်ရေးအတွက်ရှေးရှု၍ ဤဘိသိက်ပေးမှုကို သဘောတူ နှစ်ခြိုက်ကြသည့် သာသနာပိုင် (၃၈)ဦးမှ သဘောတူလက်မှတ်ထိုးပြီး Robinson အား ဘိသိက်ပေးရန် အမေရိကန်ရှိ Episcopal သာသနာပိုင် လိင်တူဆက်ဆံသူတစ်ဦးအား အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ၊ အင်္ဂလိကန်အသင်းတော်သည် သာသနာပိုင်ဘိသိက် ပထမဆုံးပေးသည့်အသင်းတော်အဖြစ် မှတ်တမ်းဝင်သွားပြီဖြစ်သည်။❑


ကိုးကားစာအုပ်များ
- Anglican, Episcopal World, ISSUE No.111, 112, 113
- Sharing (သတင်းတိုထွာဝေငှလွှာ), Vol-4, No-2.ဝ

# ရာလုပ်ဒခ်ပုံး



တစ်နေ့ ကျောင်းသားနှစ်ယောက် စကားလက်ဆုံကျလာရာမှ တစ်ယောက်က . . .

ပထမလူ။ — ။ သူငယ်ချင်း၊ သီဩလော်ဂျီဆိုတာ ဘာလဲ . . . ?

ဒုတိယလူ။ ။ အေး . . . ၊ မင်းကို ဘုရားအကြောင်းရှင်းပြရင်းနဲ့ ဘာမှန်းကိုမသိအောင် မင်း ခေါင်းရှုပ်သွားပြီဆိုရင် အဲဒါ သီဩလော်ဂျီပဲတဲ့ . . . ဟူသတည်း။

ပစ်တိုင်းထောင်

## တော်ပါတော့ ဆရာရယ်

အသင်းတော်တစ်ပါးတွင် ဆုတောင်းအလွန်ကြာသော ဆရာတစ်ပါးရှိသည်။ သူဆုတောင်းလျှင် အနည်းဆုံး နာရီဝက်ကြာသည်။ တစ်ရက်သော တနင်္ဂနွေတွင် ဆရာသည် ဝတ်ပြုစည်းဝေးတစ်ခု၌ဆုတောင်းရာ နာရီဝက်မက မိနစ် (၄၀) ပင်ကျော်လေပြီ။ ထိုအချိန်အထိ အဆုံးမသတ်နိုင်သေးသောကြောင့် သည်းမခံနိုင်သော အသင်းသားတစ်ဦးက ဆုတောင်းနေစဉ်ပင် အာမင် ဟုဆိုရာ အခြားသူများလည်း သူနှင့်အတူအာမင်ဟု ရောချလေသည်။ ထိုအခါ အားမရနိုင်သေးသောဆရာက ဆက်၍ဆုတောင်းရာ "အာမင်ပြီးနောက် ဆက်လက်ဖြည့်စွက်ဆုတောင်းလိုသည်မှာ . . . " ဟူ၍ဆက်လေတော့သည်။

ဖိုးထော

## အားပေးလိုက်တဲ့ပုံက

Peter။ ။ ငါ ဘောလုံးမကန်စားတတ်ဘူး၊ ဂစ်တာလည်းမတီးတတ်ဘူး။ သူများအလယ်မှာမျက်နှာငယ်ရတယ်ကွာ။

John။ ။ မင်း ခရစ်တော်ကိုစံထားပြီး ကျောင်းလာတက်နေတာမဟုတ်လား။

Peter။ ။ ဟုတ်တယ်။

John။ ။ မျက်နှာမငယ်နဲ့၊ အားလည်းမငယ်နဲ့၊ ခရစ်တော် ဘောလုံးကစားတယ်၊ ဂစ်တာတီးတယ်ဆိုတာ တစ်ခါမှမကြားဖူးပါဘူး။

ပရုတ်လုံး





## ခြိုးခြံခြင်း

တစ်ခါက Sunday School ဆရာမအသစ်စက်စက်ကလေးတစ်ယောက်သည် ဝါတွင်းကာလ ခြိုးခြံခြင်းအကြောင်းကို အားရပါးရပြောပြနေလေသည်။ ထို့နောက် သူ၏တပည့်များအား တစ်ယောက်စီပြန်၍ မေးလေသည်။

ဆရာမ။ ။ သားက ဝါတွင်းကာလ ဘာခြိုးခြံမယ် စိတ်ကူးထားလဲ။

ကလေး။ ။ သားက Sunday School တက်တာကို ခြိုးခြံမယ် စိတ်ကူးထားပါတယ်ဆရာမ။

တီးတီး (B.Th I)

## များပါတယ်

ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧဝံဂေလိခရီးစဉ်ထွက်လာသော လူငယ်တစ်စု၊ ကျေးလက်တောရွာတစ်ခုတွင် ညဉ့်နက်သည်အထိ ဖျော်ဖြေသက်သေခံဝေမျှခဲ့ကြသည်။ မိုးလင်း၍ ခရီးဆက်ရန်ပြင်ဆင်ထုပ်ပိုးနေချိန်တွင် အဒေါ်ကြီးတစ်ဦးရောက်လာပြီး . . .

"ဆရာတို့ပြန်ကြတော့မှာလား . . . ဖြစ်နိုင်ရင် သုံးလေးညလောက်ဆက်ပြီးနေစေချင်တယ်။"ဟုဆိုရာ အဖွဲ့ခေါင်းဆောင်က "ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်တို့မှာ ခရီးဆက်စရာလေးတွေရှိသေးလို့ပါ။ ကြည့်ရတာ ဒေါ်ဒေါ် ညက အတော်လေးခွန်အားရသွားပုံပဲ" ထိုအခါ အဒေါ်ကြီးမှ ပြန်ဖြေလိုက်ပုံမှာ . . .

"မဟုတ်ပါဘူး။ ဆရာတို့ပွဲကိုလာကြည့်တဲ့သူတွေများတော့ ကျွန်မ ကွမ်းယာအရမ်းရောင်းကောင်းလို့ပါ" ဟူ၍ . . .

အီးဂျေ (ဘီးရှော့ကုန်း)

## ဘာလူမျိုးလဲ

Sunday School စာသင်ခန်းတစ်ခုတွင် ဆရာမမှ သခင်ခရစ်တော်၏ သက်တော်စဉ်ကိုသင်ကြားပေးလျက်ရှိရာ ကလေးများမှာ စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။ သို့သော် ကလေးတစ်ဦးမှာ အိပ်ငိုက်နေသဖြင့် ဆရာမမှ ငိုက်နေသောထိုကလေးအား "ဖိုးခွားလေး . . . သခင်ခရစ်တော်က ဘာလူမျိုးလဲကွဲ့" ဟု ရုတ်တရက်မေးလိုက်ရာ . . . အမေးခံရသောကလေးမှာ အိပ်ချင်မူးတူးဖြင့် ကပျာကယာပြန်ဖြေလိုက်သည်မှာ "ကျွန်တော်ကရင်လူမျိုးပါ ဆရာမ" ဟူ၍တည်း။

ထီးစောမူး

# ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လိုပါက

## အောက်ပါအချက်အလက်များကို

# လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

Prof. ဒေါ်အယ်နီခင်ထွေးရီ (နိုင်ငံတကာဆက်ဆံရေးပညာ)

၁။ Promote a clast of ideas.

ခေါင်းဆောင်နှင့်ငယ်သား တို့၏ သဘောတရားတိုက်ဆိုင်မှုမရှိစေကာမူ ခေါင်းဆောင်က ဖြေရှင်းပေးနိုင်ရမည်။

(Collin Powell) ကောလင်းပါဝဲလ် က သင်၏လက်အောက်ငယ်သားက ၎င်းတို့၏ပြဿနာရပ်များကို မတင်ပြသောနေ့တွင် သင်သည် ခေါင်းဆောင်မှုမပေးနိုင်သောနေ့ဟူ၍ သတ်မှတ်ရပါမည်ဟု ပြောပါသည်။ ဆိုလိုသည့်သဘောမှာ ခေါင်းဆောင်လုပ်သူသည် နောက်လိုက်ငယ်သားများတင်ပြသော ပြဿနာရပ်များကို ဖြေရှင်းနိုင်မှသာ ခေါင်းဆောင်ပီသနိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ခေါင်းဆောင်လုပ်သူ၏ရုံးခန်းသို့ဝင်ရောက်ရသောအခါတွင်လည်း အထက်အရာရှိကြီး၏အခန်းသို့ ဝင်ရသကဲ့သို့ မွန်းကျပ်နေသည့်အနေအထားမျိုးမဟုတ်ဘဲ စားပွဲကုလားထိုင်အထားအသိုမှုစ၍ ခမ်းနားကြီးကျယ်လွန်းခြင်းမရှိသောကြောင့် သက်တောင့်သက်သာရှိနေပြီး ခေါင်းဆောင်ကိုလည်း အားကိုးတကြီး အရာရာ၌ဖြေရှင်းပေးနိုင်မည့်သဘောနှင့်တကွ ယုံကြည်ကိုးစားမှုနှင့်ပြည့်ကာ တရင်းတနှီးလွတ်လပ်စွာ ပြောဆိုတိုင်ပင်နိုင်ပြီး ဆွေးနွေးနိုင်သည့် အနေအထားရှိသင့်ပါသည်။ ငယ်သားတို့သည် မိမိတို့၏လိုအပ်ချက်များပြောဆိုချင်သော၊ တိုင်ပင်ချင်သောအရာများကို ခေါင်းဆောင်လုပ်သူအား မကြောက်မရွံ့ တင်ပြနိုင်စေခြင်းသည် ခေါင်းဆောင်တစ်ဦးကို တာဝန်တစ်ခုဖြည့်ဆည်းပေးချက်တစ်ခုပင်ဖြစ်တော့သည်။

၂။ မဖြစ်နိုင်ဘူးဆိုသော အရာမရှိစေရ။ ကိစ္စတစ်ခုဖြစ်မြောက်ရန်အတွက် လုပ်မကြည့်ဘဲ မစမ်းသပ်ကြည့်ဘဲနှင့် မဖြစ်နိုင်၊ မရနိုင် ဟူ၍ပြောဆို၍မရပါ။

အဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်ရသောအခါ အထူးသဖြင့် အများနှင့်ပေါင်းစပ်ပြုလုပ်ရသောကိစ္စရပ်များတွင် အသစ်အဆန်း သို့မဟုတ် လူအများစိတ်ဝင်စားသောကိစ္စရပ်များပြုလုပ်ရန် ခွင့်ပြုခွင့်တောင်းခံသောအခါတွင် စိတ်ပျက်ဖွယ်ရာနှင့် ကြုံတွေ့ရတက်ပါသည်။ ဤအခါမျိုးတွင် အထက်ကိုခွင့်တောင်းမနေတော့ဘဲ လုပ်သင့်လုပ်ထိုက်သောအရာကို ပြီးစီးအောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။

ပါဝယ်လ်၏အမြင်ကို ပြန်လည်သုံးသပ်ကြည့်သောအခါ လူနှစ်မျိုးနှစ်စားကွဲပြားခြားနားသည်ကို တွေ့ရပါသည်။ ကွဲပြားခြားနားခြင်းမှာ ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံကြောင့်မဟုတ်ဘဲ လုပ်လိုသောဆန္ဒရှိပါက မည်သူထံမှ ခွင့်တောင်းခြင်းမရှိဘဲ ကိစ္စတစ်ခုကို ပြီးစီးသည်အထိဆောင်ရွက်တတ်ခြင်းဖြစ်ပါသည်။

၃။ Challenge the Professionals

ပါဝယ်လ်၏အလိုအရ ကိစ္စရပ်တစ်ခုကို အပေါ်ယံအခြေအနေကို ကြည့်ရှု၍ ဆောင်ရွက်ရန်လိုအပ်သည်ဟုဆိုပါသည်။ တွေ့ရှိရသောအပေါ်ယံအခြေအနေကို မကြိုက်နှစ်သက်၍ ဆောင်ရွက်ခြင်းကိုရှောင်ရှားခြင်းမပြုရန် ဆိုထားပါသည်။ ပါဝယ်လ်သည် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်နေခြင်းမှာ အပေါ်ယံပြောဆိုလုပ်ကိုင်ခြင်းကို



မယုံကြည်ရုံမက အပရိက ကချော်ကချွတ်လုပ်ထားသော ကိစ္စရပ်များကိုလည်း အထင်မကြီး အရေးမစိုက်ထင်ခြင်း ဖြစ်သည်။

ခေါင်းဆောင်ကောင်းသည် မည်သည့်အခါမှ လိမ်လည်လှည့်စားခြင်းမရှိသလို မည်သည့်အရာမျိုးကိုမဆို ကမူးရှူးထိုး ဆင်ကန်းတောတိုး ပြုမူလုပ်ကိုင်လေ့မရှိပါ။

လူတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အဖွဲ့အစည်းများပေါ်သို့လည်းကောင်း ဩဇာလွှမ်းမိုးပြုလုပ်လိုပါက အကြီးအကဲလုပ်သူများ၏ ပညာဉာဏ်စွမ်းဆောင်ချက်များထက် သာလွန်ခြင်း၊ လိမ္မာပါးနပ်ခြင်းရှိရမည်။ မိမိအစွမ်းသတ္တိစွမ်းဆောင်ချက်များဖြင့် စိမ်ခေါ်နိုင်ခြင်းရှိရမည်ဟု ဆိုပါသည်။

ပါဝယ်လ်အနေဖြင့် လူအများကိုဆက်ဆံရာတွင် ရိုသေလေးစားမှုရှိရမည်။ တစ်ခါတစ်ရံ လူများသည် အမှားကျူးလွန်နိုင်ကြောင်း သိရှိထားရမည်။ ထို့ကြောင့် အစမ်းသပ်ခံနိုင်ရမည်ဟု ပါဝယ်လ်ယုံကြည်ပါသည်။

ပြဿနာရပ်များကို ပေါ်ပေါက်စေခြင်းထက် ပြဿနာရပ်များကို ဖြေရှင်းပေးရသည်က ပို၍ကောင်းမွန်သည့် အနေအထားရှိသည်ဟု သူထင်မြင်သည်။ ကိုယ့်အလုပ်ရှင်၊ ဆရာသမားများအတွက် ပြဿနာများမပေါ်ထွန်းစေဘဲ ပြဿနာများပေါ်ပေါက်လာပါကလည်း ဖြေရှင်းပေးရန်ဖြစ်ပါသည်။ ထို့အပြင် ပြဿနာများရှိနေပါကလည်း ဖုံးကွယ်ထားခြင်းမရှိဘဲ ပြဿနာရပ်များကို ဖြေရှင်းဖော်ထုတ်ပေးနိုင်ခြင်းသည် ခေါင်းဆောင်ကောင်းတို့၏လုပ်ရပ်ဖြစ်ပါသည်။

၄။ Don't forget execution လက်တွေ့ဆောင်ရွက်အကောင်အထည်ဖော်ရန် မမေ့ပါနှင့်။

ခေါင်းဆောင်တော်တော်များများတွင် ရည်မှန်းချက်ပန်းတိုင်နှင့် ရူပါရုံများရှိကြသည်။ ထိုအရာများ အားလုံးကိုလည်း ပြီးစီးအောင် ဆောင်ရွက်လေ့ရှိကြသည်။ သို့ရာတွင် ပါဝယ်လ်အနေဖြင့် ဤအရာများထက်အရေးကြီးသောအရာများကို ပြောပြပါသည်။ ၎င်းသည် လက်တွေ့ဆောင်ရွက်မှုများပင် ဖြစ်သည်။ စီမံကိန်းအတွက် အလားတူ ကောင်းမွန်၍ အောင်မြင်သောဆောင်ရွက်ချက် အကောင်အထည်ဖော်မှုလည်း လိုအပ်ပါသည်။ အကောင်အထည်ဖော်လုပ်ဆောင်ရန် ဗျူဟာ၊ လှုံ့လဝီရိယစိုက်ထုတ်မှုလည်းလိုပါသည်။ ဥပမာ ပါဝယ်လ်အနေဖြင့် စစ်တိုက်ရန်အတွက် ပြင်ဆင်ရုံမက ပြီးစီးအောင်မြင်တိုက်ခိုက်ခြင်းသည်သာ အရေးကြီးသည်ဟု ယုံကြည်ထားပါသည်။

၅။ Pay attendtion to the ditails အသေးအမွှားကိစ္စရပ်များကိုလည်း အလေးထားပါ။

သင်သည် ကြီးမားသောကိစ္စရပ်များကို အကောင်းဆုံးဖြစ်လိုပါက အသေးအမွှားကိစ္စရပ်များကိုလည်း အလေးထားဂရုပြုရန် အကျင့်ပြုလုပ်ရမည်ဟု ပါဝယ်လ်ကပြောကြားပါသည်။ အကောင်းဆုံးဆောင်ရွက်ရန်သည် မဖြစ်မနေပြုလုပ်ရမည့်ကိစ္စဖြစ်ပါသည်။ သူ၏သင်တန်းအတွေ့အကြုံမှရရှိချက်ကို ပြောပြခြင်းဖြစ်သည်။ သတင်းအချက်အလက်စုဆောင်းခြင်းနှင့် စုစည်းဆောင်ရွက်ခြင်းအပြင် နောက်လိုက်များအား အသေးစိတ်ဆောင်ရွက်ခြင်းကို လုပ်ငန်းရပ်၏သဘောတရားအနေဖြင့် သိစေမြင်စေ၍ ဆောင်ရွက်လုပ်ကိုင်စေပါသည်။ အလုပ်ကို ဆောင်ရွက်ရာတွင်လည်း တိတိကျကျမှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်နှင့် အလေးအနက်ထား ညွှန်ကြားပါသည်။

၆။ Let Situation Dictate Stategy အခြေအနေအရ နည်းဗျူဟာသုံးရန်

ပါဝယ်လ်သည် မည်သည့်ကိစ္စကိုမဆို ပုံသေကားချပ် မမှတ်ယူမကျင့်သုံးဘဲ အလျဉ်းသင့်သလို ဆောင်ရွက်လေ့ရှိကြောင်း ပြောကြားသည်။ အခြေအနေတစ်ခုပေါ်ပေါက်ပါက ထိုအခြေအနေနှင့် အကိုက်ညီဆုံးကိစ္စကိုသာ ဆုံးဖြတ်လုပ်ကိုင်ရန်ဖြစ်သည်။

ခေါင်းဆောင်ကောင်းအနေဖြင့် အခြေအနေအမှန်ကို သိရှိနားလည်သဘောပေါက်၍ တိကျမှန်ကန်စွာ ဆောင်ရွက်ရမည်ဖြစ်ပါသည်ဟု ပြောပါသည်။ ဥပမာ စစ်တိုက်မည်ဆိုပါက မြေပြန့်အနေအထား၊ တောင်ကုန်း

အနေအထားနှင့်တကွ ရန်သူအခြေအနေအစရှိသည်တို့အပေါ် ကြည့်၍ တိုက်နည်းခိုက်နည်းကို ပြောင်းတန်လျှင်ပြောင်းရမည်။ နည်းဗျူဟာ ပြောင်းသင့်လျှင်ပြောင်းရမည်။ အခြေအနေ၊ အချိန်အခါ အခွင့်အလမ်း၊ ရန်သူအခြေအနေ၊ ကိုယ့်ဘက်မှ စစ်သားအခြေအနေ အားလုံးကို ခြုံငုံသုံးသပ်၍ ခေတ်မီတိုးတက်သော နည်းဗျူဟာသုံး၍ ဆောင်ရွက်ရမည်ဟု ဆိုပါသည်။ အကြမ်းဖက်မှုကို တိုက်ခိုက်ရသောစစ်ပွဲသည် နောက်ဆုံးဆင်နွှဲရသောစစ်ဖြစ်၍ တိုက်နည်းခိုက်နည်းအသစ်၊ နည်းဗျူဟာအသစ်တို့နှင့် တိုက်ရသည့်အပြင် အောင်မြင်မှုအနေနှင့်လည်း ယခင်နှင့်တူညီခြင်းမရှိနိုင်ပေ။ တွေးခေါ်မြော်မြင်မှု၊ လိုက်လျောညီထွေပြုလုပ်ရမှုနှင့် ပြောင်းလဲသောအသစ်အသစ် ဆောင်ရွက်မှုများကို လိုအပ်လျှင် ကျင့်သုံးရမည်ဖြစ်ပါသည်။

ထို့ကြောင့် ဘယ်လိုဖြစ်ဖြစ် ပြီးရင်ပြီးရော ဆိုသည့်သဘောကို လက်ကိုင်မထားဘဲ မည့်သည့်နည်းကိုပဲသုံးသုံး အောင်မြင်ခြင်းသည်သာအဓိက ဆိုသောဝါဒကို မကျင့်သုံးမိစေရန် ပါဝယ်လ်က အကြံပြုထားပါသည်။ ဆက်လက်၍ စည်းကမ်းနည်းလမ်းကျ၍ မှန်ကန်ကြောင်း မှန်သောမူဝါဒနှင့်အညီ ဆောင်ရွက်ကျင့်သုံး၍ ထပ်ပေါင်းအကြံပေးထားပါသည်။

၇။ Trust thou in the Tronches တကယ်တမ်းအလုပ်လုပ်သောသူများကို ယုံကြည်အားထားပါ။

ပါဝယ်(လ်) က သတိပေးထားသည်မှာ လုပ်ငန်းခွင်ထဲတွင်ရှိနေသူများ (ဥပမာ စစ်မြေပြင်) သည် အခြေအနေ အခက်အခဲပြဿနာရပ်များနှင့် အနီးကပ်ဆုံးကြုံတွေ့ရသူများဖြစ်သဖြင့် ၎င်းတို့၏အတွေ့အကြုံသည် ပညာသားအပါဆုံးဖြစ်သည်ဟု ဆိုပါသည်။ စစ်မြေပြင် သို့မဟုတ် လုပ်ငန်းခွင်တွင် ပညာရပ်များရရှိနိုင်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ကောလင်းပါဝယ်(လ်) သည် နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် ကျော်ကြားသည်မှာ မြို့တော်ဝါရှင်တန်ဒီစီရုံးအုပ်ချုပ်ရေးသမားများထက် နိုင်ငံရေးခြားတွင်လုပ်ကိုင်နေသော သံအမတ်ကြီးများကို ပို၍ပညာသားပါပါ နိုင်ငံအကျိုးကိစ္စများကို သယ်ပိုးထမ်းဆောင်နိုင်သူဟု ထင်ပါသည်။ ၎င်းတို့သည် နိုင်ငံတော်အတွက် ကမ္ဘာတစ်ဝှမ်းမှာရှိသော "မျက်စိကြီးများ" "နားကြီးများ" ဖြစ်ကြပါသည်။

၈။ Be optinistic အကောင်းမြင်ဝါဒဖြင့် ကြည့်ရှုပါ။

ကောင်းသောဆုံးဖြတ်ချက်များကို အကောင်းမြင်ဝါဒလက် ကိုင်ထား၍ ကြည့်ပါ။ ခေါင်းဆောင်ကောင်းတိုင်း မျှော်လင့်ခြင်းကြီးစွာထားရှိပြီး ယုံကြည်စိတ်ချမှုအပြည့်အဝဖြင့် စည်းရုံးဆောင်ရွက်ခြင်းသည် အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိစေပါသည်။ ခေါင်းဆောင်ကောင်းတိုင်း အကောင်းမြင်ဝါဒကြောင့် ကမ္ဘာပေါ်ရှိလူအများကိုလည်း ထိုကဲ့သို့သော သဘောကောင်းခြင်းကိုမြင်စေနိုင်ပါသည်။

အမေရိကန် ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ စိတ်ပညာဆရာကြီး (Martin Seligman) မာတင်စယ်လီ(လ်) မန် က အကောင်းမြင်ဝါဒသမားများသည် နည်းလမ်းများရှာဖွေခြင်းသည် မိမိကိုယ်တိုင်ပြုလုပ်ရသောအရာသာဖြစ်သည်ဟု ဟောကြားခဲ့သည်။

ပါဝယ်(လ်) ၏အဆိုအရ အကောင်းမြင်ဝါဒရှိသူသည် ရဲရင့်သောလုပ်ရပ်တို့ကို လုပ်ကိုင်နိုင်သည်သာမကတစ်မူထူးခြားသော အောင်မြင်မှုကိုလည်း ရရှိစေနိုင်သည်ဟု ဆိုပါသည်။ တုတ်တစ်ချောင်း၏အစွန်းဖျားပိုင်းသည် ညစ်ပတ်ပေရေနေပါက ထိုအပိုင်းကိုဖြတ်တောက်ပစ်၍ ထိုနေရာကို ချွန်ထက်အောင်လုပ်ခြင်းဖြင့် အသစ်သောတုတ်အဖြစ် ဆက်လက်၍အသုံးချနိုင်သည်ဟု ပြောပါသည်။ စိန်ခေါ်မှုကြီးလေလေ၊ အကောင်းမြင်ဝါဒ ရှင်သန်ကြီးထွားလေလေဖြစ်ပါ၏။ ခေါင်းဆောင်ကြီးများက မျှော်လင့်ခြင်းနှင့် မိမိကိုယ်ကိုယုံကြည်ခြင်းတို့ဖြင့် တကယ်အရေးကြီးခက်ခဲသော အချိန်ကာလမျိုးတွင် တည်ငြိမ်စွာဆောင်ရွက်နိုင်ကြသည်ဖြစ်၍ ဤသို့သော ခေါင်းဆောင်လေးများကို ပေါ်ထွက်လာရေးသည် အထူးလိုအပ်လျက်ရှိပါသည်။❑

Prof. ဒေါ်အယ်နီခင်ထွေးရီ (နိုင်ငံတကာဆက်ဆံရေးပညာ



# အသက်အရွယ်တိုင်းအတွက်
# ခရစ်ယာန်ဓမ္မပညာ

တင်ပြသူ ဦးအောင်လှထွန်း
(သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်)

ခရစ်ယာန်ယုံကြည်ခြင်းနှင့်ပြည့်ဝသော ခရစ်ယာန်အသက်တာကို လိုက်လျှောက်
ခရစ်ယာန်ဓမ္မပညာသည် ခရစ်ယာန်ယုံကြည်ခြင်းနှင့်ပြည့်ဝသော ခရစ်ယာန်အသက်တာကို လိုက်လျှောက်နိုင်ရန် အဓိကသွေးကြောတစ်ခုဖြစ်သည်။ ခရစ်ယာန်ဓမ္မပညာဆိုသည်မှာ မိမိယုံကြည်ကိုးကွယ်သော
အသက်ရှင်နိုင်ရန် အဓိကသွေးကြောတစ်ခုဖြစ်သည်။ ခရစ်ယာန်ဓမ္မပညာဆိုသည်မှာ ... ယုံကြည်ကျင့်သုံးမှုနှင့် ယင်းတို့၏အရင်းမူလ
ဘုရား၊ မိမိကိုးကွယ်သည့်ဘာသာ၊ မိမိယုံကြည်သောဘာသာတရား၏ ယုံကြည်ကျင့်သုံးမှုနှင့် ယင်းတို့၏အရင်းမူလ

ဖြစ်သော သမ္မာကျမ်းစာကို ကောင်းစွာတတ်သိနားလည်ရန်နှင့် လက်တွေ့ကျင့်သုံးနိုင်ရန် သင်ကြားပေးသည့်ဘာသာရပ်ဖြစ်သည်။ ထို့ကြောင့် ခရစ်ယာန်ဓမ္မပညာသည် အသက်အရွယ်အားလုံးအတွက် ဖြစ်သည်။

သမ္မာကျမ်းစာမှညွှန်ပြထားသော အခြေခံအချက်များမှာ . . .

(၁) ခရစ်ယာန်ဓမ္မပညာသင်ကြားခြင်းသည် သက်ရွယ်အားလုံးအတွက်ဖြစ်သည်။
(မဿဲ ၂၈း၂၀)

(၂) အသင်းတော်တိုးတက်ကြီးထွားရန် ယုံကြည်သူအားလုံးအား ဓမ္မပညာကိုသင်ပေးရန်လို၏။
(တမန် ၂း၄၂-၄၇)

(၃) ခရစ်ယာန်ဓမ္မပညာသည် သာသနာပြုစုပျိုးထောင်ရေးလုပ်ငန်းတွင် အချက်အချာတစ်ခုဖြစ်၏။
(သခင်ယေရှုနှင့် တပည့်တော် ၁၂ပါး၊ လုကာ ၄း၈)

ခရစ်ယာန်ဓမ္မပညာသင်ကြားရာ၌ ပဓာနအဖြစ်ထားရှိအပ်သော ရည်ရွယ်ချက်များမှာ . . .

(၁) ယုံကြည်သူ အသင်းသူ၊ အသင်းသားတိုင်းအား မိမိတို့အသက်အရွယ်အလိုက် ခရစ်ယာန်ဓမ္မပညာကို တတ်မြောက်လာသည်အထိ သင်ကြားလေ့ကျင့်ပေးရန်၊ မိမိတို့၏သားသမီးများ၊ မိုခိုမြောက်ထားသင့်သည့်အတိုင်း၊ တတ်မြောက်လာသည့် အသင်းသူ၊ အသင်းသားတိုင်း

(၂) အိမ်ထောင်ကိုဦးစီးနေသော မိဘများဖြစ်သည့် အသင်းသူ၊ အသင်းသားတိုင်း မိမိတို့၏သားသမီးများ၊ မိုခိုသူများအား အခြေခံခရစ်ယာန်ဓမ္မပညာကို မိမိတို့အိမ်တွင် သင်ကြားပေးနိုင်ရန်အတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(၃) ယုံကြည်သူ အသင်းသူ၊ အသင်းသားတိုင်းအား အနည်းဆုံး အခြေခံဓမ္မပညာအဆင့်အထိ တတ်မြောက်လာကြရန်အတွက် အစီအစဉ်များ ချမှတ်သင်ကြားပေးရန်၊

လူငယ်တို့သည် ကိုယ်ခန္ဓာကြီးထွားရန်၊ ကျန်းမာခြင်းရှိရန်နှင့် အသက်ရှည်စွာနေထိုင်ရန်အတွက် နေ့စဉ်နှင့်အမျှ ကောင်းမွန်သောအစာအာဟာရကို အသက်တာတစ်လျှောက်လုံး လိုအပ်၏။ ထို့နည်းတူ ခရစ်ယာန်များအတွက်လည်း အသက်ဝိညာဉ်ကြီးထွားရန်၊ ရင့်ကျက်လာရန်နှင့် ပြည့်ဝသောခရစ်ယာန်အသက်တာကို စစ်မှန်စွာ အသက်ထက်ဆုံး နေထိုင်သွားနိုင်ရန်အတွက် နေ့စဉ်မပြတ် ဝိညာဉ်အစာကို စားသုံးခြင်း သို့မဟုတ် ခရစ်ယာန်ဓမ္မပညာကို အသက်တာတစ်လျှောက်လုံး အစဉ်တစိုက်လေ့လာခြင်း၊ သင်ယူခြင်းတို့ လိုအပ်ပေသည်။

ထို့ကြောင့် အသင်းတော်တစ်ခု၏ အဓိကတာဝန်တစ်ရပ်မှာ မိမိ၏အသင်းဝင်တို့သည် အဆက်မပြတ် ဝိညာဉ်အစာကို စားသုံးနိုင်ရန်အတွက် အပတ်စဉ် ပုံမှန်ပွဲတော်ဝတ်များကို ပြုလုပ်ပေးခြင်းသာမက၊ မိမိ၏အသင်းဝင် အသက်အရွယ်အားလုံးအတွက် ခရစ်ယာန်ဓမ္မပညာကို လေ့လာဆည်းပူးနိုင်ရန် သင်ကြားနာယူနိုင်ရန်၊ ပုံမှန် အစီအစဉ်များကို စနစ်တကျပြုလုပ်ပေးရန် လိုအပ်ပေသည်။ ဤအစီအစဉ်များကို ပြုလုပ်ရာတွင် အမှန်တကယ် ထိရောက်မှုရှိရန် အသက်အရွယ်အလိုက် အုပ်စုများခွဲကာ ပြုလုပ်ပေးသင့်၏။

| | |
|---|---|
| (၁) တနင်္ဂနွေနေ့ ဥပုသ်စာဖြေသင်တန်း | - ကလေးများအတွက် |
| (၂) လက်တင်ခံယူမည့်သူများအတွက် အထူးသင်တန်း | - လက်တင်မင်္ဂလာခံရန် ပြင်ဆင်နေသူများအတွက် |
| (၃) လက်တင်မင်္ဂလာခံယူပြီးသူများအတွက် ဆက်လက်သင်ကြားပေးသော ခရစ်ယာန်ဓမ္မပညာသင်တန်း | - လက်တင်မင်္ဂလာခံယူပြီးစ ဆယ်ကျော်သက်များအတွက် |
| (၄) လူငယ်များအတွက် သမ္မာကျမ်းစာလေ့လာခြင်း (သို့) လူငယ်များအတွက် ခရစ်ယာန်ဓမ္မပညာပုံမှန်သင်တန်း | - အသက်ငယ်သေးသော လူငယ်များအတွက် |
| (၅) သက်လတ်များအတွက် ပုံမှန်ခရစ်ယာန်ဓမ္မပညာသင်တန်း | - သက်လတ်အမျိုးသား၊ အမျိုးသမီးများအတွက် |
| (၆) သက်ကြွယ်များအတွက် ပုံမှန်ခရစ်ယာန်ဓမ္မပညာသင်တန်း | - အသက် (၆၅)၊ (၇၀)ကျော်များအတွက် |

ဤသို့ပြုလုပ်ရာတွင် အုပ်စုလိုက် လိုအပ်သောခရစ်ယာန်ဓမ္မပညာသင်ခန်းစာများကို ပြုစုထုတ်လုပ်၍ သင်တန်းတက်ရောက်သူများကို အခမဲ့သော်လည်းကောင်း၊ ထိုက်သင့်သောအလှူငွေများကို တောင်းခံ၍သော်လည်းကောင်း၊ ပုံမှန်ဝေပေးရမည်ဖြစ်သည်။ အထူးသဖြင့် လူကြီးများအတွက် ပိုမို၍စိတ်ဝင်စားဖွယ်ကောင်းသော ခရစ်ယာန်ဓမ္မပညာသင်ကြားရေးအစီအစဉ်များကို စီမံပြုလုပ်၍ ဤအစီအစဉ်များကို လက်တွေ့ကျကျ ပုံမှန်လုပ်ဆောင်သွားရန် လိုအပ်ပေသည်။ ဤသို့ပြုလုပ်ပေးလာပါက အသင်းသူ၊ အသင်းသားများ၊ ယုံကြည်သူများသည် မိမိတို့၏နေ့စဉ် (သို့) အပတ်စဉ်အချိန်ဇယားကို သေချာစွာပြန်လည်သုံးသပ်၍ သက်ရွယ်အလိုက် ဤသို့ပြုလုပ်ပေးသော ခရစ်ယာန်ဓမ္မပညာသင်ကြားခြင်း၊ အစီအစဉ်များကို မပျက်မကွက်တက်ရောက်နိုင်ရန်အတွက် မိမိ၏ အချိန်ကို သတ်မှတ်ချန်ထားပေးပြီး အားထုတ်၍တက်ရောက်ရန် လိုအပ်ပေသည်။

သင်ခန်းစာများကိုပြင်ဆင်ခြင်း၊ ထိရောက်စွာသင်ကြားခြင်း ပြုနိုင်ရန်အတွက် . . .

(၁) သင်ခန်းစာများပြင်ဆင်ရေးကော်မတီတစ်ခုကို တတ်ကျွမ်းနားလည်သူများဖြင့် ဖွဲ့စည်းထားရန်

(၂) ရေးသားပြီးသော သင်ခန်းစာများကိုပုံနှိပ်ထုတ်ဝေ၍ ဖြန့်ချိရန်

(၃) သင်ကြားပို့ချနိုင်သူများကိုရွေးချယ်၍ လိုအပ်သောပြင်ဆင်မှုနှင့်လေ့ကျင့်မှုရှိရန် သင်တန်းများကိုပြုလုပ်ပေးရန်

(၄) သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို ဦးစားပေးအစီအစဉ်ထား၍ စုဆောင်းသွားရန်

အသင်းတော်တွင်ထိရောက်သော ခရစ်ယာန်ဓမ္မပညာသင်ကြားရေးပြုလုပ်မည်ဆိုပါက လိုအပ်သောပြင်ဆင်မှုများကို ပြုလုပ်နိုင်ရန်အတွက် . . .



(၁) အသင်းတော်အနေနှင့် နှစ်စဉ်ဘတ်ဂျက် (ရသုံးခန့်မှန်းငွေစာရင်း) တွင် သီးခြားရန်ပုံငွေကို သတ်မှတ်ပေးရန် လိုသည်။

(၂) ဤလိုအပ်ချက်များအတွက် စိတ်ဝင်စားသူများ၊ စေတနာရှင်များက ပါဝင်လှူဒါန်းနိုင်ရန် အခွင့်အလမ်းများကို ဖွင့်ထားသင့်သည်။ အများသိရန်အတွက်လည်း ပုံမှန်ဝတ်ပြုချိန်တွင် ကြေငြာခြင်း၊ နှိုးဆော်တိုက်တွန်းခြင်းကို ပြုလုပ်ပေးသင့်သည်။

လက်ရှိအခြေအနေတွင် အသင်းတော်၌ ခရစ်ယာန်ဓမ္မပညာသင်ကြားခြင်းကို လက်တင်မင်္ဂလာခံယူသည့် အသက်အရွယ်အောက် ကလေးများကိုသာ ခရစ်ယာန်ဓမ္မပညာသင်ကြားပေးရန် စနစ်တကျစည်းရုံး၍ တနင်္ဂနွေတိုင်း ဥပုသ်စာဖြေသင်တန်းများကို ပို့ချပေးလျက်ရှိပါသည်။ တနင်္ဂနွေနေ့တွင်ပို့ချရန် ဥပုသ်စာဖြေသင်တန်း၏ မူလရည်ရွယ်ချက်မှာ ကလေးများအတွက်သာမဟုတ် အသက်အရွယ်အားလုံးအတွက် ရည်မှန်းဖွင့်လှစ်ခဲ့သည်ကို တွေ့ရပေသည်။

သူငယ်တစ်ယောက်သည် အရွယ်ရောက်လာ၍ လက်တင်မင်္ဂလာခံယူပြီးပါက အသင်းတော်တွင် တင်းပြည့်အသင်းသားတစ်ယောက်ဖြစ်လာငြားသော်လည်း ဤလူငယ်အား လက်တင်မင်္ဂလာခံပြီးသည့်အချိန်မှစ၍ ခရစ်ယာန်ဓမ္မပညာသင်ကြားပေးခြင်းကို စနစ်တကျဆက်လက်သင်ကြားပေးမှု မရှိသလောက်ပင်ဖြစ်ပေသည်။ တနင်္ဂနွေနေ့တွင်ပြုလုပ်သော ပွဲတော်မင်္ဂလာဝတ်ကို တက်ရောက်သည့်အချိန်၌ ဓမ္မဟောင်း၊ ဓမ္မသစ်ကျမ်းကို ဖတ်ကြားခြင်းများကိုကြားနာရခြင်း၊ ဘုန်းတော်ကြီး၏တရားဟောပြောချက်ကို နာယူရခြင်း။ မကြာမကြာပြုလုပ်တတ်သော လူငယ်သမ္မာကျမ်းစာလေ့လာရေးသင်တန်းနှင့် အခြားသင်တန်းစခန်းများတွင်ပြုလုပ်ပေးသော ခရစ်ယာန်ဓမ္မပညာဆိုင်ရာပို့ချခြင်းများကို မိမိကိုယ်တိုင် တက်ရောက်နိုင်သည့်အခါမှသာ သင်ကြားလေ့လာခွင့် ရရှိနိုင်ပေသည်။ ထို့ကြောင့် ဤသူငယ်များအတွက် ခရစ်ယာန်ဓမ္မပညာသင်ကြားခြင်းသည် မရှိသလောက်ဖြစ်လာကာ မိမိကိုယ်တိုင် ကျမ်းစာကိုပုံမှန်ဖတ်ခြင်း၊ ခရစ်ယာန်ဓမ္မပညာဆိုရာ စာပေများကိုလေ့လာခြင်းမပြုပါက သင်ကြားခံရမှုသည် အဆက်ပြတ်ကာ အသက်အရွယ်အားဖြင့် နေ့စဉ်နှင့်အမျှ ကြီးရင့်လာသော်လည်း ဝိညာဉ်အစာဖြစ်သော ခရစ်ယာန်ဓမ္မပညာကို ပုံမှန်ခံယူစားသုံးခြင်းမရှိတော့သဖြင့် ၎င်း၏ဝိညာဉ်အသက်တာနှင့် မိမိယုံကြည်သောဘာသာနှင့်ပတ်သက်၍ နို့ကိုပင် ဆက်၍စို့နေသေးသောသူတစ်ဦးကဲ့သို့ ဖြစ်လာပေမည်။

အသင်းတော်တွင်လည်း လူကြီးအသင်းသား၊ အသင်းသူများ (လူငယ်၊ သက်လတ်နှင့်သက်ကြွယ်) များအတွက် သတ်သတ်မှတ်မှတ် ဓမ္မပညာသင်ကြားရေးအစီအစဉ်များမရှိသေးပေ။ လူကြီးအသင်းသူများအနေနှင့် ပွဲတော်မင်္ဂလာဝတ်တွင်ကြားနေရသော ဘုန်းတော်ကြီး၏တရားဟောချက်နှင့် လူငယ်အသင်း၊ မိခင်အသင်း၊ ယောကျ်ားအသင်းတို့က အခါအားလျော်စွာပြုလုပ်ပေးသော သမ္မာကျမ်းစာလေ့လာခြင်းအစီအစဉ်၌သာ တက်ရောက်နိုင်သူများအနေနှင့် ခရစ်ယာန်ဓမ္မပညာအသိဉာဏ်များကို အထိုက်အလျောက်ရရှိကြပေမည်။ အချို့အသင်းသူ၊ အသင်းသားများသည် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှကြီးမှူးပြုလုပ်သော သမ္မာကျမ်းစာစာပေးစာယူသင်တန်းကိုတက်ရောက်၍ ဓမ္မပညာကိုဆည်းပူးသူများလည်း ရှိပေသည်။

အသင်းတော်တစ်ခု၏ အနာဂတ်ရှင်သန်တိုးတက်ရေးသည် အသင်းသူ၊ အသင်းသားများ ဝတ်ပြုခြင်းသို့ မှန်မှန်ထက်ရောက်ကြရုံဖြင့်မလုံလောက်၊ အသင်းသူ၊ အသင်းသားများကို သင်းအုပ်ဘုန်းတော်ကြီးနှင့်လက်တွဲ၍ အမှုတော်ဆောင်နိုင်ရန် သင်ကြားပေးခြင်း၊ လေ့ကျင့်ပေးခြင်းတာဝန်ကို ပူးတွဲဆောင်ရွက်စေခြင်းအပေါ်၌ များစွာမူတည်လျက်ရှိပေသည်။

ထို့ကြောင့် အသင်းတော်တစ်ခုသည် ယခုလက်ရှိအခြေအနေထက် ပိုမိုတိုးတက်ရှင်သန်နိုင်ရေးအတွက် မိမိအသင်းသူ၊ အသင်းသားအားလုံး သက်ရွယ်မရွေး ခရစ်ယာန်ဓမ္မပညာကို သင်ကြားလေ့လာနိုင်ရန် အသက်အရွယ်အလိုက် ခရစ်ယာန်ဓမ္မပညာသင်ကြားရေးအစီအစဉ်ကို ချမှတ်လုပ်ဆောင်သင့်ပြီဖြစ်ပေသည်။❑



# ကိုယ့်ကိုယ်၌ ဘုရားသခင်ကိုရှာပါ

ဆင်ကြီး
H.C.T.C (Final Year)

ဒီကနေ့ ကျွန်ုပ်တို့ဟာ ဖွံ့ဖြိုးတိုးတက်မှု အလွန်မြန်ဆန်သည့်ခေတ်ကာလမှာ အသက်ရှင်နေကြရပါတယ်။ လူဦးရေ၊ အတွေးအခေါ်၊ စက်မှုပိုင်းဆိုင်ရာ၊ ကုန်ပစ္စည်းပိုင်းဆိုင်ရာများဟာ အံ့မခန်းလောက်အောင်ပင် ဖွံ့ဖြိုး တိုးတက်လျက်ရှိနေပါတယ်။ ကုန်ပစ္စည်းတွေ မနေ့ကခေတ်စားပြီး၊ ယနေ့အတွက်ခေတ်နောက်ကျကာ အမှိုက်ပုံးထဲ ရောက်ရပါတယ်။ အဖိုးတန်ပစ္စည်းများစွာ နေ့စဉ်နှင့်အမျှ တန်ဖိုးမဲ့အမှိုက်သရိုက် ဖြစ်သွားရတယ်။ (အထူးသဖြင့် အနောက်တိုင်းနိုင်ငံများ)။ အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်မှုတွေလည်း ဟိုဟာကောင်းနိုးနိုး၊ ဒီဟာကောင်း နိုးနိုးပါပဲ။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာတွေကလည်း သူ့နောက်ကိုပဲလိုက်ဖို့ တွန်းအားပေးနေတာကို ကြုံနေကြရတယ်။ နောက်ပြီး ဒီကနေ့ခေတ်ဟာ တစ်ခါသုံးခေတ်ကိုရောက်နေပြီ။ (ပတ်ဝန်းကျင်၌လည်းကောင်း၊ အတွေးအခေါ် အယူအဆပိုင်း၌လည်းကောင်း၊ ပစ္စည်းဥစ္စာများ အသုံးပြုခြင်း၌လည်းကောင်း) လူအများရဲ့စိတ်မှာ အဲဒီလို တစ်ခါသုံးစိတ်တွေ ဝင်နေပါပြီ။ အကြောင်းကတော့ စက္ကန့်နှင့်အမျှ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာလို့ပါပဲ။ ကောင်း တယ်လို့ဆိုတဲ့အရာတစ်ခုကိုလည်း တစ်ခါပဲသုံးလာကြတယ်။ ဒီလောက်ပြောင်းလဲမှုမြန်ဆန်တဲ့ခေတ်မှာ ခရစ် ယာန်တစ်ဦးအနေနှင့် ဘယ်လို မားမားမတ်မတ်ရပ်တည်မလဲ? သိထားဖို့က လောကရှိအရာတွေဟာ တဒင်္ဂပါ၊ ဒီတဒင်္ဂအတွင်းမှာ ပြောင်းလဲမှုကြီးဖြစ်သွားနိုင်တယ်။ ကိုယ့်ရဲ့အသက်ရှင်နေမှုပင် ပျောက်ဆုံးသွားနိုင်တယ်။ ဒီလိုဆို ပြောင်းလဲခြင်းကိုပဲ ဘုရားလို ကိုးကွယ်နေတော့မှာလား? မဟုတ်ပါဘူး။ သင်ဟာ ခရစ်ယာန်တစ်ဦး ဖြစ်တဲ့အတွက် ဘုရားသခင်ထံမှာ မိမိ အသက်တာတစ်ခုလုံးကိုပုံအပ်ပြီး သင့်တင့်မျှတတဲ့ဘဝနဲ့အသက်ရှင်ပါ။ ဒေသနာ(၃)ကို ဆင်ခြင်တဲ့အခါ ပြောင်းလဲခြင်းဆိုတာဟာ ဘုရားသခင်စီမံထိန်းချုပ်နေတဲ့အရာဖြစ်ကြောင်း တွေ့ရတယ်။ အရာခပ်သိမ်းဟာ သူ့အချိန်နဲ့သူရှိပါတယ်။ ဘုရားသခင်ရဲ့စီရင်မှုကိုလည်း အဆုံးတိုင်မသိနိုင်ပါဘူး။ ဒါကြောင့် ပြောင်းလဲမှုဘယ်လောက်ပဲမြန်ဆန်ပြီး အံ့ဩဖွယ်ရာတွေဖြစ်နေပါစေ၊ မိမိတို့တစ်ဦးစီကို ဘုရားပေးထား တဲ့အကန့်အသတ်ရှိတယ်။ အဲဒီအကန့်အသတ်အတွင်းမှာ ဖြစ်တည်နေတဲ့အနေအထား၊ ရရှိထားတဲ့ဆုကျေးဇူး ကောင်းကြီးမင်္ဂလာတွေကို ဘုရားသခင်အတွက်နှင့်လူသားများအတွက် အကျိုးရှိမှုဖြစ်စေဖို့လိုပါတယ်။ မိမိရဲ့ဆု ကျေးဇူး၊ ကောင်းကြီးမင်္ဂလာတွေဟာ တစ်ပါးသူများအတွက် ထိမိ၍တိုက်ဆဲစရာမဖြစ်ဖို့ အရေးကြီးတယ်။ နောက် ပြီး ကိုယ်ရရှိထားတဲ့ဆုကျေးဇူးတွေကို မြင်တတ်ဖို့၊ သုံးတတ်ဖို့လည်း လိုပါတယ်။ (သူများ မြက်ခင်းစိမ်းတာကိုပဲ မြင်တာမျိုးမဖြစ်သင့်ပါ) လူတိုင်းမှာ နှစ်သက်ဖွယ်သောအချိန် ရှိပါတယ်။ ထိုအချိန်အတွင်းမှာရှိနေရင်း "ကိုယ့် ကိုယ်ကို၌ ဘုရားသခင်ကိုတွေ့အောင်ရှာပါ" . . . ။❑



# မိ သ ာ း စု မျ ာ း အ တွ က်

## ဒေါ်မေမြတ်ထွန်း

မိသားစုသည် ယနေ့ဘဝအသက်တာအတွက် အရေးကြီးသော ဘာသာတရားဆိုင်ရာ သမ္မာတရား သွန်သင်ပေးရာဌာန ဖြစ်သည်။ အသင်းတော်ငယ်လေးတစ်ခုလည်း ဖြစ်သည်။

လူယောက်ျားနှင့် လူမိန်းမတို့အား ဘုရားသခင်စုံဖက်ပေးပြီး သားသမီးရရှိလာသည့်အချိန်မှစ၍ ထိုဇနီး မောင်နှံ၏အခြေခံတာဝန်သည် သားသမီးများ ဘုရားသခင်နှင့်မှန်ကန်စွာဆက်သွယ်မှုရှိရန် လုပ်ဆောင်ပေးဖို့ပင် ဖြစ်သည်။ မိဘတို့၏ယုံကြည်ခြင်း၊ တစ်ဦးကိုတစ်ဦး ချစ်ခင်ယုယခြင်းတို့ကို တွေ့မြင်ခြင်းအားဖြင့် ဘုရားသခင်၏ မေတ္တာကို နားလည်လာနိုင်လေသည်။ သို့မှသာ ဘုရားသခင်ဖန်ဆင်းပေးခြင်း၏ရည်ရွယ်ချက်အား ပြည့်စုံစေမည်။ ဖြစ်သည်။ ထိုတာဝန်သည် လွယ်ကူသည့်တာဝန် မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ၊ ကျန်းမာဖွံ့ဖြိုးသည့် လူ့ပတ်ဝန်း ကျင်တစ်ခု ဖြစ်ပေါ်နိုင်ခြင်း၏အခြေခံသည် မိသားတစ်စုစီတိုင်း၏ နေ့စဉ်လုပ်ဆောင်နေမှုများနှင့် ရွေးချယ်မှုများ အပေါ်တွင် အခြေခံထားကြောင်း သတိပြုရပေမည်။ ထို့ကြောင့် George G. Barna က "အကောင်းဆုံး (သို့) အဆိုးဆုံး၊ မည်သည့်အတွက်ပင်ဖြစ်စေ လူသားများ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် မိသားစုသည် အဓိကကျပြီး ဗဟို ထောင့်စွန်းကျောက်သဖွယ် အရေးကြီးသည်ဟုဖော်ပြခဲ့သည်။ ထို့ကြောင့် မိသားစုအတွင်း အမှုတော်ဆောင်ခြင်း သည် အသင်းတော်၏အခြေခံလုပ်ငန်းတစ်ခုဖြစ်ပြီး ၎င်းအားဖြင့် ဖွံ့ဖြိုးအောင်မြင်သည့် မိသားစုများပေါ်ထွက်လာ နိုင်ပေမည်။

မိသားစု၏သဘောသဘာဝအား သမ္မာကျမ်းစာရှုထောင့်မှအခြေခံအချက်များရှာဖွေပါက ဘုရားသခင်နှင့် ကြွသရေလလူမျိုးများ၏ပေါင်းသင်းဆက်နွယ်နေမှုသည် သင့်လျော်သောပုံစံကောင်းတစ်ခုဖြစ်ပေသည်။ Myron Chartier က "အကယ်၍ ဘုရားသခင်မှ ဣသရေလလူမျိုးအပေါ် ဘုရားသခင်၏ပတ်သက်ခြင်းနှင့်လုပ်ဆောင်မှု များအား မိသားစု၏ပုံစံတစ်ခုအဖြစ်ခံယူမည်ဆိုပါက သားသမီးများအပေါ် မိဘများမှ ချစ်ခြင်း၊ ဂရုစိုက်ခြင်း၊ တုန့်ပြန်ခြင်း၊ စည်းကမ်းတကျသွန်သင်ခြင်း၊ ပေးကမ်းခြင်း၊ လေးစားခြင်း၊ သိမြင်နားလည်ခြင်းနှင့် ခွင့်လွှတ်ခြင်းများ သည် ထိုပုံစံအတွက် ဝိသေသလက္ခဏာများဖြစ်သင့်သည်" ဟုဆိုထားပါသည်။

အထက်ဖော်ပြပါ ဝိသေသလက္ခဏာများအား ဘုရားသခင်မှသမ္မာကျမ်းတွင် လက်တွေ့လုပ်ဆောင်ပြသခဲ့၍ မိသားစုတိုင်း၌ ပုံစံယူလုပ်ဆောင်သင့်ပေသည်။ မိသားစုအတွင်း၌ ထိုဝိသေသတစ်ခုခု လျော့နည်းသွားပါက မိသားစု၏ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ ပျက်စီးခြင်းများဆီသို့ ဦးတည်သွားနိုင်ပါသည်။ ချစ်ခြင်းလိုအပ်ချိန်၌ ချစ်ရန်၊ ခွင့်လွှတ်ခြင်းလိုအပ်ပါက ခွင့်လွှတ်ရန်နှင့် အခြားသောဝိသေသတစ်ခုစီ၏လိုအပ်ချက်အပေါ်တွင် ပြုမူလုပ်ဆောင် သွားနိုင်မှသာ မိသားစုသာယာမှုအား ဖော်ဆောင်နိုင်ပေမည်။

သို့ဖြစ်ပါက ထိုဝိသေသများအား မည်သည့်အချိန်၌ အစပြုပြီး လုပ်ဆောင်ရန်လိုသနည်းဟူသော မေးခွန်း ပင်ဖြစ်ပါသည်။ သမ္မာတရား၏သဘောသဘာဝမှကြည့်ပါက ယနေ့သည်ပင်လျှင် ရှေ့ဆက်အသက်ရှင်ရမည့် အနာဂတ်အတွက် ပထမဦးဆုံးနေ့ ဖြစ်ပါသည်။ ယခုအသက်ရှင်နေသော ဤဆောင်းပါးအားဖတ်နေသည်အချိန် သည်ပင်လျှင် ပထမဦးဆုံးနေ့၏အရုဏ်ဦးအချိန်ဖြစ်နေပေသည်။ သို့ဖြစ်ပါ၍ ဖော်ပြခဲ့ပြီးသည့် မိသားစုတွင်ရှိရမည့် ဝိသေသများအား ယခုပင်စတင်အကောင်အထည်ဖော်ရန် ဘုရားသခင်၏ကျေးဇူးကရုဏာတော်အားခံယူရန် စော နေချိန်၊ နောက်ကျချိန်မရှိနိုင်သကဲ့သို့ အောင်မြင်သောမိသားစု၏ဝိသေသများအားဖော်ဆောင်ရန် စောလွန်းခြင်း၊ နောက်ကျလွန်းခြင်းမရှိချေ။ လက်တွေ့လုပ်ဆောင်နိုင်သည့်အချိန်တိုင်း၌ အကျိုးတရားခံစားနေရမည်ပင်ဖြစ်သည်။ ဘုရားသခင်သည် လူသားများအား ယခုအချိန်၌ပင်လျှင် ကယ်တင်လိုကြောင်း ဆန္ဒရှိနေပါက မိသားစုအတွင်း တစ်ဦးနှင့်တစ်ဦးကူညီဖေးမပေးရန် နှောင့်နှေးစရာအကြောင်းရှိမည်မဟုတ်ပေ။ ထိုသို့ ကူညီဖေးမပေးနိုင်ရန် . . .

(၁) ယခုအချိန်သည်ပင်လျှင် သခင်ယေရှုအား မိသားစုတိုင်း၏အသက်တာ၏အရှင်သခင်အဖြစ် လက်ခံရန်အချိန်
ဖြစ်ကြောင်း သတိပြုရပေမည်။

(က) ရောမဩဝါဒစာ ၁၃း၁၄(က) ၌ "သခင်ယေရှုခရစ်ကို ယူတင်ဝတ်ဆောင်ကြလော့ ဟုဖော်ပြထားရာ မိသားစု
အတွင်း အပြန်အလှန်လေးစားနားလည်ရန် သခင်ယေရှုအား ယူတင်ဝတ်ဆောင်ထားရန်လိုပေမည်။ထိုသခင်၌
ရှိသည့် ခံယူချက်သဘောထားများအား ပိုင်ဆိုင်လာသူများအနေဖြင့် မကောင်းမှုဒုစရိုက်အား ရှောင်ရှားလာပေ
လိမ့်မည်။ အပြစ်ကိုပြုမိသည့်တိုင်အောင် ဘုရားသခင်၏ခွင့်လွှတ်ခြင်းနှင့် ပြန်လည်တည်ဆောက်ပေးခြင်း ခံရ
ပေမည်။ ဘုရားသခင်သည် လူသားများ၏အတိတ်ကာလအပြစ်များအား ခွင့်လွှတ်သကဲ့သို့ မိသားစုအတွင်း၌လည်း
တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်ခြင်းရှိလာရပေမည်။ (ရောမ ၈း၁)။ တမန်တော်ကြီးရှင်ပေါလု၏ စိတ်သဘောထားဖြင့်
မိသားစုခရီးစဉ်အား ဆက်ရန်လိုပေမည်။ ရှင်ပေါလုမှ ဖိလိပ္ပိ ၃း၁၃-၁၄၌ " . . . ငါပြုသော အမှုတစ်ခုဟူမူကား၊
နောက်ကျသောအရာတို့ကိုမမှတ်ဘဲ ရှေ့၌ရှိသောအရာတို့ကိုလှမ်းကမ်း၍ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည်
အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်းငှာ ပန်းတုံးတိုင်သို့ ငါလိုက်ပြေး၏" ဟုဖော်ပြထားပါ
သည်။

(ခ) အလင်း၏လက်နက်စုံကိုဝတ်ဆင်ပါရန် သတိပြုရမည်။ (ရောမ ၁၃း၁၂)

အလင်းနှင့်အမှောင်၊ နေ့နှင့်ညတို့သည် သမ္မာကျမ်းစာ၌ ယေရှုခရစ်နှင့်စာတန်အဖြစ်အနေအား ပုံသဏ္ဌာပြု
၍ဖော်ပြသောဥပမာဖြစ်ပါသည်။ အိမ်ထောင်မိသားစုဝင်များအားလုံး အလင်းဆိုင်ရာ ယေရှုခရစ်၌ ယူတင်ဝတ်
ဆောင်ပြီး အသက်ရှင်ကြမည်ဆိုပါက စာတန်၏လှည့်ကွက်နှင့်တိုက်ခိုက်မှုတိုင်းအား ကာကွယ်နိုင်ကြမည်ဖြစ်
ပါသည်။ အလင်းဆိုင်ရာလက်နက်စုံအား တမန်တော်ရှင်ပေါလုမှ ဧဖက် ၆း၁၀-၂၀ တွင် ဖော်ပြထားပါသည်။

(ဂ) နေ့ဖက်တွင် အသက်ရှင်သူများကဲ့သို့ အသက်ရှင်ကြရန် သတိပြုပါ။ (ရောမ ၁၃း၁၃)

နေ့ဖက်၌အသက်ရှင်ရာတွင် ရိုးသားမှု၊ အများသူငါ သိသာမြင်သာနိုင်မှုအား ပေါ်လွင်စေပါသည်။ မိသားစု
အတွင်းရှိ သူများအားလုံး တစ်ဦးအပေါ်တစ်ဦး ရိုးသားပွင့်လင်းပြီး အများမြင်သာစွာ အသက်ရှင်ခြင်းဖြင့်သာ
သာယာသည့်အိမ်ထောင်များ ဖြစ်လာနိုင်ပေမည်။ ရိုးသားစွာမှားယွင်းမှုများအား ဝိုင်းဝန်းပြုပြင်နိုင်ပြီး ဘုရားသခင်
၏အသစ်တည်ဆောက်ပေးမှုအား ခံယူနိုင်ကြမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ အသက်ရှင်နေထိုင်မှုပုံစံများဖြင့် မိသားစုအတွင်း သာယာလှပမှုအား တည်ဆောက်နိုင်ရန်
အစပြုကြရပေမည်။ ယခုသည်ပင်လျှင် အစပြုရန်အကောင်းဆုံးအချိန်ဖြစ်ပါသည်။ အကြောင်းမှာ မည်သူကမျှ
အသက်ရှင်ရန်အစပြုနေသူများမဟုတ်ဘဲ ယခုပင်အသက်ရှင်နေကြသူများဖြစ်သောကြောင့်ပင်ဖြစ်သည်။ မိသားစု
ဖွံ့ဖြိုးမှု၏အရုဏ်ဦးသည် ယခုပင်ဖြစ်ပြီး ဘုရားရှင်၏ကောင်းကြီးခံယူရရှိရန်အခွင့်အရေးသည် ယခုပင်ဖြစ်ပါသည်။
ရှင်ယောဟန်ဧဝံဂေလိကျမ်း ၉း၄၌ ခရစ်တော်က "ငါ့ကိုစေလွှတ်တော်မူသောသူ၏အမှုကို နေ့အချိန်ရှိစဉ်တွင်
ငါပြုရမည်။ အဘယ်သူမျှအမှုမပြုနိုင်သောအချိန်တည်းဟူသော ညဉ့်အချိန်လာသေး၏" ဟုမိန့်မှာခဲ့၏။ ဘုရား
သခင်၏ကယ်တင်ခြင်းဆိုင်ရာကိစ္စရပ်သည် လူသားအားလုံးအတွက်ဖြစ်သည့်အပြင် မိသားစုအတွင်း၌လုပ်ခဲ့ပြီး
လုပ်နေဆဲနှင့် ဆက်ပြီးလုပ်ဆောင်ရန်ဖြစ်သကဲ့သို့ မိသားစုဝင်တိုင်းသည် သစ်လွင်လှပစွာ အလင်း၏လက်နက်စုံ
ဖြင့် နေ့ဘက်တွင်ရှင်သူများဖြစ်ရန် ပြင်ဆင်သင့်ပေသည်။ ယနေ့ပင်လျှင် သေခြင်းတစ်ဖက်ကမ်းအတွက် ပြင်ဆင်
ရန်ဖြစ်သကဲ့သို့ မိသားစုအတွင်း သခင်ခရစ်တော်အား ယူတင်ဝတ်ဆောင်ရန်အချိန်လည်းဖြစ်ကြောင်း အသိပေး
တင်ပြအပ်ပါသည်။❑

*ကိုးကားသောစာအုပ်များ*


1. Barna George G. "The Second coming of the Church" (Nashville word, 1998), P. 190.
2. Chartier M. "Parenting: A Theological Model", Journal of Psychology and Theology (1978), P 54-61.






Rev. Dr. Simon Be Bin Htoo

# ပွဲတော်မင်္ဂလာဝတ်နှင့်စပ်လျဉ်း၍

ခရစ်ယာန်အသင်းတော်များတွင် ပွဲတော်မင်္ဂလာသည် အရေးအကြီးဆုံးဝတ်ပြုခြင်းတစ်ခုဖြစ်ပါသည်။
ပွဲတော်မင်္ဂလာဝတ်သည် အထူးဝတ်ပြုခြင်းတစ်ခုဖြစ်သောကြောင့် ခရစ်ယာန်ဖြစ်ပြီးသောသူများသာလျှင် ပါဝင်
နိုင်ပါသည်။ ရှေ့ဦးခရစ်ယာန်များက သာမန်ဝတ်ပြုခြင်းများတွင် ယုဒဘာသာဝင်များနှင့်အတူ ဝတ်ပြုကိုးကွယ်
ခဲ့ကြသော်လည်း သီးသန့်ဝတ်ပြုခြင်းဖြစ်သော မုန့်ဖဲ့ခြင်း၌ ခရစ်ယာန်ဖြစ်ပြီးသူများသာ ပါဝင်စေသည်ကိုတွေ့ရ
ပါသည်။ (တမန် ၂း၄၆)

သခင်ယေရှုသည် ယုဒဘာသာဝင်တို့၏ ပသခါပွဲမတိုင်မီတစ်ရက်အလိုတွင် မုန့်ဖဲ့ခြင်းကို စီရင်တော်မူခဲ့
သည်။ သန့်ရှင်းသောအပတ် ကြာသပတေးနေ့ (Maundy Thursday) ညသန်းခေါင်အချိန်ခန့်တွင် မုန့်ဖဲ့ခြင်း
စီရင်တော်မူခဲ့ပါသည်။ ဤမုန့်ဖဲ့ခြင်းတွင် သခင်ယေရှုက မုန့်ကိုယူ၍ ဖဲ့တော်မူလျက် ကောင်းကြီးပေးခဲ့ပါသည်။
ထို့နည်းတူ စပျစ်ရည်ဖလားကိုလည်းယူ၍ ကျေးဇူးတော်ချီးမွမ်းပြီး နှစ်မျိုးစလုံးတို့ကို ဝေပေးခဲ့ပါသည်။ (မဿဲ
၂၆း၂၆-၂၈)။ သခင်ယေရှုက မိမိပြုသကဲ့သို့ တပည့်တော်တို့အား သူ့ကိုသတိရစေခြင်းငှာ ထိုသို့ပြုကြရန် မိန့်မှာခဲ့
သည်။ (လုကာ ၂၂း၁၉)။ ထို့ကြောင့် သခင်ယေရှုတက်ကြွတော်မူပြီးနောက်ပိုင်း တပည့်တော်တို့သည် သခင်ယေရှု
အမိန့်တော်အတိုင်း မုန့်ဖဲ့ခြင်းကို ပြုကြပါသည်။

ရှင်ပေါလုက မုန့်ဖဲ့ခြင်းကို ကျေးဇူးတော်ချီးမွမ်းခြင်းဝတ် (Eucharist) ဟုခေါ်ပါသည်။ သခင်ယေရှုသည်
ပသခါပွဲတွင်အသုံးပြုသော စပျစ်ရည်ဖလားကို ကောင်းကြီးပေး၍ ကျေးဇူးတော်ချီးမွမ်းသောကြောင့် ကျေးဇူးတော်
ချီးမွမ်းခြင်းဝတ်ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ ယုဒလူမျိုးတို့သည် Kiddush (ခေါ်) ဥပုသ်နေ့ပြင်ဆင်ခြင်းဝတ်တွင်
စပျစ်ရည်ခွက်ဖလား (၄)လုံးကို အသုံးပြုကြပါသည်။ သို့သော် သခင်ယေရှုက မုန့်ဖဲ့ခြင်းတွင် စပျစ်ရည်ခွက်ဖလား
တစ်ခုကိုသာသုံးပြီး မုန့်နှင့်စပျစ်ရည်ကို တပည့်တော်တို့အားဝေမပေးမီ ကျေးဇူးတော်ချီးမွမ်းခြင်းကို ရွတ်ဆိုခဲ့သော
ကြောင့်ဖြစ်ပါသည်။ ထို့အပြင် ပသခါပွဲသည် သိုးအသွေးကိုသွင်းခြင်းဖြင့် ဣသရေလလူမျိုးအဖို့ လွတ်ကျွန်ဘဝမှ
လွတ်မြောက်စေသော ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်ပါသည်။ ထို့အတူ မုန့်ဖဲ့ခြင်းသည် ခရစ်တော်ယေရှု၏အသွေး

အားဖြင့် လူတို့အပြစ်ဒုစရိုက် ကျွန်ဘဝမှလွတ်မြောက်စေသော ကျေးဇူးတော်ချီးမွမ်းခြင်းပင်ဖြစ်ပါသည်။ ခသ. ၁၁၂ တွင် မုန့်ဖွဲ့ခြင်းဝတ်ကို ပွဲတော်ဝတ်ဟုအသုံးပြုကာ ယနေ့အထိ အသင်းတော်တိုင်းမှ ကျင့်သုံးနေသော ဝတ်ပြုခြင်းများအားလုံးတို့၏ ဗဟိုအချက်အခြာကျသော အမြင့်မြတ်ဆုံးဝတ်ပြုခြင်းဖြစ်ပါသည်။

ပွဲတော်ဝတ်အပါအဝင် ဝတ်ပြုခြင်းအားလုံးကို ဆုတောင်းစာအုပ်၌ တွေ့ရပါသည်။ ဆုတောင်းစာအုပ်ပါ ဝတ်ပြုခြင်းအားလုံးကို လစ်တေဂျီ ဟုခေါ်သကဲ့သို့ ပွဲတော်မင်္ဂလာဝတ်တစ်ခုတည်းကိုလည်း လစ်တာဂျီဟုခေါ်ပါသည်။ ရောမကာသိုလစ်အသင်းတော်၊ ဂရိဩသိုဒေါ့အသင်းတော်၊ အင်္ဂလီကန်အသင်းတော်၊ လူသာရင်အသင်းတော်၊ ပရက်ဘီတေးရီးယာန်အသင်းတော်နှင့် အခြားအသင်းတော်များတွင် လစ်တာဂျီအသုံးပြုရခြင်းအတွက် ရည်ရွယ်ချက် (၃)ချက်ရှိကြောင်း တွေ့ရပါသည်။ ယင်းတို့မှာ . . .

(၁) စည်းလုံးခြင်းအထိမ်းအမှတ်ဖြစ်ပါသည်။
(၂) ရှေးဘိုးဘေးများထားခဲ့သောအမွေအနှစ်ကို ထိန်းသိမ်းခြင်းဖြစ်ပါသည်။
(၃) မိသားစုသဘောတရားကိုပြသခြင်းဖြစ်ပါသည်။

ထို့အပြင် ပွဲတော်မင်္ဂလာဝတ်သည်သော်လည်းကောင်း၊ ဝတ်ပြုခြင်းအားလုံးသည်သော်လည်းကောင်း အသင်းတော်တစ်ပါး၏မူပိုင်ဖြစ်သည်ဟု မဆိုနိုင်ပါ။ ကမ္ဘာပေါ်တွင် ပွဲတော်မင်္ဂလာဝတ်ပုံစံနှင့် ဝတ်ပြုကိုးကွယ်ခြင်း များတို့သည် အုပ်စုကြီး (၄)ခုမှဆင်းသက်လာပါသည်။ ယင်းတို့မှာ . . .

(က) အာရှတိုက်အုပ်စု

အာရှတိုက်တွင်အသုံးပြုသော လစ်တာဂျီသည် ပါရှားလစ်တာဂျီ (Persian liturgy) ဖြစ်သည်။ St.
Adaeus နှင့် St. Maris liturgy မှ ဆင်းသက်လာပါသည်။ အိန္ဒိယလစ်တာဂျီမှာ St. Thomas liturgy
မှ ဆင်းသက်လာပါသည်။

(ခ) မြေထဲပင်လယ်အုပ်စု (Byzantine)

ဂရိအသင်းတော် (Syrian) ၏လစ်တာဂျီသည် St. James နှင့် St. Cryril of Jerusalom မှ
ဆင်းသက်လာပါသည်။ အမေရိကန်အသင်းတော်၏လစ်တာဂျီသည် ရှင်အသနာဓိလစ်တာဂျီမှ ဆင်းသက်လာပါ
သည်။ ဂရိအသင်းတော်၏လစ်တာဂျီသည် St. Chrysostom, St. Basil နှင့် Gregory လစ်တာဂျီတို့မှ
ဆင်းသက်လာပါသည်။ အာဖရိကအသင်းတော်၏လစ်တာဂျီသည် ရှင်မာကုလစ်တာဂျီမှ ဆင်းသက်လာပါသည်။

(ဂ) ရောမကာသိုလစ်အသင်းတော်၏လစ်တာဂျီ

ရောမကာသိုလစ်အသင်းတော်၏လစ်တာဂျီသည် အလယ်ရာစုခေတ် စက္ကရမင်တမင်္ဂလာများဟူသော
လစ်တာဂျီမှ ဆင်းသက်လာပါသည်။ ရဟန်းကျောင်းများတွင် အသုံးပြုသောလစ်တာဂျီဖြစ်ပါသည်။ ပြင်သစ်ပြည်
အသင်းတော်၏လစ်တာဂျီသည် ပြင်သစ်ပြည်အမျိုးသားလစ်တာဂျီမှ ဆင်းသက်လာပါသည်။ St. Ambrose
liturgy သည် အီတလီပြည်၊ မီလန်မြို့ St. Ambrose လစ်တာဂျီမှ ဆင်းသက်လာပါသည်။ Mogarahic
liturgy သည် စပိန်ပြည်အသင်းတော်မှ ဆင်းသက်လာပါသည်။ Celtic liturgy သည် ဗြိတိသျှလစ်တာဂျီမှ
ဆင်းသက်လာပါသည်။

(ဃ) အင်္ဂလိပ်အသင်းတော်တစ်တာဂျီ

ဗြိတိသျှကျွန်းစုတွင်စတင်အသုံးပြုသောလစ်တာဂျီသည် ပြင်သစ်ပြည် Gallican liturgy မှ ဆင်းသက်
လာပါသည်။ ခသ. ၅၉၇ ခုနှစ်တွင် ရောမအသင်းတော်မှ သာသနာပိုင် ဩဂတ်စတင်း ရောက်လာသောအခါ



ရောမအသင်းတော်၏လစ်တာဂျီဟုဆောင်လာပါသည်။ ခသ. ၆၆၄ ခုနှစ်တွင် Withby ရဟန်းကျောင်းတွင်
ပြုလုပ်သောအစည်းအဝေးမှ အင်္ဂလီကန်များအသုံးပြုသောလစ်တာဂျီကို ပြုစုသောအခါ ပြင်သစ်ပြည်လစ်တာဂျီ
နှင့်ရောမကာသိုလစ်အသင်းတော်လစ်တာဂျီကိုပေါင်းစည်းလိုက်သော် ဗြိတိသျှကျွန်းစုလစ်တာဂျီဖြစ်လာပါသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် အသင်းတော်အသီးသီးက ဒုတိယကမ္ဘာစစ်ကြီး အတွေ့အကြုံကြောင့် မိမိတို့
လစ်တာဂျီကိုပြန်လည်ရေးသားရာတွင် အထက်ဖော်ပြပါအုပ်စုများမှ အစဉ်အလာများကိုလည်းကောင်း၊ ပုံစံများကို
လည်းကောင်း၊ ထည့်သွင်းအသုံးပြုလာကြပါသည်။ ၁၉၆၀ခုနှစ်တွင် အတည်ပြုခဲ့သော အိန်၊ ပါ၊ မြန်၊ သီ ဆုတောင်း
စာအုပ်၏ ပွဲတော်ဝတ်လစ်တာဂျီသည် မြေထဲပင်လယ်အုပ်စုလစ်တာဂျီကို အခြေခံ၍ရေးသားခဲ့ကြောင်း ဥပမာ
အားဖြင့် တွေ့ရပါသည်။ ၁၉၉၉ခုနှစ်တွင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် ပြန်လည်ပြုစုရေးသားခဲ့သော
(ယခုအသုံးပြုနေသော ပွဲတော်မင်္ဂလာဝတ်) လစ်တာဂျီသည် မြေထဲပင်လယ်အုပ်စုလစ်တာဂျီနှင့် ဗြိတိသျှကျွန်းစု
လစ်တာဂျီတို့ပေါင်းစပ်ထားသည်ကို ယေဘုယျအားဖြင့် မြင်တွေ့ရပါသည်။ အသေးစိတ်လေ့လာပါက မြေထဲ
ပင်လယ်အုပ်စုလစ်တာဂျီက အများစုပါဝင်နေကြောင်းတွေ့ရှိရပါသည်။ အသုံးပြုသော် အပြန်အလှန်ရွတ်ဆိုခြင်း
များသည် သမ္မာကျမ်းစာမှလာသောကျမ်းပုဒ်အတိအကျကို အသုံးပြုထားပါသည်။ ဂဲရစ်ကျမ်းစာသားအတိုင်းဖြစ်ပါ
သည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်က ယခုအသုံးပြုနေသော လစ်တာဂျီသည် ၁၉၉၉ခုနှစ်မှစတင် အသုံး
ပြုခဲ့ရာ ယခုဆိုလျှင် ၅နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ မြန်မာ့ရေခံ၊ မြေခံကိုအခြေခံလျက် မြေထဲပင်လယ်
လစ်တာဂျီအုပ်စုကို အခြေခံ၍ပြင်ဆင်ထားခဲ့ရာ အချို့အချက်များလည်း ကိုက်ညီမှုရှိ၊ မရှိ ပြန်လည်စိစစ်ရန်
လိုအပ်ပါသည်။ ထိုသို့ စိစစ်ရာတွင် လစ်တာဂျီ ပြန်လည်ပြင်ဆင်ရန် သိသင့်သိထိုက်သော နောက်ခံအခြေခံများ
ကို ပြန်လည်မပြုပြင်မီ အသေးစိတ်လေ့လာကြရန်လိုအပ်ပါသည်။ မိမိအမြင်၊ မိမိအထင်သမိုင်းစဉ်တစ်လျှောက်
လုံးတွင် စတင်လာခဲ့သောအခြေအနေအရပ်ရပ်ကို သေချာသုံးသပ်ပြီးမှသာ ဆွေးနွေးသင့်သည်ဟုမြင်ပါသည်။
ယခုဆိုလျှင် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်စာကြည့်တိုက်တွင် လစ်တာဂျီနှင့်ပတ်သက်သည့် စာအုပ်စာပေ
များ ပြည့်စုံနေပြီဟုဆိုနိုင်ပါသည်။ လူတိုင်းလိုလိုပင် အင်္ဂလိပ်ဘာသာနှင့်ရေးထားသောစာအုပ်စာပေများကို ဖတ်နိုင်
စွမ်းရှိကြပြီဖြစ်ရာ လစ်တာဂျီနှင့်ဆိုင်သောစာပေများကို ဖတ်ရှုလေ့လာသင့်ပေပြီ။ မြန်မာနိုင်ငံခရစ်ယာန်အသင်း
တော်၏လစ်တာဂျီကို စိစစ်သည့်အခါ ပို၍ကောင်းမွန်သောအခြေခံချက်များကို တစ်ဦးတစ်ယောက်၏အာဘော်
မဟုတ်ဘဲ၊ အားလုံးကသဘောတူ၊ အားလုံးက လစ်တာဂျီသဘောတရားပြည့်ပြည့်ဝဝဖြင့် လုပ်ဆောင်နိုင်ကြမည်ဟု
လည်း မျှော်လင့်ပါသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၏လစ်တာဂျီကို ပြန်လည်ပြုပြင်ရန်တွင် ပါဝင်စဉ်းစားသင့်သောအချက်
များကို ဖော်ပြလိုပါသည်။ ယင်းတို့မှာ . . .

(၁) သမ္မာကျမ်းစာတော်မှဖော်ပြသော အကြောင်းအရာများနှင့်ကိုက်ညီမှုရှိမရှိ
(၂) အစီအစဉ်နှင့်ပတ်သက်၍ သမိုင်းတစ်လျှောက်လုံးတွင်အသုံးပြုခဲ့သည့် သဘောတရားများ
(၃) ဘာသာစကားနှင့်ပတ်သက်၍ ခေတ်နှင့်ဆီလျော်သော အသုံးအနှုန်းနှင့်သဒ္ဒါများ
(၄) လစ်တာဂျီတစ်ခုစီ ပြောင်းလဲအသုံးပြုလာရခြင်း၏သမိုင်းနောက်ခံတို့ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ဤသို့
ပြုလုပ်ရာတွင်လည်း တဆင့်စကား တဆင့်ကြားရသည်ထက် မိမိကိုယ်တိုင်စာအုပ်၊ စာပေများမှလေ့လာသိရှိရ
သည့် ဗဟုသုတများ၊ ဝတ်ပြုသည့်အခါတွင် ကြုံရသောခံစားချက်များကို စနစ်တကျဆွေးနွေးသွားကြလျှင် မြန်မာ
ပြည်အတွက် ပြုလုပ်သောလစ်တာဂျီသည် သင့်တင့်လျောက်ပတ်သောလစ်တာဂျီတစ်ခုဖြစ်လာမည်ဟု မျှော်လင့်
မိပါသည်။❑

# GLOBAL VILLAGE ဖြစ်ခြင်းမဖြစ်ခြင်း

ကိုပီတိ

ဘုရားသခင်က လူတွေကို သူ့အလိုရှိတဲ့ဘဝမျိုးနဲ့အသက်ရှင်ဖို့ အမြဲသတိပေးလေ့ရှိပါတယ်။ သမ္မာကျမ်းစာထဲမှာ ဘုရားသခင် ဘာကိုအလိုရှိပါတယ်ဆိုတာ လူတွေသိအောင် အများကြီးရေးထားတာတွေ့ရတယ်။ ဆာလံကျမ်း ၈၆း၁၁ မှာ အခုလို လူသားတစ်ယောက်ရဲ့တောင်းဆိုသံကို တွေ့ရပါတယ်။

"အို ထာဝရဘုရား၊ ကိုယ်တော်၏လမ်းကို အကျွန်ုပ်အား ပြသွန်တော်မူပါ၊ ကိုယ်တော်၏သမ္မာတရားလမ်းသို့လိုက်သွားပါမည် . . ."

ဘုရားသခင့်ရဲ့အလိုတော်ကို ရှင်းရှင်းလင်းလင်းသိချင်လို့တောင်းဆိုတဲ့အသံပါပဲ။ ခရစ်ယာန်ဓမ္မပညာရှင်တွေကလည်း ဘုရားသခင်ရဲ့အလိုတော်ဟာ (၂၁)ရာစုအတွက် ဘယ်လိုရှိနေသလဲဆိုတာ သိဖို့ကြိုးစားကြပါတယ်။ ပထမဆုံး ကမ္ဘာကြီးရဲ့လက်ရှိအခြေအနေကို အရင်လေ့လာကြည့်ဖို့လိုပါတယ်။ ကနေဒါလူမျိုး ဆက်သွယ်ရေးအထူးကျွမ်းကျင်သူပညာရှင် Marshal Me. Luhan ဆိုတဲ့ပုဂ္ဂိုလ်က ဒီကနေ့ ကမ္ဘာကြီးဟာ ကျေးရွာကလေးတစ်ခုအဖြစ် ရောက်သွားပါပြီ၊ Global village ဖြစ်သွားပြီလို့ ပြောခဲ့ပါတယ်။ သိပ္ပံပညာတိုးတက်မှုအမြင့်ဆုံးကို ရောက်ရှိလာတဲ့ကာလဖြစ်တာမို့ လူတွေဖန်တီးလိုက်တဲ့ကွန်ပျူတာဟာ တန်ဖိုးကြီးလာပါတယ်။ ဆက်သွယ်ရေးနယ်ပယ်မှာ အရင်က စာကို လူကိုယ်တိုင်ပို့ရာကနေ ခုတော့ လျှပ်စစ်စီးကြောင်းထဲကနေ ကမ္ဘာအနှံ့ကို လူမလိုပဲ ပို့လို့ရနေပါတယ်။

Global village ဖြစ်သွားပြီဆိုတဲ့ ယူဆမှုကို လက်မခံသူတွေလည်းရှိပါတယ်။ ဟော်လန်လူမျိုး လူမှုဆက်သွယ်ရေးပညာရှင် Cees J. Hamelink ဆိုသူကတော့ Global village ဆိုတဲ့အမည်ကို အသုံးပြုတဲ့သူတွေဟာ တကယ့်ရွာ (village) ရဲ့ သဘောသဘာဝကို နားမလည်ကြပါဘူးလို့ ပြန်ချေပထားပါတယ်။ ဆက်ပြီး ရှင်းပြထားသိတယ်၊ နွေးထွေးမှုရှိတဲ့ လူမှုဝန်းကျင်လေးပါတဲ့။ Global village သို့မဟုတ် ကမ္ဘာ့ရွာကြီးဖြစ်နေပြီဆိုတဲ့ ယနေ့ကမ္ဘာကြီးဟာ တကယ့်ရွာရဲ့ရနံ့တွေမရှိပဲ သီးခြားအထီးကျန်မှုပေါက်ခံရမှုတွေရှိနေပါတယ်လို့ တင်ပြထားပါတယ်။

Global village မဖြစ်ပါဘူးဗျာ . . . လို့ ငြင်းဆိုရခြင်းမှာ ခိုင်လုံတဲ့အကြောင်းတွေရှိမှာသေချာပါတယ်။ Cees J. Hamelink ကပဲ ဆက်ပြီး သူ့ရဲ့အဆိုခိုင်မာကြောင်း သက်သေပြထားပါသေးတယ် . . .။ "ကမ္ဘာကြီးကို ချုပ်ကိုင်ထားတဲ့ ဆက်သွယ်ရေးကော်ပိုရေးရှင်းကြီးတွေဟာ အနောက်ဥရောပ၊ ဂျပန်နဲ့ မြောက်အမေရိကတိုက်တို့မှာပဲ ရှိနေတာ။ Sony တံဆိပ်ကို တွေ့လိုက်တာနဲ့ ဂျပန်ဆိုတာသိမြင်ပြီ။ IBM ဆိုတဲ့ တံဆိပ်တွေ့တာနဲ့ပဲ အမေရိကန်ဆိုတာ ပြောစရာမလိုဘူး။ PHILIPS ဆိုတဲ့ တံဆိပ်တွေ့တာနဲ့ပဲ နယ်သာလန်နိုင်ငံကဆိုတာ ထင်နေတာပါပဲ။ ကမ္ဘာ့လူသိအများဆုံး ရုပ်မြင်သံကြားအစီအစဉ်တွေ၊ ဂြိုလ်တုဆက်သွယ်ရေးအစီအစဉ်တွေအားလုံးလည်း သူတို့ဆီမှာရှိနေကြတယ်။"

ဆက်သွယ်ရေးယန္တရားကို အများဆုံးပိုင်ဆိုင်ကြတဲ့ နိုင်ငံတွေဟာ ဒီကနေ့ ကမ္ဘာမှာအချမ်းသာဆုံးနိုင်ငံတွေပဲ ဖြစ်နေတယ်ဆိုတာ သတိပြုမိကြမှာပါပဲ။ အခုတင်ပြနေတဲ့ ချမ်းသာကြွယ်ဝခြင်းနယ်ပယ်ဟာ ဆက်သွယ်ရေးနယ်ပယ်တစ်ခုထဲပဲရှိပါသေးတယ်။ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စစ်လက်နက်အမျိုးမျိုးထုတ်လုပ်နိုင်ကြတာလဲ



သူတို့တတွေပဲဖြစ်ပါတယ်။ ဒီလိုဆို အနောက်ဥရောပကလူတွေ၊ မြောက်အမေရိကတိုက်ကလူတွေ ချမ်းသာတာ မကောင်းဘူးလားလို့ မေးစရာရှိလာတယ်။ ချမ်းသာတဲ့လူတွေများလာရင် ဆင်းရဲတဲ့သူတွေကို ပိုကူညီနိုင်မယ်လို့လည်း တွေးနိုင်သေးတယ်။

ချမ်းသာပြီးရင်းချမ်းသာဆိုသလို သူတို့ရဲ့စီးပွားရေးဈေးကွက် ပိုကြီးမားလာအောင် ကုမ္ပဏီအချင်းချင်း စီးပွားရေးအုပ်စုကြီးအချင်းချင်း ထပ်ပြီးပူးပေါင်းလိုက်ကြပါသေးတယ်။ အဲဒီလို ပူးပေါင်းပြီး အလုပ်လုပ်လာတဲ့အချက်. သူတို့ရဲ့ဈေးကွက်ဟာ ကမ္ဘာ့တစ်ခုလုံးကို ပြန့်နှံ့ရောက်ရှိသွားတယ်။ ငွေအင်အားလည်းကြီးတယ်။ ခေတ်မီနည်းပညာလည်းရှိတယ်။ ဈေးကွက်အများကြီးကိုလည်း လွှမ်းမိုးထားနိုင်တယ်။ တော်ရုံတန်ရုံသွားပြီး ယှဉ်လို့မလွယ်တော့ပါဘူး။ ပိုဆိုးသွားတာက ဒေသတစ်ခုထဲ၊ မြို့တစ်ခုထဲမှာပဲရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ ခေါင်းမထောင်နိုင်အောင် ဖြစ်သွားရခြင်းပါပဲ။ ဆင်နဲ့ပုရွက်ဆိတ်ယှဉ်ရသလို ဖြစ်သွားတော့တာပေါ့။

Global village ဖြစ်နေပြီ၊ ဒါမှမဟုတ် မဖြစ်သေးပါဘူးဆိုတာ စဉ်းစားသုံးသပ်ဖို့လိုနေပါတယ်။ ကမ္ဘာ့ခရစ်ယာန်အသင်းတော်များကောင်စီ (WCC) ရဲ့ အထွေထွေအတွင်းရေးမှူးဟောင်း Philip Potter က အခုလိုပြောထားတာရှိပါတယ် . . .။ "စစ်မှန်တဲ့ချမ်းသာမှုဆိုတာ ကိုယ့်တစ်ယောက်အတွက် ဖူလုံမှုရဖို့လုပ်နေတာကိုဆိုလိုတာမဟုတ်ပါဘူး။ ဘုရားသခင်ရဲ့အလိုတော်အတိုင်း လိုအပ်နေသူတွေ၊ ဆင်းရဲနေသူတွေကို ဝေငှပေးဖို့အတွက်ပါလုပ်ဆောင်နေမှ စစ်မှန်တဲ့ချမ်းသာမှုလို့ဆိုနိုင်ပါတယ် . .။" တရားဟောရာကျမ်း ၁၅း၁၁ မှာ ရေးထားတဲ့ သွန်သင်ချက်ကတော့ အထိရောက်ဆုံးပါပဲ . . . "သင့်ပြည်၌ ဆင်းရဲငတ်မွတ်သော ညီအစ်ကိုချင်းတို့အား သင်၏လက်ကိုကျယ်ကျယ်ဖွင့်ရမည်အကြောင်း ငါမှာထား၏ . . ."

ကိုယ်ကရှာတော့ ပင်ပင်ပန်းပန်းရှာရတယ်။ ပြီးတော့မှ ဘာမှမကြိုးစားလို့ ဆင်းရဲနေတဲ့သူတွေကို ခွဲပေးရမယ်ဆိုတော့ မတရားဘူးဆိုပြီး ထင်စရာရှိပါတယ်။ အမှန်တော့ ရေရှည်တည်တံ့ဖွံ့ဖြိုးနေမယ့်စီးပွားရေး ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ဖို့ ဖန်တီးပေးရမှာကို ဆိုလိုတာဖြစ်ပါတယ်။ စစ်မှန်တဲ့ဖွံ့ဖြိုးတိုးတက်မှုဆိုတာ နောင်လာမယ့်အနာဂတ်မျိုးဆက်သစ်တွေအတွက် ကောင်းသောသဘာဝရင်းမြစ်တွေချန်ထားခဲ့ဖို့ပဲဖြစ်ပါတယ်။ ဥပမာ တစ်ခုကိုပဲလေ့လာမယ်ဆိုရင် ကမ္ဘာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်လာခြင်းအတွက် ကုန်ပစ္စည်းတွေအများကြီး ထုတ်လုပ်လာနိုင်တယ်။ ကောင်းတဲ့ရလဒ်ပေါ့။ ဆိုးတဲ့ရလဒ်ကတော့ စက်ရုံတိုင်းလိုလိုမှာ ရေကိုသုံးရတာဖြစ်လို့ ရေဆိုးရေညစ်တွေများလာရတာကြောင့် သောက်သုံးဖို့ ရေအနည်းငယ်က ရှားလာပြန်တယ်။ ကမ္ဘာပေါ်မှာ သုံးလို့ကောင်းမယ့် ရေသန့်တည်ရှိနေမှုကလည်း လျော့ကျလာတာကြောင့် နောက်မျိုးဆက်သစ်တွေအတွက် ရေပြဿနာဟာ စိုးရိမ်စရာဖြစ်လာနိုင်တယ်။

Global village ဖြစ်ခြင်း၊ မဖြစ်ခြင်းထက် လက်ရှိနေနေတဲ့ ပတ်ဝန်းကျင်လေးသာယာလှဖို့ပဲ တကယ်တော့ လူတစ်ဦးချင်းစီက လုပ်နိုင်တာတွေရှိပါလိုနေတာပါ။ သာယာလှပတဲ့ပတ်ဝန်းကျင်လေး ကိုယ့်အနားမှာတည်ရှိဖို့ လူသားအဆင့်အတန်းတွေ လျော့ကျမသွားအောင်တယ်။ အဲဒါတွေကတော့ လူသားတွေမှာရှိတဲ့ လူ့တန်ဖိုး၊ လူသားတွေမှာရှိတဲ့ လူ့တန်ဖိုး၊ လုပ်နိုင်မှာဖြစ်ပါ ထိန်းသိမ်းဖို့ပဲ ဖြစ်ပါတယ်။ လူတွေကပဲ လူတွေမှီတင်းနေထိုင်တဲ့ကမ္ဘာကို သာယာလှပအောင် လုပ်နိုင်မှာဖြစ်ပါတယ်။ MBC (မြန်မာနှစ်ခြင်းအသင်းချုပ်) အထွေထွေအတွင်းရေးမှူးဟောင်း ဒေါက်တာဆိုင်မွန်ပေါင်ခန့်အင်ရေးသားထားတဲ့ "ခရစ်ယာန်သာသနာနှင့်လူမှုဖွံ့ဖြိုးရေး" စာတမ်းထဲမှာ အခုလို ဖော်ပြထားတာတွေ့ရပါတယ်။

"ဖွံ့ဖြိုးရေးဆိုတာ ငွေကြေး၊ ပစ္စည်းဥစ္စာဖြင့် ကြွယ်ဝချမ်းသာခြင်းမဟုတ်ပါ။ လူသားများ၏ စိတ်နေသဘောထား ဖွံ့ဖြိုးမှု၊ သစ္စာသမာဓိရှိမှု (integrity) သာလျှင် ဖြစ်ပါသည်။"

(၂၁)ရာစုအတွက် ဘုရားသခင်ရဲ့အလိုတော်ကို တတ်စွမ်းသ၍ ရှာဖွေကြည့်လိုက်တာဖြစ်ပါတယ်။ လူသားတိုင်းကို ဘုရားသခင်က ဗျာဒိတ်ရူပါရုံတွေပေးထားပါတယ်။ လူတစ်ယောက်စီကို သူလုပ်ရမယ့်အလုပ်အတွက် ဘုရားသခင်က စီမံလမ်းပြပေးနေကြောင်းဝေငှရင်း Global village ဖြစ်ခြင်း၊ မဖြစ်ခြင်းလေ့လာမှုကို အဆုံးသတ်ပါတယ်။ ❑

# ပထမဆုံးသောဘုရားသခင်၏ MISSION ပျက်သုဉ်းသွားရခြင်း

Mission ဟူသောဝေါဟာရသည် Missio ဟူသော လက်တင်ဘာသာစကားမှ ဆင်းသက်လာပြီး
အဓိပ္ပာယ်မှာ စေလွှတ်ခြင်း (Sending) ဖြစ်သည်။ Mission ဟူသောဝေါဟာရတွင် အချက် (၄) ချက်ပါဝင်ပြီး
၎င်းတို့မှာ

၁။ စေလွှတ်သောသူ (the sender)

၂။ စေလွှတ်ခံရသောသူ (the sent one)

၃။ စေလွှတ်သောနေရာ (place) နှင့်

၄။ စေလွှတ်သည့်ကိစ္စ၊ လုပ်ဆောင်ရမည့်အချက် (task) စသည်တို့ဖြစ်ကြသည်။

Mission ဟူသော ပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို စတင်၍လုပ်ဆောင်ခဲ့သော ပုဂ္ဂိုလ်မှာ "ထာဝရဘုရား
သခင်" ပင်ဖြစ်သည်။ ဘုရားသခင်သည် ပထမဦးဆုံးစေလွှတ်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ထို့ကြောင့် Mission
သည် ကမ္ဘာဦးကပင် စတင်၍ရှိနှင့်နေပြီဖြစ်ကြောင်း ကမ္ဘာဦးကျမ်းအခန်းကြီး ၁ မှ ၃ကို လေ့လာခြင်းအားဖြင့်
ဤကဲ့သို့တွေ့ရှိရပါသည်။

၁။ ဘုရားသခင်၏ဖန်ဆင်းခြင်း (ကမ္ဘာ ၁း၁-၂၇)

၂။ ဘုရားသခင်၏တာဝန်ပေးအပ်ခြင်း (ကမ္ဘာ ၁း၂၆-၂၈၊ ၂း၁၅-၁၇)

၃။ လူသားတို့၏ကျဆုံးခြင်း (ကမ္ဘာ ၃း၁၆)

၄။ အပြစ်ဒဏ်ခံရခြင်းနှင့်သေခြင်း (ကမ္ဘာ ၃း၇-၁၉)

ဘုရားသခင်သည် Mission ဟူသော ပြုစုပျိုးထောင်ခြင်းလုပ်ငန်းအား မစတင်မီ ကြိုတင်ပြင်ဆင်မှုများကို
ပြုလုပ်ထားခဲ့ကြောင်း သူ၏ဖန်ဆင်းသောအမှုအရာအားဖြင့် တွေ့ရှိနိုင်ပါသည်။ စကြဝဠာတစ်ခုလုံးအား ဖန်ဆင်း
ပြီးသည့်နောက်တွင် ဘုရားသခင်သည် ဖန်ဆင်းလေသမျှအရာတို့ကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်မည့်
လူသားကို မိမိ၏ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခဲ့ပါသည်။ (ကမ္ဘာ ၁း၂၆)။ လူသည် ဖန်ဆင်းတော်မူသမျှထဲ



တွင် ဖန်ဆင်းခြင်းအထွတ်အထိပ်ကို ကိုယ်စားပြုသည့် ပုဂ္ဂိုလ်များဖြစ်ပေသည်။ ထိုသို့ လူကိုဖန်ဆင်းပြီးနောက်
ဖန်ဆင်းတော်မူသမျှသော သက်ရှိသက်မဲ့အားလုံးတို့အား အုပ်စိုးရန်အတွက် တာဝန်ပေးအပ်ခဲ့ပါသည်။ လူနေထိုင်
ဘို့ရန်အတွက် အလွန်လှပသော ဧဒင်ဥယျာဉ်ကိုစိုက်ပျိုး၍ နေရာချခဲ့ပါသည်။ ထိုဥယျာဉ်ကိုပြုစုစောင့်ရှောက်ရန်
တာဝန်ပေးအပ်ရုံမျှမက ဆောင်ရမည့်အရာနှင့် ရှောင်ရမည့်အရာများအားလည်း ပညတ်ထားခဲ့ကြောင်း တွေ့ရှိရ
သည် (ကမ္ဘာ ၂း၁၅-၁၇)။ ထို့ပြင် လူအတွက် အထောက်အမဖြစ်စေခြင်းငှာ လူ၏နံရိုးဖြင့် လူမိန်းမအား ဖန်ဆင်း
ခဲ့ပါသည် (ကမ္ဘာ ၂း၂၁)။ ဤသို့ဖြင့် ဘုရားသခင်သည် သူ၏လုပ်ငန်းတွင် လူယောကျ်ားနှင့် လူမိန်းမကိုအသုံးပြု
ခြင်းဖြင့် စတင်၍လုပ်ဆောင်ခဲ့ပါသည်။

သို့သော် ဘုရားသခင်၏ ဆောင်ရွက်စေလိုသော Mission ပြုစုပျိုးထောင်ခြင်းလုပ်ငန်းမှာ မထင်မှတ်သော
ဖြစ်ရပ်ကြောင့် ပျက်သုဉ်းသွားခဲ့ရသည်။ ထိုသို့ ပျက်သုဉ်းသွားခဲ့ရခြင်း၏ အကြောင်းရင်းမှာ လူတို့၏ မနာခံမှု
ကြောင့်ပင်ဖြစ်ပါသည်။

မြွေသည် ဖန်ဆင်းတော်မူသော မြေတိရစ္ဆာန်တကာထက် လိမ္မာသောသတ္တဝါဖြစ်သည်ကို စာတန်သိသော
ကြောင့် မိမိကိုယ်ကို မြွေသဏ္ဌာန်ဆောင်လျက် လူမိန်းမအား ဖြားယောင်းသွေးဆောင်ခဲ့ပါသည် (ကမ္ဘာ ၃း၁-
၆)။ လူမိန်းမသည် အပင်၏အဆင်းလှခြင်း၊ စားဘွယ်ကောင်းခြင်း၊ နှစ်သက်ဘွယ်အပင်ဖြစ်ခြင်းကို တွေ့မြင်ရ
သောအချိန်၌ မိမိစောင့်ထိန်းရမည့် စည်းကမ်းချက်နှင့် တာဝန်များကို မေ့လျော့ကာ ထိုအသီးကိုယူ၍စားမိခဲ့ပါ
သည်။ ထိုမျှမက မိမိခင်ပွန်းအားလည်းပေး၍ ထိုသူလည်း စားခဲ့မိပါသည် (ကမ္ဘာ ၃း၆)။ ဤအဖြစ်အပျက်သည်
လူယောကျ်ားနှင့် လူမိန်းမတို့၏ မနာခံခြင်းအဖြစ်အား မီးမောင်းထိုးပြနေပါသည်။ သူတို့သည် မိမိတို့၏တပ်မက်
ခြင်းနောက်သို့လိုက်၍ ဘုရားသခင်၏အမိန့်တော်ကို ဖီဆန်ခဲ့ပါသည်။ ထိုအချိန်မှစ၍ လူသားတို့၏ကျဆုံးခြင်း
အခြေအနေသို့ ဆိုက်ရောက်ခဲ့လေသည်။ ဘုရားသခင်သည် လူသားတို့အား လွတ်လပ်ခွင့်ပေးသော်လည်း ထိုလွတ်
လပ်ခွင့်ကို အခွင့်ကောင်းယူ၍ မိမိတို့စိတ်ကြိုက်အသက်ရှင်ရန်ဟူသော ဆန္ဒဖြင့် ပေးထားခြင်းမဟုတ်ပေ။ ဘုရား
သခင်ပေးသောလွတ်လပ်မှု၌ အကန့်အသတ်ရှိပါသည်။ ကမ္ဘာဦးကလူယောကျ်ားနှင့် လူမိန်းမတို့သည် ဘုရား
သခင်ပေးသောလွတ်လပ်မှုအား အခွင့်ကောင်းယူကာ သတ်မှတ်ထားသော စံနှုန်းကိုကျော်လွန်၍ ပြုမူခဲ့သည့်အ
တွက် နောက်ဆုံးရရှိသည့်ရလဒ်မှာ အပြစ်ဒဏ်ခံရခြင်းပင်ဖြစ်သည်။ (ကမ္ဘာ ၃း၁၆-၁၉) မိမိတို့လုပ်ဆောင်ခဲ့သော
အပြုအမူတစ်ခုက လူသားတစ်ရပ်လုံးအား သေခြင်းသို့ရောက်ရှိစေခဲ့သည်။ ရောဂါဝေဒနာနှင့် ပင်ပန်းခြင်းဒုက္ခ
ဆင်းရဲခြင်းကို ကြုံတွေ့စေခဲ့သည်။ သူတို့နှစ်ဦး၏ မနာခံမှုကြောင့် ယခင်က ရရှိခဲ့သည့်အခွင့်အာဏာကို ဘုရား
သခင်ပြန်လည်ရုပ်သိမ်းပြီး ဧဒင်ဥယျာဉ်ထဲ၌ နှင်ထုတ်ခြင်းခံခဲ့ရသည်။ ထာဝရအသက်နှင့် ဖြတ်တောက်ခံရပြီး
အပြစ်တရားကြောင့် မလွဲမကန်သေခဲ့ရသည်။ (ကမ္ဘာ ၃း၂၃-၂၄)

ဤသို့ဖြင့် (ကမ္ဘာ ၁း၂၃) ကို လေ့လာကြည့်ပါက ဘုရားသခင်သည် လူတို့အား သူ၏အမှုတော်မြတ်၌
ပါဝင်ဆောင်ရွက်ရန် ပထမဦးဆုံးစေလွှတ်သော ပုဂ္ဂိုလ်ဖြစ်ကြောင်းတွေ့ရှိရသည်။ သို့သော် လူသားတို့၏ မနာခံ
မှုကြောင့် သူ၏ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောလုပ်ငန်းမှာ ပျက်သုဉ်းသွားခဲ့ရပါသည်။

ထို့ကြောင့် ဘုရားသခင်ကိုယုံကြည်ကိုးစားနေသော ကျွန်ုပ်တို့တစ်ဦးစီအနေဖြင့် မိမိတို့အသက်တာကို
ပြန်လည်ဆန်းစစ်ကာ ဘုရားသခင်သည် ကျွန်ုပ်တို့အား မည်သည့်နေရာ၌ စေခိုင်းနေကြောင်း သိရှိနားလည်ပြီး
အစွမ်းရှိသမျှ နာခံမှုပြည့်ဝစွာနှင့်အတူ အမှုတော်မြတ်၌ ပါဝင်ဆက်ကပ်လုပ်ဆောင်ရပေမည်။◆

မြတ်ဆုလင်း (စတုတ္ထနှစ်)

Reference:
1. Myanmar Study Bible
2. ဆရာကြီးဦးအောင်လှထွန်း၏ Mission of the Church Lecture များထဲမှ ကောက်နုတ်၍တင်ပြထား
သည်။

### တွေ့ဆုံခြင်း
# ရှာလုမ်မဂ္ဂဇင်း

*** ယခု ဆရာမတို့လုပ်ဆောင်နေတဲ့ မိခင်အသင်းရဲ့စီမံကိန်းလုပ်ဆောင်မှုတွေထဲက ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်ပြီး ပြောပြစေချင်ပါတယ်။**

ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်ပြီး ယခင် ယခင်နှစ်များက သူနာပြုသင်တန်းများ (မူဆလင်ဆေးရုံ) နဲ့ သူနာပြုအကူသင်တန်းများ (စန္ဒီဒေဝီ၊ စခန်းသာ) မှသင်တန်းသူများ မြောက်များစွာ မြူစုမွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ မိခင်အချို့ပြည့်တော်တော်များများလည်း မူဆလင်ကုသိုလ်ဖြစ်ဆေးရုံကနေ သူနာပြုသင်တန်း (မူဆလင်) မှ တတ်မြောက်အောင်မြင်ပြီး အခုအချိန်တွင် လုပ်ငန်းခွင်ဝင်ကာ အသင်းတော်အတွက် တစ်ထောင့်တစ်နေရာမှ ပြန်လည်ဆက်ကပ်နေသူများလည်းရှိပါတယ်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ မိခင်များအသင်း၏စီမံကိန်းများခေါင်းစဉ်အောက်မှာ သက်ကြွယ်၊ ဟာနွ၊ စိုက်ပျိုးမွေးမြူရေး၊ မူကြိုနေ့ကလေးထိန်း၊ ငွေစုငွေချေးနဲ့ ကျန်းမာရေးစီမံကိန်းတွေရှိကြပါတယ်။ စီမံကိန်းရဲ့ ရည်ရွယ်ချက်များကိုလည်း အနည်းငယ်ပြောပြချင်ပါတယ်။



(၁) သက်ကြွယ်ရိပ်သာစီမံကိန်း

အသက်အရွယ်ကြီးရင့်ပြီး အိုမင်းမစွမ်းသော၊ ခိုကိုးရာမဲ့သော၊ ကျောထောက်နောက်ခံမရှိသော အဘိုး၊ အဘွားများ နားခိုစရာနေရပ် လိုအပ်နေသည်ကိုတွေ့ရပြီး ၎င်းဘိုးဘွားများအတွက် ရည်ရွယ်ထားပါတယ်။

(၂) ဟာနွာစီမံကိန်း

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ မိခင်များအသင်း အနာဂတ်မျိုးဆက်သစ်များ အဆက်မပြတ်စေရန် ရည်ရွယ်ပါတယ်။

(၃) စိုက်ပျိုး၊ မွေးမြူရေးစီမံကိန်း

မိခင်အသင်းဝင်များ မိသားစုအတွင်း တစ်ပိုင်တစ်နိုင်လုပ်ကိုင်စေပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် ရည်ရွယ်ပါတယ်။

(၄) မူကြိုနေ့ကလေးထိန်းစီမံကိန်း

သာသနာပိုင်နယ်အတွင်း အသင်းခွဲများရှိ မိခင်များအသင်း၏လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ပါတယ်။ သင်နည်းထောက်ကူများထောက်ပံ့ပေးပါတယ်။

(၅) ငွေစုငွေချေးစီမံကိန်း

မိသားစုများ၏ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ပါတယ်။

(၆) ကျန်းမာရေးစီမံကိန်း

အိမ်ထောင်အတွင်း၊ အသင်းတော်အတွင်း၊ ပတ်ဝန်းကျင်အတွင်း ကျန်းမာရေးအမြင်ပွင့်စေရန် ရည်ရွယ်ပါတယ်။

အခုအခါမှာတော့ သူနာပြုအကူသင်တန်းများ (စန္ဒီဒေဝီ၊ စခန်းသာ) ကို ရန်ကုန်သာသနာပိုင်နယ်၊ မိခင်များအသင်းမှဦးစီးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဗဟိုချုပ်မိခင်များအသင်းနေဖြင့် ယခုနောက်ပိုင်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေသော ကျန်းမာရေးကဏ္ဍမှာ HIV, AIDS စီမံကိန်း ဖြစ်ပါတယ်။

*** ဒီလုပ်ငန်းကို စတင်လုပ်ဆောင်ဖို့ဖြစ်လာတဲ့ အကြောင်းအရင်း၊ တွန်းအားက ဘာလဲ၊ ဘယ်အချိန်က စတင်ခဲ့ပါသလဲ?**

HIV, AIDS ဟာ ဒီနေ့ လူသားတို့ရဲ့အသက်ရှင်နေထိုင်မှုကို ခြိမ်းခြောက်နေသော ကြောက်မက်ဖွယ်ရာ ရောဂါဆိုးကြီးဖြစ်ပါတယ်။ ရောဂါကာကွယ်ရန် ဆေးမရှိသလို ရောဂါပျောက်ကင်းအောင်ကုသပေးနိုင်သော ဆေးဝါးများလည်း မရှိသေးဘူးဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ထိုရောဂါဆိုးအတွက် အထိရောက်ဆုံးသော ကာကွယ်နည်းမှာ ပညာပေးခြင်းပင်ဖြစ်ပါတယ်။ ဒါကြောင့် မိခင်များအသင်းအနေနဲ့လည်း တစ်ဖက်တစ်လမ်းမှပါဝင်သင့်ပြီလို့ ရူပါရုံရရှိခဲ့ပါတယ်။ ဒီစီမံကိန်းကို ၂၀၀၂ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီရဲ့ပံ့ပိုးမှုနဲ့ မိခင်များအသင်းမှ ဦးဆောင်ပြုလုပ်ခဲ့ပါတယ်။

*** ဘယ်လိုစီမံကိန်းတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေပါသလဲ?**

စီမံကိန်းရဲ့တည်နေရာအဖြစ် ကရင်ပြည်နယ် (ဘားအံသာသနာပိုင်နယ်၊ တောင်ငူသာသနာပိုင်နယ်) မှာ စတင်လုပ်ဆောင်ခဲ့ပြီး ၂၀၀၄ခုနှစ်မှစတင်ကာ မြစ်ဝကျွန်းပေါ်ဒေသန္တရနယ်မှာ လုပ်ဆောင်ခဲ့ပါတယ်။ ဒီနယ်မှာ အမြင်ဖွင့်သင်တန်းများ၊ နှစ်သိမ့်ဆွေးနွေးပညာပေးသင်တန်းများကို အခါအားလျော်စွာ ပြုလုပ်ပေးနေပါတယ်။

ရောဂါရှိတယ်လို့ဝန်ခံလာတဲ့မိတ်ဆွေများကိုလည်း ဖိတ်ခေါ်ပါဝင်စေပြီး သင်တန်းများမှာ ဝေမျှသက်သေခံကြ ပါတယ်။ မိတ်ဆွေများအတွက် စားဝတ်နေရေးပံ့ပိုးမှုများ၊ မိဘမဲ့ကလေးများကို ပညာသင်ထောက်ပံ့ကြေးများ နှစ်စဉ်ပံ့ပိုးပေးနေပါတယ်။

*** အဓိက ဦးတည်ချက်ကဘာလဲ?**

ဒီစီမံကိန်းကိုပြုလုပ်ရသည့်ဦးတည်ချက်မှာလည်း HIV, AIDS ကြောင့် လူ့ဘောင်လောကကြီးတွင် သိမ်ငယ်စွာနေကြရသောသူများကိုအားပေးခြင်း၊ တစ်ဖက်က အသင်းတော်မှလည်းကောင်း၊ လူ့အဖွဲ့အစည်းများမှလည်း ကောင်း စာနာနားလည်ပြီး ပံ့ပိုးကူညီပေးရန်ဖြစ်တယ်။

*** ဘယ်အတိုင်းအတာထိရောက်နေပြီလဲ?**

စီမံကိန်းလုပ်နေတဲ့နေရာတွေမှာတော့ အတော်များများ အမြင်ပွင့်လာတာကို တွေ့ရပါတယ်။ ကျွန်မတို့လုပ်ဆောင်နေတဲ့ ဝင်ငွေအတိုင်းအတာနဲ့ကြည့်ရင် အောင်မြင်တဲ့အခြေအနေမှာရှိပါတယ်။ အကျိုးဆောင်ဝန်ထမ်းတွေတော့ အများကြီး လိုအပ်တာပေါ့။

*** အနာဂတ်အတွက် ဘယ်လိုမျှော်ရည်ထားရှိသလဲ?**

အသင်းတော်ရဲ့ လူ့ဘောင်လောကကြီးကို အန္တရာယ်ပြုနေတဲ့ HIV, AIDS ကာကွယ်တားဆီးရန် လူတိုင်းပါဝင်မှုသည်အရေးကြီးပြီး အထူးလိုအပ်သောကဏ္ဍတစ်ခုဖြစ်ပါတယ်။ စီမံကိန်းကို မိခင်များအသင်းက ဆက်လက်လုပ်ဆောင်နေမှာဖြစ်ပါတယ်။ မိခင်များအသင်းသာမက အသင်းတော်များကလည်း ပိုမိုစိတ်ဝင်စားလာစေရန်နဲ့ လူသားတစ်ဦးအနေဖြင့် ဘုရားပေးတာဝန်ဟုမှတ်ယူပြီး မဖြစ်မနေလုပ်ဆောင်ရမယ့်ကဏ္ဍတစ်ခုဖြစ်ပါတယ်။ မိခင်များအသင်း၏လုပ်ဆောင်မှုဟာ ပြီးပြည့်စုံသောအဆင့်အထိ မရောက်နိုင်သေးသော်လည်း အတိုင်းအတာတစ်ခုအထိ ဗဟုသုတများနဲ့ နည်းပညာများ မြောက်များစွာ ရရှိကြမှာဖြစ်ပါတယ်။

*** ဒီလုပ်ငန်းကအသင်းတော်ကို ဘယ်လိုနည်းနဲ့ ပံ့ပိုးနေပါသလဲ?**

မိခင်များအသင်းဟာ အသင်းတော်ရဲ့မဏ္ဍိုင်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် မိခင်များအသင်းရဲ့ဆောင်ရွက်မှုဟာလည်း အသင်းတော်ရဲ့လုပ်ဆောင်မှုတစ်ခု ဖြစ်ပါတယ်။❑





အလင်းတစ်စက်ရဲ့ ရင်ခုန်သံ

# အမောပြေ

သူက ရုပ်မချောပါဘူး။ ကြည့်လိုက်ရင် ရွက်ကြမ်းရေကျိုလောက်ပေါ့။ အရပ်ကပုပုနဲ့ နဖူးကလည်း ပြောင်ပြောင်ပဲ။ သူ့ရဲ့မျက်နှာကျပုံကလည်း သိပ်ဆွဲဆောင်မှုမရှိတဲ့အပြင် မျက်နှာပြင်ပေါ်မှာ နှာခေါင်းကလည်း ကောက်နေသယောင်ယောင်၊ မျက်လုံးမျက်ဟန်ကလည်း စွေသယောင်ယောင်ပေါ့။ အားလုံးကိုခြုံကြည့်လိုက်ရင် လူချောလို့မပြောနိုင်သလို လူခန့်လို့လည်း မဆိုနိုင်ဘူးလေ။ ဒါပေမယ့် သူ့ကို ကျွန်မ တစ်သက်မမေ့ဘူးသိလား? ဘာဖြစ်လို့လဲဆိုတော့ သူက ကျွန်မရဲ့ "အသက်ဝိညာဉ်ကို ရှင်သန်စေခဲ့သူ" ဖြစ်လို့ပါ။ သူ့ရဲ့ ပင်ကိုယ်ရုပ်ရည်ကတော့ ကြည့်လိုက်ရင် လူကိုဆွဲဆောင်နိုင်တဲ့အချက်တွေမရှိပေမယ့် သူ့ရဲ့ အပြော၊ အဟောတွေနဲ့ အချက်ကျကျ ပိုင်ပိုင်နိုင်နိုင် ဆွေးနွေးတင်ပြမှုတွေကတော့ တစ်ဖက်ကမ်းခတ် တတ်ကျွမ်းတဲ့ ဓမ္မဆရာတစ်ပါးပါ။


ကျွန်မရဲ့ ဇာတိချက်ကြွေကတော့ တွာတီရဲ့မြို့ဖြစ်ပေမယ့် ဒီမြို့လေးမှာအခြေချပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေတာပါ။ ကျွန်မရဲ့ အဓိကစီးပွားရေးလုပ်ငန်းကတော့ အထည်အလိပ်တွေရောင်းဝယ်တဲ့လုပ်ငန်းပေါ့။ ဒီမြို့လေးကို ဖိလိပ္ပိမြို့လို့ခေါ်တယ်။ ဒီမြို့က မြေဩဇာကောင်းလို့စိုက်ပျိုးရေးလည်းဖြစ်ထွန်းတယ်။ ရွှေတွင်းတွေလည်း ရှိတယ်ဆိုတော့ မြို့သူမြို့သားတွေဟာ အတော်တန်ချမ်းသာကြွယ်ဝကြပါတယ် မာကေဒေါနိပြည်ရဲ့မြို့တော်မဟုတ်ပေမယ့် အရေးပါအရာရောက်တဲ့မြို့လေးတစ်မြို့ဖြစ်လို့ ဂုဏ်ယူဝင့်ကြွားစရာတွေကြီးပဲပေါ့။

တစ်နေ့တော့ သူရယ်၊ သူ့သူငယ်ချင်းသုံးယောက်ရယ် ကျွန်မနေတဲ့မြို့လေးကို ရောက်လာကြတယ်။ သူ့သူငယ်ချင်းတွေကတော့ သိလနဲ့ တိမောသေလို့ခေါ်တဲ့ လူငယ်လေးနှစ်ယောက်ရယ်။ ဆေးဆရာတစ်ပါးဖြစ်တဲ့ လုကာ ရယ်ပါ။ ကျွန်မလည်း ဥပုသ်နေ့ဖြစ်လို့ မြစ်ကမ်းနားဘေးမှာရှိတဲ့ တရားဇရပ်ကိုတရားနာဖို့ သွားခဲ့တယ်။ တကယ်တော့ ကျွန်မက ဂျူးလူမျိုးမဟုတ်ပါဘူး။ ဒီမြို့လေးကိုရောက်ပြီးမှ ဂျူးတွေရဲ့ဘာသာတရားကို လေ့လာရင်းနဲ့ သူတို့ကိုးကွယ်တဲ့ "တစ်ဆူတည်းသော ယေဟောဝါဘုရား" ကိုကိုးကွယ်ခဲ့တာပါ။ အရင်ကတော့ ကျွန်မတို့ ဘိုးဘွားဘီဘင်တွေကိုးကွယ်တဲ့ နတ်ဘုရားတွေကိုပဲကိုးကွယ်ခဲ့တာပါ။ တရားဇရပ်ကိုရောက်တော့ ကျွန်မပြောနေတဲ့သူဆိုတဲ့ "ရှင်ပေါလု" ကတရားဟောနေတယ်။ ကျွန်မလို အမျိုးသမီးတွေ အများကြီးပဲ တရားနာနေကြတယ်။ ကျွန်မလည်း သူတို့နဲ့အတူထိုင်ပြီး သူ့ရဲ့တရားကိုနားထောင်နေခဲ့တယ်။ သူဟောတဲ့တရားက ကျွန်မတစ်ခါမှ မကြားဖူးတဲ့

# နှလုံးသားထဲကသစ္စာစကား

## လှိုင် [ဂဘော်မေ]

II year



ကဗျာဖွဲ့မလောက်တဲ့ တစ်ဝုန်းဝုန်းရွာကျနေတဲ့မိုးတွေကို 'ကေး' တစ်ယောက် အဆောင်ပေါ်မှနေ၍ အဓိပ္ပာယ်မဲ့စွာ ကြည့်နေစဉ်တွင် "ကျွန်တော် စာမေးပွဲအောင်တယ်ဟေ့" လို့ ပျော်ရွှင်စွာခုန်ပေါက်နေတဲ့ လူငယ်လေးရဲ့အသံကို ကြားလိုက်ရတဲ့အချိန်မှာ 'ကေး' ရင်ထဲမှာ ပျော်သလိုလို၊ ဝမ်းနည်းနေသလိုလို ခံစားနေရတယ်။ ဩော် . . . ဘာလိုလိုနဲ့ 'ကေး' ဓမ္မတက္ကသိုလ်၊ ဒုတိယနှစ်တောင် ရောက်နေပါလား။ သိပ်မကြာသေးတဲ့အတိတ်က အဖြစ်အပျက်လေးကို 'ကေး' ပြန်သတိရလာတယ်။



"ဟော့ . . 'အထွန်း' ဘာဖြစ်လို့ အခုမှလာတာလဲ၊ 'ကေး' စောင့်နေတာကြာပြီ . . အင်း ထားပါတော့ ဒီနေ့ည 'ကေး' တို့ ဘုရားကျောင်းကလူငယ်တွေ Carol ထွက်မယ်။ လူနည်းလို့ 'အထွန်း' ပါ အဖော်လိုက်ခဲ့နော်"

"စာမေးပွဲလည်းနီးနေပြီဆိုတော့ ဖေကြီးနဲ့မေကြီးက ကြိုက်မှာမဟုတ်ဘူး . . ဒါပေမယ့် 'အထွန်း' ဖြစ်အောင် လာခဲ့မယ် စိတ်ချ . . ."

'အထွန်း' မှာ ဖျတ်လတ်ပြီး ပွင့်လင်းတယ်၊ ခေတ်ဆန်တယ်။ ပြီးတော့ ငယ်ငယ်ကတည်းကကျောင်းအတူနေလာခဲ့တဲ့ 'ကေး' ကို သံယောဇဉ်ရှိတယ်။ ဒါပေမယ့် 'အထွန်း' ရဲ့အဖေ၊ အမေ မိသားစုအသိုင်းအဝန်းဟာ ဘာသာခြားတွေဖြစ်နေတယ်။ အခုလိုမျိုး သူတို့သား 'အထွန်း' နဲ့ 'ကေး' ရဲ့ ခင်မင်မှုသံယောဇဉ်ကို သိပ်မလိုလားကြပေမယ့်လည်း တစ်ဦးတည်းသောသားကို အလိုလိုက်တာကြောင့် မတားမြစ်ဘဲနေကြတယ်။

နွေရာသီရောက်လာတော့ ဆယ်တန်းစာမေးပွဲကြီးလည်း ဖြေပြီးနေကြပြီပေါ့။

"ကေး' . . အားလုံးဖြေနိုင်တယ်မို့လား . . ."

"ကျေးဇူးတော်ပဲ အားလုံးဖြေနိုင်တယ်။ 'အထွန်း' ရော ဖြေနိုင်လား . . ."

"ဖြေနိုင်တယ် . . .'

စာမေးပွဲတွေဖြေပြီးလို့ နွေရာသီ ဥဩရဲ့တေးဆိုသံမပြတ်သလို 'အထွန်း' နဲ့ 'ကေး' ဟာလည်း ခင်မင်မှုမပြတ်ခဲ့ပါဘူး။

'ကေး' ပြတင်းပေါက်မှ အိမ်ရှေ့လမ်းလေးကိုကြည့်ကာ 'အထွန်း' မလာတာ (၁၀)ရက်ရှိနေပြီ။ သူနေမကောင်းဘူးလား . . . ခရီးထွက်နေတာလား။ စိုးရိမ်မှုပေါင်းများစွာနဲ့ 'ကေး' ရင်ထဲမှ 'အထွန်း' အတွက် . . .

"ဘုရားသခင် 'အထွန်း' တစ်ယောက်ကိုစောင့်ရှောက်ပါ" လို့ ဆုတောင်းပြီး "အာမင်" လို့ဆိုစဉ်မှာပဲ . .

"ကေး' . . ဟော့ 'ကေး' ဘာတွေလုပ်နေလဲ"

'ကေး' တစ်ယောက် ခြေတစ်လှမ်းပဲလှမ်းလိုက်တယ်လို့ထင်လိုက်စဉ်မှာ ခြံဝင်းတံခါးဂိတ်သို့ရောက်နေပါပြီ။

"အထွန်း' . . . ဘာဖြစ်လို့လဲ။ အိမ်မလာတာအတော်ကြာပြီ . . ."

"ကေး' ကို 'အထွန်း' ပြောစရာအများကြီးရှိတယ်။ လာ . . 'ကေး' အတွက် လက်ဆောင်ပါလာတယ်"

"အထွန်း' ခရီးသွားတာလား . . ."

"အေး . . . ပြင်ဦးလွင်က အဖွားဆီသွားလည်တာ၊ အရမ်းသာယာတာပဲ။ ဒါပေမယ့် 'အထွန်း' မပျော်ဘူး . . . 'ကေး' ကိုအရမ်းသတိရလို့ အမြန်ပြန်လာတာ"

"အထွန်း' ယူလာတဲ့ လက်ဆောင်က ဘာလဲ"

"ဆွယ်တာလေ . . . 'ကေး' ကြိုက်တဲ့ အပြာရောင်၊ ဒီနှစ်ခရစ်စမတ်ကျရင် ဝတ်ပေါ့"

"ကျေးဇူးတင်တယ် 'အထွန်း'"

'အထွန်း' ပြန်သွားတော့ 'ကေး' တစ်ယောက် ဘုရားသခင်ကို ကျေးဇူးတင်စကားပြောနေရှာတယ်။ စနေနေ့ရဲ့နေ့ခင်းပိုင်း . . . ။

"ကေး' . . . မနက်ဖြန် ဆယ်တန်းအောင်စာရင်းဖွင့်မယ်တဲ့၊ ပျော်စရာကြီး . . ."

"ဟယ် ဟုတ်လား 'ကေး' ရင်ခုန်လိုက်တာ"

"သိပ်လည်း စိတ်မပူနဲ့ 'ကေး' . . . 'ကေး' ရော 'အထွန်း' ရော အောင်မှာ"

တကယ်ပဲ တနင်္ဂနွေနေ့နံနက် 'ကေး' နဲ့ 'အထွန်း' ကျောင်းတော်ကြီးမှာ ပျော်ရွှင်စွာထွက်လာကြပါတယ်။

"အထွန်း' . . အခုဆယ်တန်းအောင်ပြီဆိုတော့ ဘာလုပ်မယ်လို့စိတ်ကူးလဲ"

"ကေး' ကလည်း စိတ်ကူးတယ်ဆိုတာ နိမ့်တာပေါ့။ 'အထွန်း' က နွေရာသီ အဖွားတို့ဆီသွားလည်တုန်းကစုံစမ်းထားပြီးပြီ။ ဗိုလ်လောင်းသင်တန်းတက်မယ်။ စစ်ဗိုလ်လုပ်မယ်"

'အထွန်း' ဂုဏ်ယူအားတက်စွာပြောသော်လည်း 'ကေး' မှာတော့ ဝမ်းနည်းဝမ်းသာနဲ့ . . . ။

"ဒါဆို 'ကေး' ကိုလည်း 'အထွန်း' တစ်ခုမေးမယ်။ ဆယ်တန်းအောင်ရင် လူကြီးဖြစ်ပြီတဲ့ . . လက်ခံလား"

"လူတွေက အဲဒီလိုပဲ ယူဆတော့ ဟုတ်မှာပါ"

'ကေး' ရဲ့အဖြေအတွက် 'အထွန်း' ကျေနပ်သွားတယ်။

"ဒါဆို 'ကေး' နဲ့ 'အထွန်း' လူကြီးဖြစ်ပြီ။ 'ကေး' ကို 'အထွန်း' ချစ်တယ်။ ဒီစကားကို 'အထွန်း' ဒီအချိန်ထိ မြိုသိပ်ထားတာ"

'အထွန်း' စကားပြောပြီး 'ကေး' ကို မရဲတရဲကြည့်နေချိန်မှာ . . .

"ကေး' . . . ဘာလို့ ငိုနေတာလဲ 'အထွန်း' ပြောတာကို စိတ်ဆိုးနေတာလား"

"ကေး' မငိုပါဘူး . . . စိတ်လည်း မဆိုးပါဘူး. . . 'အထွန်း' ကို 'ကေး' နားလည်ပါတယ်။"

"ဒါပေမယ့် 'အထွန်း' . . . 'ကေး' ကို ဆယ်တန်းအောင်ရင်ဘာလုပ်မလဲလို့ မမေးတော့ဘူးလား . . . "

မကျေမနပ်ဖြင့် 'အထွန်း' က . . .

"ဆိုပါဦး . . . ဆရာမကြီးဒေါ်ကေးကေး ဆယ်တန်းအောင်ပြီဆိုတော့ ဘာလုပ်မှာလဲ"

"ကေး' . . . ဘုရားကိုကတိပေးထားတယ်။ ပြီးတော့ အမျိုးသမီးအမှုတော်ဆောင်လည်း အားနည်းတယ်။ ဒါကြောင့်မို့ 'ကေး' ကျမ်းစာကျောင်းတက်မယ်၊ အမှုတော်ဆောင်မယ်"

'အထွန်း' ရင်ထဲမှာတော့ လုံးဝမကျေနပ်ပါ။ တကယ်တော့ 'အထွန်း' ဟာ ဘာသာခြားဖြစ်ပေမယ့် 'ကေး' နဲ့ပတ်သက်ပြီး ခရစ်ယာန်ထုံးတမ်းစဉ်လာများကို များစွာရင်းနှီးသိရှိနေပါပြီ။ အဲဒီနေ့အဖို့ 'ကေး' နဲ့ 'အထွန်း' ရဲ့အပြန်လမ်းကိုယ်စီဟာ မအေးချမ်းပါဘူး။

'အထွန်း' မှာ အိမ်ကိုချက်ချင်းမပြန်ဘဲ "ပစ်တိုင်းထောင်" စားသောက်ဆိုင်ကိုဝင်သွားတယ်။

❑ ❑ ❑ ❑ ❑

"မေကြီး၊ ဖေကြီး သားသားပြန်လာပြီ"

"သားလေး ဘာဖြစ်လာတာလဲ။ တိုးတိုး . . အကျယ်ကြီးမအော်နဲ့။ သားလေးရဲ့ဖေကြီး ဘုရားရှိခိုး၊ ပုတီးစိပ်နေတယ်"

"သား အဲဒါကိုပြောတာပေါ့။ အရမ်းစိတ်ညစ်တယ်။ မေကြီး သားငိုချင်တယ် ဟီး . . . "

ဒီလိုဖြစ်ပြီး နှစ်ရက်ကြာတဲ့အထိ 'အထွန်း' တစ်ယောက် 'ကေး' တို့အိမ် မလာပါ။ နှစ်ရက်ကုန်သွားသော် . . .။

"ကေး' နဲ့ စကားကောင်းကောင်းပြောချင်တယ်"

"ပြောလေ 'အထွန်း' 'ကေး' နားထောင်နေတယ်"

"ကေး' 'အထွန်း' ကိုအဖြေပေးတော့ကွာ။ ပြီးရင် 'အထွန်း' စိတ်ချပြီ။ ဗိုလ်လောင်းတက်မယ်။ စစ်ဗိုလ်ဖြစ်တာနဲ့ 'ကေး' ကို လက်ထပ်မယ်။ ဘယ်လောက်ကောင်းလဲ"

"အထွန်း' . . . စဉ်းစားကြည့် 'ကေး' တို့ 'အထွန်း' တို့က ကလေးမဟုတ်တော့ဘူး။ အဖက်ဖက်က စဉ်းစားရတော့မယ် . . . "

"ကေး' ပြောတဲ့အဖက်ဖက်ဆိုတာ လူမျိုးရေးလား . . .၊ ဘာသာမတူလို့လား . . . "

"ဟုတ်တယ် . . . 'အထွန်း' 'ကေး' 'အထွန်း' ကိုမညာရက်ဘူး။ 'ကေး' နဲ့ 'အထွန်း' ကဘာသာမတူဘူး"

"ဟာ 'ကေး' ကလဲ 'အထွန်း' အခုထိ 'ကေး'တို့ ဘုရားကျောင်းလာတယ်လေ အကုန်ပါဝင်တယ်လေ 'ကေး'တို့ရဲ့တချို့လူငယ်တွေထက်တောင် 'အထွန်း' ပုံမှန်ဘုရားကျောင်းတက်သေးတာပဲ။ နောက်လည်း ဒီလိုပဲနေကြမယ်လေ။"

"အထွန်း' ဒါတွေကပြောရင်လွယ်တယ်။ ဖြစ်လာတဲ့အခါကျရင် ဖြေရှင်းရတာမလွယ်ဘူး"

'ကေး' ဘက်က အခိုင်အမာရပ်နေသည်ကို 'အထွန်း' ရိပ်မိလာပါပြီ။





"ကေး' . . . 'ကေး' 'အထွန်း' အပေါ်မတရားဘူး . . 'အထွန်း' အရင်ကလည်း 'ကေး' ကိုလိုက်လျောတယ်။ နောင်လာမယ့်အချိန်လည်း လိုက်လျောမယ်လို့ 'အထွန်း' ဒီလောက်ပြောနေတာကို 'ကေး' မယုံဘူး။ 'ကေး' ရက်စက်တယ် . . . "

'အထွန်း' မျက်ရည်မကျပါနဲ့ 'အထွန်း' ဒီလိုပြောနေမယ့်အစား 'ကေး' ရင်ထဲကနှလုံးသားလေးကို ခွဲပြီးကြည့်ပါလား . . . ရေတွက်လို့မရအောင် ကြေမွပျက်စီးနေပြီ ဆိုတာကိုလေ။ ပြီးတော့ 'အထွန်း' ဟာ တစ်ဦးတည်းသောသားမဟုတ်လား မိဘစိတ်ချမ်းသာဖို့ အရေးကြီးတယ်။ 'အထွန်း' ကလည်း 'အထွန်း' မိဘတွေကို ချစ်တယ်မဟုတ်လား။ 'အထွန်း' 'ကေး' ကိုစိတ်နာလိုက်ပါ။ မုန်းလိုက်ပါ။ မတူညီမှုများစွာကို ညှိယူလို့ရပေမယ့် 'ကေး' နဲ့ 'အထွန်း' ရဲ့ကြားညှိလို့မရတဲ့မတူညီမှုကို ဒီအခြေအနေနဲ့ပဲ ရပ်စို့လား . . .။

"ကေး' ဘာငိုင်နေတာလဲ 'အထွန်း' မေးတာတစ်ခွန်းလောက် ဖြေပေးပါနော် . . . "

"ကေး' 'အထွန်း' ကို စကားတစ်ခွန်းပြောမယ်။ 'အထွန်း' စစ်ဗိုလ်လုပ်မယ်ဆိုတာကို 'ကေး' အားပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်နိုင်ငံအတွက် အမှုထမ်းတာဟာ ဂုဏ်ယူစရာကောင်းပါတယ်။ ကုသိုလ်လည်းရတယ်။ 'အထွန်း' ကြိုးစားပါ"

"ဟာ . . . ဘာတွေပြောနေတာလဲ 'အထွန်း' ကြားချင်တာ အဲဒီစကားမဟုတ်ဘူး"

"တော်တော့ . . 'အထွန်း' . . 'အထွန်း' ကို 'ကေး' အဲဒီစကားပဲပြောနိုင်တယ်"

"အထွန်း' သိပါပြီ . . . 'ကေး' ချစ်တာ 'အထွန်း' ကိုမဟုတ်ဘူး . . . 'ကေး' ချစ်တာ 'ကေး' ရဲ့ဘာသာပဲ 'အထွန်း' ကြိုးစားမယ် 'ကေး' ကိုမေ့နိုင်ဖို့အတွက်၊ 'အထွန်း' သွားတော့မယ် . . . ဒီနေ့ဟာ 'အထွန်း' ကိုတွေ့ရတာ နောက်ဆုံးနေ့ပါ"

"အထွန်း နေဦး" လို့ အော်ပေမယ့် အသံက လည်ချောင်းမှာပဲ ပျောက်ကွယ်သွားတော့တယ်။ 'အထွန်း' ကို 'ကေး' ချစ်တယ်။ ပြောမပြနိုင်အောင်ချစ်တယ်။ ဒါပေမယ့် 'ကေး' လေ၊ လူသားအားလုံးရဲ့အပြစ်အတွက် အသေခံတဲ့ခရစ်တော်ကိုပိုချစ်တယ်။ ဒါကြောင့် ခရစ်တော်ပြောခဲ့တဲ့ (မဿဲ ၂၈း၁၉-၂၀) မြေကြီးရဲ့ အစွန်းတိုင် သွားပြီး ခရစ်တော်ရဲ့အမှုတော်ကိုဆောင်မှာပါ။ 'ကေး' ရဲ့ ဘုရားပေးတာဝန်နဲ့နှိုင်းယှဉ်ရင် 'အထွန်း' ရဲ့တာဝန်ဟာလည်း နိုင်ငံပေးတာဝန်ပဲလေ။ 'အထွန်း' 'ကေး' ကိုမုန်းပါ။ 'ကေး' ခံနိုင်ပါတယ်။ ဒါပေမယ့် 'အထွန်း' အတွက် 'ကေး' အမြဲဆုတောင်းမေတ္တာပို့နေမယ်ဆိုတာကို ဘုရားရှင်ပဲရေတွက်နေမှာပါ။ 'အထွန်း' နိုင်ငံတော်အတွက် အမှုထမ်းသလို 'ကေး' လည်း ဘုရားရဲ့နိုင်ငံတော်အတွက် သစ္စာရှိရှိအမှုထမ်းသွားမှာပါ. . .။❑

# "ပြန်ခဲ့တော့ကွယ် မြသွေးရယ်"

မြသွေးညို (ပသိမြေ) I BTh.

*၂ကောရိန္သု ၅း၁၇၊ လူမည်သည်ကား ခရစ်တော်၌တည်လျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ . . . ။*

မြသွေးရယ် . . .

မင်းကို ကိုယ်ဘယ်လောက်ထိချစ်လဲဆိုတာ မင်းသိနိုင်မယ် မထင်ပါဘူး . . . မင်းလေးရဲ့ရိုးသားတဲ့အပြုံး၊ ပွင့်လင်းတဲ့စကားသံ၊ အကြင်နာမျက်ဝန်းနဲ့ မြင့်မြတ်တဲ့နှလုံးသားကို ကိုယ် တိတ်တခိုးလေး တွယ်တာမက်မောမိခဲ့တယ်။ မင်းလေးနဲ့ဆုံတွေ့ခြင်းဟာ မင်းအတွက်တော့ အမှတ်တမဲ့ ဖြစ်ချင်ဖြစ်နေမယ် . . . ။ ဒါပေမယ့် ကိုယ့်အတွက်တော့ အမှတ်တရလို့ပြောရင် မင်းလေး ယုံပါ့မလား မြသွေးရယ် . . . ။

ကျောင်းမိတ်သဟာယဘောလုံးပွဲတစ်ခုမှာပေါ့။ ကိုယ်ကစားရင်းနဲ့ ခြေထောက်မှာဒဏ်ရာရခဲ့တယ်လေ။ အားလုံးကလည်း ဘောလုံးပွဲကိုပဲ အာရုံစိုက်ကြတော့ ကိုယ့်ကိုသတိမရကြဘူး . . . ။ ကိုယ့်ခြေထောက်မှာလည်း သွေးတွေ . . သွေးတွေ ဒလဟောစီးဆင်းလာတော့ ကိုယ်တစ်ယောက်ထဲ ဘာလုပ်ရမယ်မှန်းမသိတော့တဲ့အချိန်မှာ မင်းက ပရိသတ်ကြားကထွက်လာတယ်။ ပြီးတော့ မင်းရဲ့လက်ကိုင်ပဝါနဲ့ ကိုယ့်ရဲ့ခြေထောက်ကိုစည်းပေးပြီး ဆေးခန်းကိုပို့ခဲ့တယ်နော်။ မင်းနဲ့ကိုယ်က ဘယ်တုန်းကမှ မသိမခင်ဘူးခဲ့ကြပေမယ့် မင်းရဲ့ကူညီတတ်တဲ့စိတ်ကို ကိုယ် အရမ်းလေးစားသွားတယ်။

အဲဒီအချိန်ကစပြီး မင်းနဲ့ကိုယ် တစ်ခါမှပြန်မတွေ့ဖြစ်ကြတော့ဘူးနော် . . . မင်းရဲ့အကြောင်းကို လိုက်စုံစမ်းရာကနေ မင်းရဲ့နာမည်နဲ့ မင်းဟာ စီးပွားရေးသမား၊ ခရစ်ယာန်တစ်ယောက်၊ မိဘမရှိ၊ တစ်ကောင်ကြွက်ဆိုတာကိုသိခဲ့ရတယ် . . ။ ဒါတွေသိရလို့ မင်းအပေါ် ပိုပြီးသနားလာမိတယ်၊ ကရုဏာသက်လာခဲ့မိတယ် သိလား . . . !

ဘာပဲဖြစ်ဖြစ် မင်းကို ကိုယ်ထပ်တွေ့ချင်တဲ့စိတ်တွေ တစ်ဖွားဖွားပေါ်လာတယ် . . ။ တစ်နေ့မှာ မင်းရဲ့သတင်းတစ်ခုကြားခဲ့ရတယ်။ သတင်းကောင်းတော့မဟုတ်ခဲ့ဘူး . . ။ စီးပွားရေးနယ်ပယ်မှာကျင်လည်ရင်း မင်းရဲ့ဘဝ ပျက်စီးခဲ့ရပြီဆိုတဲ့သတင်းပါပဲ။ ကိုယ်လေ မင်းကို နှမြောတသဖြစ်မိတယ် . . . ကိုယ်တန်ဖိုးထားမြတ်နိုးတဲ့မင်းရဲ့ကိုယ်ကျင့်သိက္ခာကိုဖျက်ဆီးလိုက်ကြပြီ . . . မင်းလေးဘယ်လောက်ထိ နာကျည်း၊ ခါးသီးနေမလဲဆိုတာကိုယ်သိပါတယ်။ မင်းလေးဘယ်လောက်ထိ ယူကြုံးမရဝမ်းနည်းကြေကွဲဖြစ်နေမလဲဆိုတာ ကိုယ်နားလည်တယ်။ ကိုယ်လည်း မင်းလိုပဲထပ်တူခံစားရပါတယ် . . . ။ လူတွေအမြင်မှာတော့ မင်းဟာ အကြွေပန်းတစ်ပွင့်ပေါ့ . . ဒါပေမယ့် ကိုယ့်အတွက် မင်းလေးဟာ ပင်ယံထက်ကပန်းတစ်ပွင့်လို မွှေးကြိုင်လန်းဆန်း၊ လှပနေဆဲပါ . . . မင်းလေးဘဝမြေခခဲ့ရပေမယ့် မင်းလေးရဲ့နှလုံးသားက ထာဝရဖြူစင်နေမယ်ဆိုတာ ကိုယ်ယုံတယ် . . . ။ မြသွေး . . . ဒါကြောင့် မြသွေးရယ် . . . အားမငယ်ပါနဲ့ . . . မင်းလေးရှိတဲ့အရပ်ကနေပြီး ကိုယ့်ဆီကိုအမြန်ဆုံးပြန်လာခဲ့ပါ . . မင်းခိုလှုံမှေးစက်ဖို့ ကိုယ့်ရဲ့ရင်ခွင်ကျယ်ကြီးကိုဖွင့်ထားလိုက်ပါတယ်။ ဘယ်လိုဘဝမျိုး၊ အခြေအနေမျိုးပဲဖြစ်ဖြစ် မင်းအပေါ်မှာထားတဲ့ ကိုယ့်ရဲ့အချစ်ဟာ အရောင်ပြောင်းလဲမသွားဘူးဆိုတာ ယုံပါ . . . ။

ကိုယ့်လိုပဲ မင်းကို အရမ်းနှမြောတသပြီး မင်းပြန်အလာကိုမျှော်နေတဲ့သူတစ်ယောက်ရှိသေးတယ်ဆိုတာ မင်းသိရဲ့လား . . ! အဲဒီသူကတော့ မင်းကိုဖန်ဆင်းထားတဲ့ ဘုရားသခင်ပါပဲ။ မင်းပြန်လာခဲ့ပါ . . ဘုရားသခင်က မင်းကို မငြင်းပယ်ပါဘူး . . မင်းရဲ့ကျိုးပဲ့ကျေမွတဲ့နှလုံးသားနဲ့ဝန်ချတောင်းပန်ပါ . . . ဘုရားသခင်က ခွင့်လွှတ်တဲ့အပြုံးနဲ့ ဆီးကြိုနေမှာပါ . . . ။ အသစ်သောအသက်တာနဲ့ ဘဝကိုပြန်လည်တည်ဆောက်လိုက်ပါနော် . . ။

မြသွေး ပြန်အလာကိုမျှော်နေမယ့် မြသွေးကိုချစ်တဲ့သူနှစ်ဦး . . . ။





# အနှိုင်းမဲ့ချစ်သူ

မစီဆန်ထွယ်အောင်(မိုးညှင်း)

(၁)

သားနဲ့သမီးရယ်၊ မေမေလေ သားနဲ့သမီးကို အရမ်းသတိရတာပဲ။ သားနဲ့သမီးကို မေမေလေ အရမ်းချစ်တယ်။ မှတ်မိပါသေးတယ်လေ။ သားကို ကိုယ်ဝန်ရှိစတုန်းက မေမေ့မှာ သားဦးကိုယ်ဝန်မို့ ပျော်ရွှင်ခဲ့တာအရူးတစ်ပိုင်းပါ။ ကိုယ်ဝန်ရှိပြီဆိုတာ သိလိုက်ရတဲ့အချိန်ကစပြီး ကိုယ့်ကိုယ်ကို အရမ်းဂရုစိုက်ခဲ့တာ မေမေ့အပြင် ဘယ်သူကသိနိုင်မှာလဲ သားရယ်။ လမ်းလျှောက်ရင် မြန်မြန်လျှောက်တတ်တဲ့မေမေလေ . . သားကိုယ်ဝန်ရှိပြီးကတည်းက အရမ်းသတိထားခဲ့တာ . . ။ မှတ်မိပါသေးတယ်၊ သားဖေဖေက 'မိန်းမရယ် ဒီလောက်လည်းမလိုပါဘူး' တဲ့လေ။ မေမေ့သူငယ်ချင်းတွေကလည်း 'မင်းဟာကအရမ်းပိုတယ်' တဲ့။ ဒါပေမယ့် မေမေ ဒီစကားတွေကိုဂရုစိုက်ခဲ့မယ်လို့ သားထင်လား . . ။ ဂရုစိုက်ခဲ့တယ်လို့ သားထင်ရင် သားလုံးဝမှားသွားပြီ။ မေမေလုံးဝကို ဂရုမစိုက်ခဲ့တာ သူတို့ကိုတော့ ဘာမှပြန်မပြောပဲ ပြုံးပြရုံပြုံးဖြစ်ပါတယ်။ သားကိုယ်ဝန်ရှိပြီဆိုကတည်းက အလေးအပင်ကို တတ်နိုင်သလောက် မမတော့ဘူး . . . မေမေ အချဉ်အစပ် ဘယ်လောက်ကြိုက်တယ်ဆိုတာသားသိပါတယ်နော် . . အချဉ်လေး အစပ်လေးမှ မပါရင်

(၃)

အရေပြားဆေးရုံကို ခရစ်ယာန်အဖွဲ့အစည်းတစ်ခုက သင်တန်းလာတက်ကြမယ်လို့ ဆရာဝန်ကြီးပြောတဲ့စကားကိုတော့ နားစွန်နားဖျားတော့ ကြားမိပါရဲ့။ သိပ်တော့လည်း စိတ်ဝင်စားမှုမရှိပါဘူး။ ဒီလိုပဲ ဒီဆေးရုံကို လာလေ့လာနေတဲ့အဖွဲ့တွေက ဒုနဲ့ဒေးပဲလေ။ ပြီးတော့ လူကိုသနားစရာသတ္တဝါတစ်ကောင်အနေနဲ့ ကြည့်ကြတယ်။ ပြီးတော့ လူကိုတွေ့ရင် နှာခေါင်းရှုံ့ကြတယ်၊ နှာခေါင်းလက်အုပ်ကြတယ်။ ဒါတွေက ကျွန်မအတွက် ရိုးနေပါပြီ။တစ်နေ့ ကျွန်မတို့ လူနာတွေနေတဲ့ အဆောင်ကို ယောကျ်ားလေး၊ မိန်းကလေးတွေ စိတ်ထင် ဆယ်ယောက်လောက်တော့ရှိမယ်ထင်ပါရဲ့ လာကြတယ်။ ပြီးတော့ လိုက်နှုတ်ဆက်ကြတယ်။ နှုတ်ဆက်တယ်ဆိုတာ လက်ဆွဲပြီးကို နှုတ်ဆက်တာ ဒီမြင်ကွင်းက ကျွန်မအတွက် ထူးဆန်းတဲ့မြင်ကွင်းဖြစ်နေပါတယ်။ ဒီထက်ထူးဆန်းတာက . . .



"အန်တီ နေကောင်းတယ်နော်"

"အေး . . ကောင်းပါတယ်ကွယ်"

"အန်တီက ငယ်ငယ်ကအရမ်းချောမယ့်ပုံပဲ၊ အခုတောင် ဒီလောက်လှနေတာ"

ကျွန်မ အတော်အံ့ဩမိနေတယ်။ ဒီကလေးတွေ ကျွန်မသားနဲ့သမီးအရွယ်တွေလောက်ပဲရှိမယ်။ လူနာအားလုံးကို တရင်းတနှီး လိုက်နှုတ်ဆက်နေတယ်။

"ကျွန်ဘော်တို့က ဒီမှာ သင်တန်းအကြာကြီးတက်ရမှာဆိုတော့ အားရင် အန်တီတို့ဆီပဲလာလည်ရမှာ"

ဩော် . . ကျွန်မတို့ဆီ လာလည်ချင်တဲ့သူရှိပါသေးတယ်နော်။ ညပိုင်း အိပ်ချိန်လောက်မှာ ဒီသူငယ်လေးတွေ တစ်ဆောင်ပြီးတစ်ဆောင် ဂစ်တာကြီးတီးပြီး သီချင်းတွေလိုက်ဆိုကြသေးတယ်။ ခရစ်ယာန်သီချင်းတွေ ထင်ပါရဲ့။ သူတို့ ညတိုင်းဆိုတဲ့သီချင်းတွေထဲမှာ "တို့အားလုံးအတူတူပဲ၊ မထူးခြားကြပါဘူး။ ရယ်တတ်တယ်။ ပြုံးတတ်တယ်။ ကြင်နာတတ်တယ်" ဆိုတဲ့ သီချင်းဟာ ကျွန်မအတွက် အင်အားတွေဖြစ်ခဲ့ရပါတယ်။ သူတို့လေးတွေက အရမ်းတက်ကြွပြီး တစ်ချိန်လုံးပျော်ရွှင်နေကြပုံရတယ်။ ညနေတိုင်း အားတာနဲ့ လာလာလည်တတ်တယ်။ ညပိုင်းကျတော့ ဂစ်တာတီးပြီး သီချင်းတွေလိုက်ဆိုနဲ့ တစ်ပတ်မပြည့်တပြည့်အချိန်မှာပဲ ဒီကလေးတွေနဲ့ ရင်းနှီးသွားခဲ့တယ်။ သူတို့လေးတွေနဲ့ စကားပြောဆိုရတာကို စိတ်ချမ်းသာတယ်။ သူတို့ဆိုတဲ့ သီချင်းအများစုမှာ ခရစ်တော်က လူတွေအားလုံးကို ဖန်ဆင်းထားတယ်။ ဘယ်လိုအခြေအနေပဲဖြစ်နေဖြစ်နေ၊ သူကတော့ ချစ်နေမှာပဲ ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ စာသားတွေကို မကြာခဏကြားရတော့ သူတို့ဆိုဟန်တွေနဲ့ဆို သိပ်ပြီးအသက်ဝင်လို့ ခရစ်တော်ဆိုတဲ့ သူ့အကြောင်းကိုစိတ်ဝင်စားပြီး မေးကြည့်မိပါတယ်။ လူငယ်လေးတွေကလည်း အားတက်သရော ပြောပြကြတယ်။ ညနေတိုင်း ဆွေးနွေးဖြစ်တယ်။ ဒီလိုပြောဆိုဆွေးနွေးရတာကိုလည်း စိတ်ထဲမှာပျော်ရွှင်မိတယ်။ ခရစ်တော်ကိုလည်း အတော်လေးကြည်ညိုမိတယ်။





လေးစားမိတယ်။ ခရစ်တော်ဟာ လူသားအားလုံးကို ချစ်တယ်ဆိုတာကိုလည်း နားလည်လာရပါတယ်။ တစ်လဆိုတဲ့အချိန်ဟာ အထီးကျန်စွာတစ်ယောက်ထဲဖြတ်သန်းခဲ့ရတုန်းက တစ်နှစ်လောက်ကိုထင်ခဲ့မိတဲ့ကျွန်မဟာ သူတို့လေးတွေနဲ့ ဆွေးနွေးစကားစမြည်ပြောခဲ့တဲ့ အချိန်တွေမှာ ကုန်လွယ်လိုက်တာလို့ ညည်းညူမိတဲ့အထိပါပဲ။ တစ်လပြည့်ပြီဆိုတော့ သူတို့လေးတွေ ပြန်ဖို့အချိန်ရောက်လာပြီပေါ့။ စိတ်ထဲမှာ ထပ်ပြီး တိတ်တဆိတ်ကြေကွဲခဲ့ရပါတယ်။ ဒါပေမယ့် အထီးကျန်မဆန်ခဲ့တော့ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်မကို အဖော်ပြုနိုင်ဖို့ ကျမ်းစာအုပ်လေးတစ်အုပ် သူတို့လေးတွေပေးတဲ့တယ်လေ။ သေချင်တဲ့စိတ်လည်း မရှိတော့ပါဘူး။ အချိန်ရှိတိုင်း အဲဒီကျမ်းစာအုပ်လေးကိုပဲဖတ်နေမိတယ်။ ဘုရားသခင်ဟာ အရာရာကိုတတ်နိုင်တဲ့အရှင်ဖြစ်တယ်ဆိုတာကို ကျွန်မသိရှိခဲ့ပြီလေ။ ပြီးတော့ ကျွန်မ ဘယ်လောက်ပဲ နူနေ၊ နာနေပါစေ၊ ကျိုးပဲ့နေပါစေ သူကအမြဲချစ်နေတယ်ဆိုတာကို သိရှိခဲ့တဲ့ကျွန်မဟာလည်း လောကမှာ အသက်ရှင်တဲ့အချိန်တွေကို အလဟဿ မကုန်စေပဲ ကိုယ်နိုင်သလောက် ဘုရားသခင်ကြိုက်တဲ့ လူသားအကျိုးပြုမယ့်အရာလေးတွေကို ဆောင်ရွက်မယ်လို့ ဆုံးဖြတ်ချက်လေးချခဲ့မိတယ်။

ကျွန်မ အခုတော့ သိလိုက်ပါပြီ။ မောင်နဲ့သား၊ သမီးက ကျွန်မကို ချစ်ခဲ့ပါတယ်ဆိုတာကိုလေ။ ဒါပေမယ့် လူ့ရဲ့အချစ်က ကန့်သတ်ချက်ရှိလို့ ကျွန်မမှာ ဒီရောဂါဆိုးစွဲကပ်တဲ့အခါ မချစ်နိုင်တော့တာပေါ့။ ဘုရားသခင်ရဲ့ အချစ်က အနှိုင်းမဲ့တဲ့အချစ်မို့ ကျွန်မဘယ်လိုအခြေအနေရောက်ရောက်ချစ်နိုင်တာ။ တစ်ခါတစ်လေတော့လည်း ဒီအရေပြားရောဂါစွဲတာကို ကျေးဇူးတင်မိတယ်။ ဒီရောဂါကြောင့် ကျွန်မကို အနှိုင်းမဲ့ချစ်တဲ့ချစ်သူကိုသိနိုင်လို့လေ။ မဟုတ်ရင် ကန့်သတ်ချက်ရှိတဲ့ လူတွေရဲ့အချစ်ထဲမှ ကျွန်မဘယ်လောက်ထိများ ပျော်နေမိမလဲမသိဘူးနော်။ "သခင် . . သခင်ဟာ ကျွန်မအတွက် အနှိုင်းမဲ့ပါ"

အဲဒီလို စဉ်စားမိတဲ့အချိန်မှာ . . .

"ကိုယ့်အတွက် မင်းအချစ်ဟာ အနှိုင်းမဲ့ . . .

အစားထိုးဖို့ ထပ်တူမရှိခဲ့ . . . "

ဆိုတဲ့ သားပါးစပ်က ညည်းညည်းနေတဲ့သီချင်းတစ်ပုဒ်ကို သွားပြီးအမှတ်ရမိပါရဲ့။ ❑

(နွေရာသီ မော်လမြိုင်အနာကြီးဆေးရုံ အမှတ်တရ)



ဒဂုံ၊ ဧရာ (လှိုင်သာယာ)

အဝေးပြေးကားဂိတ် . . . !

မိုးသည်းသည့်နေ့၊ မိုးစက်တွေကြား သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရုန်းကန်နေသည့် လူများကိုကြည့်ရင်း သက်ပြင်းပူကိုရှိုက်ကာ လေပူများကို မှုတ်ထုတ်လိုက်သည်။ မြင်တွေ့ရသမျှ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ခြင်းကင်းမဲ့ကာ ဆူညံသံတွေပြည့်နှက်နေသည်၊ လှုပ်ရှားနေသည့်လူတို့သည် သူတို့၏လက်ရှိဘဝအခြေအနေကို ကျေနပ်ပုံမရသော်လည်း လက်ရှိအဖြစ်မှာတော့ ပျော်ရွှင်နေပုံရသည်။ ဟစ်အော်ရင်း၊ ပြုံးရယ်ရင်း၊ နောက်ပြောင်ကျီစယ်ရင်း၊ အခြေအနေနှင့်အချိန်အခါကို မှီတွယ်ကာ နေတတ်ထိုင်တတ်ကြ၏။

ကျွန်ုပ်မှာ ဤမှာနေရခြင်း၊ ဤအချိန်ခါ ဒီမိုးစက်တွေကြားမနေတတ်၊ မထိုင်တတ် တဖြည်းဖြည်းစိတ်ညစ်လာသည်။ စိတ်ညစ်လွန်း၍ခေါင်းကုတ်မိသည်။ စိတ်ညစ်သည့်အချိန်လွန်ကာ စိတ်တိုလာသည်။ စိတ်ညစ်သည့် အနေအထားမှ စိတ်တိုသည့်အနေအထားသို့ တွန်းပို့လိုက်သည့်အခြေအနေနှင့် အချိန်ခါသည် ရင်မှာလျှို့ဝှက်စွာတည်ရှိနေသည်။ မိမိကိုယ်ကိုယ် ဒေါသလွယ်အိတ်လွယ်ထားသလိုပင် ခံစားရသည်။

ဒီအချိန်မှာ ကျွန်တော့်ဒေါသကိုဖြေရန် ထွက်ပေါက်ရှာမိသည်။ ထီးအမိုးမှကျဆင်းလာသည့် မိုးစက်များကို ရေတွက်ရင်းဒေါသကို ကြိုးစား၍ဖြေသည်။ မိုးစက်တွေကိုရေတွက်နေဆဲ. . . ဟိုတစ်ချိန်က ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်တစ်ခုကို ပြေး၍ မြင်ယောင်မိသည်။ ကိုးတန်းကျောင်းသားဘဝအချိန်က. . .





# ဘာရယ်တော့မဟုတ်
# JONAH

" 'မ'. . 'မ' ကို ကျွန်တော် အရမ်းချစ်တယ်။"

"ဟာ! နင့်ဟာက ဆိုင်းမဆင့်၊ ဗုံမဆင့်ပါလား"

" 'မ'ရယ် အချစ်မှာ ဆင့်ခေါ်စရာလိုလို့လား? 'မ' ကို ကျွန်တော်ချစ်နေတာကြာပြီ. . ။ 'မ' ကျွန်တော့်ကို အဖြေပေးပါတော့ . . . ။"

"ဟေ့ အရူး နင်က အချစ်တယ်ပြောပြီး အခုအဖြေပေးခိုင်းတော့ ငါက စျေးတန်းထဲက ကန်စွန်းရွက်၊ ပဲရွက် မဟုတ်ဘူး နင့်ဦးနှောက်ထဲမြဲမြဲမှတ်ထား. . ။"

"Sorry 'မ' ရယ် ကျွန်တော် 'မ'ကို ချစ်တယ်ဆိုတဲ့စကားလုံးထက် အပိုအဆာပလာတွေ မပြောတတ်လို့ပါ။"

"ပြောတတ်တာ၊ မပြောတတ်တာ ဘာမှမဆိုင်ဘူး၊ နင့်ရဲ့ဆန္ဒစောနေပုံကိုပြောနေတာ . . !

"ဒါဆိုရင် ကျွန်တော်ဘာလုပ်ရမလဲ 'မ' "

"ဘာလုပ်ရမလဲဆိုတော့ စိတ်ရှည်ရှည်နဲ့စောင့်နေပေါ့။"

"စောင့်နေရမယ်၊ ဟုတ်လား?"

"နင် နားမကြားဘူးလား"

"ဒါဆိုရင် ကျွန်တော် ဘယ်အချိန်ထိစောင့်ရမလဲ . . ."

"အဲ. . . နင်ဆယ်တန်းအောင်တဲ့အချိန်အထိ၊ နင် ဆယ်တန်းအောင်မှအဖြေပေးမယ် . . ။"

"ဗျာ ဆယ်တန်းအောင်တဲ့အထိဟုတ်လား?"

"အေး . . ဟုတ်တယ်"


ကျွန်တော်မျက်လုံးပြူးသွားသည်။ "မ"ရဲ့ စကားလုံးများသည် ကျွန်တော့်ရင်ဘတ်ကို ဆောင့်ကန်လိုက်သလို အကြီးအကျယ် feel ဖြစ်မိတယ်။ ဆယ်တန်းအောင်ဖို့ဆိုသည့်အချိန်မှာ စာမေးပွဲမကျခဲ့လျှင် (၂)နှစ်၊ စာမေးပွဲကျခဲ့လျှင် မလွယ်ပေ။

ကျွန်တော့်ရဲ့နှလုံးသားနုနုထဲက ဒေါသထွက်မိတယ်။

"ဒီမှာ "မ" စောင့်ရတဲ့အလုပ်ဆိုရင် ကျွန်တော်သိပ်မုန်းတယ်။ "မ" မချစ်ရင်နေပါစေတော့ ကျွန်တော်သွားတော့မယ်။ "မ"ဆိုတဲ့ မိန်းကလေးတစ်ဦးမှာ ပါးစပ်အဟောင်းသားနှင့် ကြက်သေသေကျန်ရစ်နေခဲ့သည်။ ထိုအဖြစ်က မိုးသည်းသည့်နေ့တစ်နေ့မှာဖြစ်သည်။

ဟိုးကတည်းက စောင့်ဆိုင်းခြင်းကို မနှစ်သက်သည့်အကျင့်သည် ယနေ့ထိပင်။ ဒါပေမယ့် အခုတော့ မိမိမနှစ်သက်သည့်အကျင့်တစ်ခုကို ကြိတ်မှိတ်ပြီး ကျင့်ကြံနေရသည်။ ကျွန်တော် ရင်ဆိုင်နေရသည့်အနေအထားမှာ ဘာမဟုတ်၊ ညာမဟုတ် ကားထွက်မည့် အချိန်ကို အမောတကော တသသနဲ့ စောင့်နေရခြင်းပင်၊ စိတ်ညစ်ရာမှစိတ်တိုရာသို့ တွန်းပို့သည့်အခြေအနေနှင့် အချိန်အခါမှာ "ကား" စောင့်နေရခြင်းပင်မဟုတ်ပါလား ? လုံးဝရင်ခုန်စရာမကောင်းပေ။ ဒါပေမယ့် ဘာတစ်ခုမျှမတတ်နိုင်ပါ။

အခြေအနေနှင့်အချိန်အခါကို ကျွန်တော် အုပ်စိုးခွင့်မရသကဲ့သို့ ဤနေရာ၌ပင် နှစ်သက်ဖွယ်သောအချိန်ရှိနေသည်။ ကျွန်တော် နောင်တရဖို့သင့်နေပြီ စိတ်ဖြေရာထွက်ပေါက် နောင်တရခြင်းကိစ္စသည် စောင့်စရာလိုမည်ဟုမထင် . . . ။


NOW IS **THE ACCEPTABLE TIME.**
( 2 CORINTHIANS 6:2 )
coverjonathan 2004
အသင်းတော်တွင်းကန့်သတ်